# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄)
အမှတ် (၁၇၄)

Established in 1914

**Myanma Alinn Daily**

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်　　၂၀၁၅ ခုနှစ်၊ မတ် ၂၂ ရက်၊ တနင်္ဂနွေနေ့။


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပါကစ္စတန်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော်　မတ်　၂၃**

၂၀၁၅ ခုနှစ် မတ် ၂၃ ရက်တွင် ကျရောက်သော ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မမ်နွန် ဟူစိန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

*စာမျက်နှာ ၃ ကော်လံ ၅* ✳



## ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လားရှိုးဆေးရုံကြီးနှင့် မြို့တိုးချဲ့ရေပေးမည့်လုပ်ငန်းစစ်ဆေး

**နေပြည်တော်　မတ်　၂၂**

လားရှိုးမြို့၌ရောက်ရှိနေသော ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့နံနက်ပိုင်းတွင် လားရှိုးပြည်သူ့ဆေးရုံကြီးသို့သွားရောက်ပြီး ဆေးရုံအုပ်ကြီး၊ ဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

တွေ့ဆုံရာတွင် ဆေးရုံအုပ်ကြီး ဒေါက်တာဒီပါတ်က ဖျားနာကုသတိုးချဲ့လူနာဆောင်၊ ဝန်ထမ်းအိမ်ရာများ၊ ဆေးရုံအုပ်ကြီးနေအိမ်နှင့် လေးခန်းတွဲလေးထပ် ဝန်ထမ်းအိမ်ရာ၊ ခြောက်ခန်းတွဲလေးထပ်ဝန်ထမ်းအိမ်ရာနှင့် ဖျားနာကုသဆောင်သစ်တည်ဆောက်နေမှု၊ ဝန်ထမ်းအိမ်ရာသစ်တွင် တိုးချဲ့ဆောင်ရွက်မည့်လုပ်ငန်းများ၊ JICA နှင့် ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းများ၊ ဆေးရုံကြီးအဆင့်မြှင့်တင်ခြင်းလုပ်ငန်းစီမံချက်များကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက ဆေးရုံအဆောက်အအုံများနှင့်ပတ်သက်ပြီး ဆေးရုံဝင်းတစ်ခုလုံး၏ Master Plan ဖြင့် *စာမျက်နှာ ၈ ကော်လံ ၁* ◆

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မြို့ရေပေးဝေရေးအတွက် ရေတွန်းစက်ရုံတည်ဆောက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)


### ယနေ့ မာတိကာ

အိုင်အက်စ်အဖွဲ့က အမေရိကန်စစ်တပ်ကို အွန်လိုင်းမှ ခြိမ်းခြောက်မှု ပင်တဂွန်စုံစမ်းစစ်ဆေး　စာ ၄

ရှေးဟောင်းဆင်းတုတော်နှင့် ဒင်္ဂါးပြား လာရောက်လှူဒါန်း　စာ ၅

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် နောက်ဆုံးမူကြမ်း အပြီးသတ်ဆွေးနွေးနိုင်ရန် ဆွေးနွေးပွဲ ခေတ္တရပ်နား　စာ ၉




## သင်္ကြန်ကာလ ရေပြတ်လပ်မှုမရှိစေရေး အကန့်အသတ်ဖြင့် ရေပေးဝေပြီး ခွင့်ပြုချက်မရှိ ရေသွယ်တန်းပါက ဥပဒေအရ အရေးယူမည်

သတင်း-ခင်ရတနာ၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန်　မတ်　၂၂**

မဟာသင်္ကြန်ပွဲတော်ရက်များတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် ရေပိုက်လိုင်းများနှင့် အင်းလျားကန်၊ ကန်တော်ကြီးကန်တို့မှရေများကို ခွင့်ပြုချက်မရှိ ရယူသွယ်တန်းသုံးစွဲပါက ဥပဒေအရ အရေးယူသွားမည်ဖြစ်ပြီး ဆက်သွယ်ရေကစားလိုသူများ ခွင့်ပြုမိန့်လာရောက်လျှောက်ထားပါက အမြန်ဆုံးချထားပေးမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)မှ သတင်းထုတ်ပြန်ထားသည်။

ရန်ကုန်မြို့တော်အတွင်း ရေကစားကြသူအချို့ ခွင့်ပြုချက်တောင်းခံခြင်းမရှိဘဲ မီးသတ်ပိုက်ခေါင်းများနှင့် ကော်မတီပိုင်ရေပိုက်လိုင်းများမှ ရေများကို ယူငင်သုံးစွဲခြင်းနှင့် ကန်တော်ကြီးနှင့် အင်းလျားကန်တို့မှ ရေများကို ယူငင်သုံးစွဲကြခြင်းကို ယမန်နှစ်ကတည်းက ကန့်သတ်ထားခဲ့ပြီး ယခုနှစ်တွင်လည်း တရားမဝင်သုံးစွဲပါက ဥပဒေစည်းကမ်းများနှင့်အညီ အရေးယူ *စာမျက်နှာ ၃ ကော်လံ ၁* ✻




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# မီးဘေးသတိအမြဲရှိစေချင်

မီးလောင်မှုဖြစ်စဉ်များကို ခွဲခြမ်းစိတ်ဖြာလေ့လာကြည့်လျှင် မီးဖိုမီး၊ ပေါ့ဆမီး၊ လျှပ်စစ်မီး၊ မသမာသူရှို့မီး၊ တောမီး၊ အလို အလျောက်မီးနှင့် မိုးကြိုးပစ်မှုကြောင့် ဖြစ်ပွားသောမီးဟူ၍ တွေ့ရမည်ဖြစ်ပါသည်။ ယင်းတို့တွင် ဖြစ်ပွားမှုအများဆုံး မီးဘေး အန္တရာယ်မှာ မီးဖိုမီးနှင့် ပေါ့ဆမီးဖြစ်ပါသည်။ ပေါ့ဆမီးသည် ကြောက်စရာအကောင်းဆုံး မီးဘေးအန္တရာယ်ဖြစ်ပါသည်။ လူတို့ ၏ ပေါ့ဆမှု၊ နမော်နမဲ့ပြုမူမှုတို့ကြောင့် ဖြစ်ပွားရသော မီးလောင်မှု ဖြစ်စဉ်သည် အများဆုံးဖြစ်ပါသည်။

ပေါ့ဆမီးလောင်ကျွမ်းမှုအခြေအနေကို လေ့လာကြည့်လျှင် ၂၀၁၃ ခုနှစ်အတွင်း အကြိမ်ပေါင်း ၉၉၀ ဖြစ်ပွားခဲ့ပါသည်။ ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်တွင် မီးလောင်မှုအကြိမ်ပေါင်း ၁၆၂၉ ကြိမ်ဖြစ်ပွားခဲ့ရာတွင် ပေါ့ဆမီးလောင်ကျွမ်းမှုသည် အကြိမ်ပေါင်း ၉၈၇ ကြိမ်ဖြစ်ပွားခဲ့ကြောင်း မီးသတ်ဦးစီးဌာနမှ ထုတ်ပြန်သော စာရင်းဇယားများအရ သိရပါသည်။ ပေါ့ဆမီးသည် စုစုပေါင်း မီးလောင်မှုဖြစ်စဉ်၏ ၆၈ ဒသမ ၅၈ ရာခိုင်နှုန်းရှိသည်ကို လေ့လာ တွေ့ရှိရမည်ဖြစ်ပါသည်။ ၂၀၁၃ ခုနှစ်က ပေါ့ဆ မီးလောင်ကျွမ်းမှု အကြိမ်သည် စုစုပေါင်း မီးလောင်မှု၏ ၅၉ ဒသမ ၁၇ ရာခိုင်နှုန်း ရှိ၍ ၂၀၁၄ ခုနှစ်အတွင်း ၁ ဒသမ ၄၁ ရာခိုင်နှုန်းတိုးလာသည်ကို တွေ့ရမည်ဖြစ်ပါသည်။ ထိုကိန်းဂဏန်းများကို တွက်ဆခြင်းဖြင့် ပေါ့ဆမီးသည် ကျဆင်းသွားခြင်းမရှိဘဲ တိုးလာနေသည်ကို တွေ့နေရပါသည်။ တစ်နည်းအားဖြင့် ပြည်သူများ ပေါ့ဆမီး လောင်ကျွမ်းမှုသည် မည်ရွေ့မည်မျှအလေးထား သတိပြုသင့်ကြောင်း ကို နှိုးဆော်အသိပေးလိုက်ခြင်းဖြစ်ပါသည်။

ပေါ့ဆမီးအများစုသည် မီးဖိုမီးနှင့်မီးကြွင်းမီးကျန်များ၊ ဆေး လိပ်တိုမီး၊ ဖယောင်းတိုင်မီး၊ မီးခွက်မီး၊ ခြင်ဆေးခွေမီးစသည်တို့ ကြောင့် ဖြစ်ပွားလေ့ရှိပါသည်။ မီးဖိုများရှိ မီးကြွင်းမီးကျန်များမှာ ရုတ်တရက် လေတိုက်ချိန်တွင် မီးပွားများ လွင့်စဉ်သွားပြီး မီးလောင်မှုဖြစ်ပွားနိုင်ပါသည်။ သောက်ပြီးဆေးလိပ်တိုများ စည်း ကမ်းမဲ့ပစ်ချခြင်းကြောင့်လည်း မီးလောင်မှုများဖြစ်ပွားလျက်ရှိ ပါသည်။ ဘုရားစင်၊ နတ်စင်တို့၌ ထွန်းထားသော ဖယောင်းတိုင်များ အောက်ခံခွက်မပါဘဲ ထွန်းထားခြင်း၊ လူမရှိချိန် လဲကျသွားခြင်းတို့ ကြောင့် မီးလောင်မှုများဖြစ်ပွားလျက်ရှိပါသည်။ အိပ်ပျော်နေချိန် အောက်ခံ ခွက်မပါသော ခြင်ဆေးခွေများထွန်းထား၍ လူမသိချိန် ကြမ်းပြင်သို့ မီးကူးစက်ကာ မီးလောင်မှုများ ဖြစ်ပွားလျက်ရှိပါ သည်။

ယခုကဲ့သို့ နွေရာသီပူပြင်းချိန်တွင် မီးလောင်မှုဖြစ်ပွားရန် အမြင့်မားဆုံးအခြေအနေဖြစ်ပါသည်။ ရာသီဥတုပူပြင်းခြောက် သွေ့မှုသည် မီးလောင်မှုဖြစ်ပွားရန် အားပေးပါသည်။

သို့ပါ၍ “မြို့ရွာတစ်ခွင်သာစေချင် မီးတွင်မပေါ့နှင့်” ဟူသော ဆောင်ပုဒ်အတိုင်း ပြည်သူတစ်ရပ်လုံးအနေဖြင့် မိမိတို့ ၏စည်းစိမ်ဥစ္စာများ မဆုံးရှုံးရလေအောင် မီးကိုပေါ့ပေါ့ဆဆမပြု လုပ်ကြရန်နှင့် မီးဘေးသတိအမြဲရှိကြစေရန် နှိုးဆော်တိုက်တွန်း အပ်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

## ၂၀၁၅ ခုနှစ် နှစ် (၇၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

- ★ နိုင်ငံတော်၏ မြေထု၊ ရေထုနှင့် လေထုကိုကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထု နှင့်အတူ လက်တွဲညီညီပူးပေါင်းဆောင်ရွက်ရေး။
- ★ နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ပြည်တွင်း ပြည်ပအန္တရာယ်များ၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး။
- ★ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အသက်ပေး ၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

## ဘင်္ဂလားဒေ့ရှ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာဂေါက်သီးရိုက်အသင်းဒုတိယဆုရရှိ



**ရန်ကုန် မတ် ၂၂**

မတ် ၁၁ရက်မှ ၁၄ ရက်အထိ ဘင်္ဂလားဒေ့ရှ် နိုင်ငံ Kurmitola Golf Club, Dhaka မြို့၌ ကျင်းပခဲ့ သော 30th Bangladesh Amateur Golf Championship 2015 ဂေါက်သီးရိုက် ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း(၁၁) သင်းမှ ဂေါက် သီးရိုက် အားကစားသမား ၇၀ ကျော်ပါဝင် ယှဉ်ပြိုင်ကြသည်။

အသင်းလိုက်ပြိုင်ပွဲတွင် မောင်မောင်ဦးနှင့် ကျော်သက်ဦးတို့ပါဝင် သော (မြန်မာအသင်း) က စုစုပေါင်း ၂၉၂ ချက်ဖြင့် ဒုတိယဆုကိုရရှိခဲ့ သည်။ အိမ်ရှင် ဘင်္ဂလားဒေ့ရှ် (A) အသင်းက မြန်မာအသင်းထက် ၁၁ ချက်လျှော့ရိုက်ပြီး စုစုပေါင်း ၂၈၁ ချက်ဖြင့် ပထမရရှိပြီး ထိုင်း အသင်းက စုစုပေါင်း ၂၉၆ ချက်ဖြင့် တတိယ ရရှိကာ သီရိလင်္ကာအသင်းက စုစုပေါင်း ၂၉၇ ချက်ဖြင့် စတုတ္ထရရှိသွားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## စာကြည့်တိုက်ဝန်ဆောင်မှု မြှင့်တင်ရေး အလုပ်ရုံဆွေးနွေး

**ဖန်းမော် မတ် ၂၂**

ကချင်ပြည်နယ် ဖန်းမော်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူဆက်ဆံရေးဦးစီးဌာနရုံးခန်းမ၌ စာကြည့်တိုက်ဝန်ဆောင်မှု မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲအခမ်းနားကို မတ် တတိယပတ် နံနက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစွမ်း ထက်ဝေက အမှာစကားပြောကြားပြီး ပြန်ကြားရေးပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကျော်ထွန်းက အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**



## သီပေါ၌ အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့အထိမ်းအမှတ် ကျင်းပ

**သီပေါ မတ် ၂၂**

အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အထိမ်းအမှတ် အခမ်းအနားနှင့် စာစီစာကုံးကဗျာပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်း အနားကို မတ် ၂၁ ရက်က ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါ မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြညီလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော် က အမှာစကားပြောကြားပြီး မြို့နယ်သစ်တော ဦးစီးအရာရှိ ဦးစိုးမိုးက အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ ကျင်းပရ ခြင်း၏ ရည်ရွယ်ချက်ကိုလည်းကောင်း၊ ပတ်ဝန်းကျင်ထိန်း သိမ်းရေးဆိုင်ရာ စွမ်းစွမ်းတမံ စွမ်းဆောင်ရည် ပထမဆုရ စာရေးဆရာ ဇာဏီဟိန်း (သီပေါ)က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်း ပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အထိမ်း အမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူ ကျောင်းသား ကျောင်းသူခြောက်ဦး၊ ကဗျာပြိုင်ပွဲတွင်ဆုရရှိသူ ကျောင်းသား ကျောင်းသူလေးဦးတို့အား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၂-၃-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၀၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၁၀၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၆ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၆၅၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၈၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၀၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၇၇-၁၀၈၅ |
| ဥရောပ | တစ်ယူရို | ၁၂၀၀-၁၂၁၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၆-၇၈၀ |
| ထိုင်း | တစ်ဘတ် | ၃၁-၃၃.၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၅.၅-၁၆ |
| တရုတ် | တစ်ယွမ် | ၁၆၃-၁၆၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၀-၃၂၅ |

**ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။**

**ခင်ရတနာ-စုစည်းသည်။**

## လျှပ်စစ်ဓာတ်အားသုံးလျှင်

- ဟောင်းနွမ်းနေသည့် လျှပ်စစ်ကြိုးများကို လဲလှယ်ပေးပါ။
- လျှပ်စစ်ဒဏ်ခံကြိုး (Fuse)များကို ခံနိုင်သည်ထက် ပိုမထည့်ပါနှင့်။
- လျှပ်စစ်မီးဖို၊ မီးပူများကို သုံးစွဲပြီးလျှင်(သို့မဟုတ်) လျှပ်စစ်မီးပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်း ဖြုတ်ထားပါ။
- လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်လျှင် ပင်မခလုတ်ကို ပိတ်ပြီး ခြောက်သွေ့သောအဝတ်၊ ပိတ်စ စသည် တို့ဖြင့် ရိုက်ပုတ်၊ ဖုံးအုပ်ငြိမ်းသတ်ပါ။
- လျှပ်စစ်ဝိုင်ယာကြိုးများကို ခံနိုင်ဝန်အားထက် ပိုမသုံးပါနှင့်။
- ချွတ်ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများကို မသုံးပါနှင့်။

ပြည်တွင်းသတင်း

# လာမည့်ရွေးကောက်ပွဲ၌ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲဖြစ်ရန် ဝိုင်းဝန်းဆောင်ရွက်

ရန်ကုန် မတ် ၂၂

သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများနှင့် မြို့နယ်အထောက်အကူပြုကော်မတီဝင်များ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ မင်္ဂလာခန်းမ၌ ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီး အနောက်ပိုင်းခရိုင်နှင့် မြောက်ပိုင်းခရိုင်တို့မှ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



## အခြေခံအုတ်မြစ်ခိုင်မာအောင် ချမှတ်ဆောင်ရွက်မှသာလျှင် အနာဂတ်အတွက် တည်ငြိမ်ဖွံ့ဖြိုးမှုကို ရရှိမည်

ရှေးဦးစွာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်အသီးသီး၏ လက်ရှိအခြေအနေများကို တင်ပြကြစေလိုကြောင်း၊ ယခုခေတ်သည် ပြည်သူများ၏လိုအပ်ချက်ကို အကောင်အထည်ဖော်နေသည့် ခေတ်ကာလဖြစ်ကြောင်းဖြင့် အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက တစ်နှစ်ကျော်ကာလအတွင်း မြို့မိ မြို့ဖများပါဝင်သော အထောက်အကူပြုကော်မတီများ၏ အားကြိုးမာန်တက်ဆောင်ရွက်မှုများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အကျိုးရှိထိရောက်မှုရှိကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစ၍ အစိုးရယန္တရားအုပ်ချုပ်မှုပိုင်း ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားရန်ရှိပါကြောင်း၊ မြို့ပြစီမံကိန်းများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ စနစ်တကျအကောင်အထည်ဖော်မှသာလျှင် ပြည်သူများ၏စားဝတ်နေရေးကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သဖြင့် ခရိုင်အဆင့်ကို အားကောင်းအောင် ဆောင်ရွက်ရန်လိုကြောင်း။

မြို့နယ်အဆင့်တွင်လည်း ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများကို တစ်နေရာတည်း၌ ဝန်ဆောင်မှုအပြည့်အဝပေးနိုင်မည့် လုပ်ငန်းစဉ်ကိုလည်း UNDP နှင့်ပူးပေါင်း၍ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းအပြင် e-Government စနစ်ဖြင့် ရုံးလုပ်ငန်းများ လွယ်ကူလျင်မြန်ပြီး ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများ အဆင်ပြေ ချောမွေ့ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် လုပ်ငန်းစဉ်များကို သကြင်္န်ကာလအပြီးတွင် အရှိန်အဟုန်မြင့်စတင်နိုင်ရန် ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးအဆင့်နှင့် ပြည်နယ်အဆင့်တို့တွင် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပညာရေး၊ ကျန်းမာရေး၊ ဆောက်လုပ်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စည်ပင်သာယာရေးနှင့် လျှပ်စစ်ဓာတ်အားရရှိရေးကဏ္ဍတို့တွင် ဆောင်ရွက်ပြီးစီးမှုအပိုင်းနှင့် ဆောင်ရွက်ဆဲအပိုင်းတို့ကို ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင်နှင့် မြောက်ပိုင်းခရိုင်ရှိ မြို့နယ်ပေါင်း ၂၁ မြို့နယ်မှ တာဝန်ရှိသူများက တစ်မြို့နယ်ချင်းစီအလိုက် တင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ပြည်သူများ၏ လူမှုစီးပွားလတ်တလောလိုအပ်ချက်ကို ဦးစားပေးဆောင်ရွက်ရုံနှင့်မပြီးနိုင်ကြောင်းနှင့် အခြေခံအုတ်မြစ်ခိုင်မာအောင် ချမှတ်ဆောင်ရွက်မှသာလျှင် အနာဂတ်အတွက် တည်ငြိမ်ဖွံ့ဖြိုးမှုကို ရရှိမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက လာမည့်ရွေးကောက်ပွဲတွင် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရန် တည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့ဖြင့် ဝိုင်းဝန်းဆောင်ရွက်သွားရန်လိုကြောင်းနှင့် ရွေးကောက်ပွဲပြီးဆုံးသည်အထိ ရပ်မိရပ်ဖများအားလုံးက ဝိုင်းဝန်းကူညီသွားကြရန် မေတ္တာရပ်ခံပါကြောင်းဖြင့် နိဂုံးချုပ်ပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းခဲ့သည်။

**(သတင်းစဉ်)**

# ပူးတွဲလေ့ကျင့်မှုများပြုလုပ်ရန် မြန်မာအားကစားအဖွဲ့များ တရုတ်နိုင်ငံသို့ ထွက်ခွာ

ရန်ကုန် မတ် ၂၂

၂၀၁၅ ခုနှစ် စင်ကာပူနိုင်ငံ၌ လက်ခံကျင်းပမည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့များ အောင်မြင်မှုရရှိစေရန်အတွက် နိုင်ငံ့ဂုဏ်ဆောင်မည့် အားကစားသမားများအပြင် အလားအလာကောင်းသော လူငယ်မျိုးဆက်သစ်ကစားသမားများကိုပါ အတွေ့အကြုံများ ရရှိစေရန်ရည်ရွယ်၍ Government To Government အစီအစဉ်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ ကူမင်းမြို့၊ နန်နင်းမြို့၊ ကွမ်ကျိုးမြို့များသို့ သွားရောက်ပူးတွဲ လေ့ကျင့်ကြမည်ဖြစ်ရာ ပထမအသုတ်အနေဖြင့် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်လွင်ဦး ခေါင်းဆောင်သော ပြေးခုန်ပစ်အားကစားအဖွဲ့ ၁၉ ဦး၊ ဘိုးလင်းအားကစား အဖွဲ့ရှစ်ဦး၊ လက်ဝှေ့အားကစားအဖွဲ့ ၁၅ ဦး၊ စက်ဘီးအားကစားအဖွဲ့ ၁၁ ဦး၊ ဓားခုတ်အားကစားအဖွဲ့ ၁၉ ဦး၊ သုံးမျိုးစုံ (Triathlon) အားကစားအဖွဲ့ခုနစ်ဦး၊ ကျွမ်းဘားအားကစားအဖွဲ့ ခြောက်ဦး စုစုပေါင်း မြန်မာအားကစားအဖွဲ့ ၈၅ ဦးတို့သည် မတ် ၂၁ ရက် မွန်းတည့် ၁၂ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြသည်။

အဆိုပါအဖွဲ့များသည် မေလကုန်အထိ ပူးတွဲလေ့ကျင့်ကာ ဇွန် ၅ ရက်မှစတင်၍ စင်ကာပူနိုင်ငံတွင် ကျင်းပမည့် (၂၈)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲသို့ ယှဉ်ပြိုင်ရန် ဆက်လက်ထွက်ခွာမည်ဖြစ်သည်။

မြန်မာအားကစားအဖွဲ့သည် ဒုတိယအသုတ်အနေဖြင့် ဧပြီ ၈ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပူးတွဲလေ့ကျင့်မှုများပြုလုပ်ရန် ဆက်လက်ထွက်ခွာမည်ဖြစ်သည်။

**(သတင်းစဉ်)**

*** ရှေ့ဖုံးမှ**

အလားတူ ၂၀၁၅ ခုနှစ် မတ် ၂၃ ရက်တွင်ကျရောက်သော ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မူဟာမက်နဝပ်ဇ် ရှာရစ်ဖ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# မစ္စတာ ဘင်ဂျမင် ကလီးမန့်(တ်)အက်ဟန်အား မြန်မာနိုင်ငံဆိုင်ရာ ဂါနာသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

နေပြည်တော် မတ် ၂၂

ကွာလာလမ်ပူမြို့အခြေစိုက်သည့် ဂါနာသံအမတ်ကြီး မစ္စတာ ဘင်ဂျမင် ကလီးမန့်(တ်) အက်ဟန်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂါနာနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်ရန် ဂါနာသမ္မတနိုင်ငံအစိုးရ၏အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာ ဘင်ဂျမင် ကလီးမန့်(တ်)အက်ဟန်ကို ၁၉၄၈ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဂါနာတက္ကသိုလ်မှ မျက်မှောက်ခေတ် သမိုင်းဘာသာအဓိကဖြင့် ဘွဲ့ရရှိခဲ့ပြီး အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး နယ်သာလန်ဖောင်ဒေးရှင်းတက္ကသိုလ်၏ လူမှုရေးရာပညာရပ်များ သင်ကြားရေးကျောင်းမှ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဆိုင်ရာ မဟာဘွဲ့နှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာစီမံခန့်ခွဲမှု ဒီပလိုမာဘွဲ့တို့ကို ရရှိခဲ့သည်။ ၁၉၇၇ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ ဂါနာပြည်သူ့အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာကျောင်း၌အကြီးတန်းကထိကအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၃ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိဂါနာအစိုးရဝန်ကြီးဌာနများဖြစ်သော လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်ရှာဖွေပေးရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးဝန်ကြီးဌာနနှင့်ပတ်ဝန်းကျင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့၏ အဓိကညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၂၀၀၃ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ အဖွဲ့အစည်းများနှင့် အေဂျင်စီများတွင် အကြံပေးအဖြစ်လည်းကောင်း၊ ၂၀၀၄ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ ဂါနာပြည်သူ့အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးကျောင်းနာယက အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၉ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ဂါနာနိုင်ငံအစိုးရအဖွဲ့၏အတွင်းရေးမှူးအဖြစ် တာဝန် ထမ်းဆောင်ခဲ့သည်။ ၂၀၁၃ ခုနှစ်မှ ယနေ့အထိ ခနသဟာယနိုင်ငံများ၏ ပြည်သူ့အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာအသင်း၊ ဂါနာအရှေ့ဖျား ခရီးသွားလာရေးနှင့် ဝန်ဆောင်မှုကုမ္ပဏီ၊ ဂါနာ- တရုတ် ချစ်ကြည်ရေးအသင်း၊ တရုတ်-ဂါနာ စီးပွားရေးဖွံ့ဖြိုးမှုမြှင့်တင်ရေး၊ ပုပ်ရဟန်းမင်းနှင့်ဆိုင်သော ဂါနာ လူသာရင် ဘုရားကျောင်းနှင့် အစိုးရအဖွဲ့အတွင်းရေးမှူးများ၏ အာဖရိကကောင်စီတို့တွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။ အင်္ဂလိပ်ဘာသာစကားနှင့် ပြင်သစ်ဘာသာစကားပြောဆိုနိုင်သည်။

ကွာလာလမ်ပူမြို့အခြေစိုက်သည့် ဂါနာသံအမတ်ကြီးမစ္စတာ ဘင်ဂျမင် ကလီးမန့်(တ်) အက်ဟန်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂါနာနိုင်ငံ၏အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။ **(သတင်းစဉ်)**

# မိတ္ထီလာမဟာသင်္ကြန် စည်ကားစွာကျင်းပမည်

မိတ္ထီလာ မတ် ၂၂

မိတ္ထီလာ၌ ၂၀၁၅ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ယခင်နှစ်ကဲ့သို့ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

“မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို ယခင်နှစ်ကဲ့သို့ စည်ကားသိုက်မြိုက်အောင် ကျင်းပသွားမှာပါ။ ဒေသခံပြည်သူတွေ အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင်နဲ့ သင်္ကြန်ပွဲတော်မှာ ပါဝင်ရေကစားနိုင်ဖို့အတွက် မြို့မိ၊ မြို့ဖတွေ၊ ဌာနဆိုင်ရာတွေနဲ့ ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်” ဟု မြို့နယ် အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

**ချမ်းသာ(မိတ္ထီလာ)**

*** ရှေ့ဖုံးမှ**

ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ခွင့်ပြုမိန့်များကို သင်္ကြန်အကြိုနေ့ မွန်းတည့် ၁၂ နာရီ နောက်ဆုံးထားကာ ယာယီရေဆက်သွယ်ရန် ခွင့်ပြုမိန့်လျှောက်ထားနိုင်ပြီး ယာယီရေဆက်သွယ်ခွင့် လျှောက်လွှာများကို သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ မြို့နယ် ရေသန့်တာဝန်ခံရုံးများနှင့် မြို့တော်ခန်းမ ဒုတိယထပ်ရှိ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ရုံးခန်းတွင် အခမဲ့ လာရောက်ထုတ်ယူနိုင်ပြီဖြစ်သည်။

ထို့အပြင် သင်္ကြန်ရက်များတွင် ပြည်သူများရေပြတ်လပ်မှု မရှိစေရေးအတွက် ဧပြီ ၁၃ ရက်မှ ဧပြီ ၁၆ ရက်အထိ ရေများကို အကန့်အသတ်ဖြင့် ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။ ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်၊ ဗဟန်းနှင့် ဒဂုံမြို့နယ်များသို့ နံနက် ၇ နာရီမှ ၁၁ နာရီအထိ တစ်ကြိမ်နှင့် ညနေ ၃နာရီမှ ၆ နာရီအထိ တစ်နေ့လျှင် နှစ်ကြိမ်ခွဲကာ ရေပေးဝေသွားမည်ဖြစ်ပြီး အလုံ၊ ကြည့်မြင်တိုင်နှင့် စမ်းချောင်းမြို့နယ်များ၌ နံနက် ၇ နာရီမှ ၁၀ နာရီအထိသာ ရေပေးဝေသွားမည်ဖြစ်သည်။ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ မင်္ဂလာဒုံ၊ အင်းစိန်၊ မရမ်းကုန်း၊ ရန်ကင်း၊ ကမာရွတ်၊ လှိုင်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မြောက်ဥက္ကလာ၊ တောင်ဥက္ကလာ၊ သင်္ဃန်းကျွန်း၊ သာကေတ၊ ဒေါပုံနှင့် ဒဂုံမြို့နယ်များကိုမူ မူလအတိုင်း ရေပေးဝေသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့် သန့်ရှင်းမှု)က သတင်းထုတ်ပြန်ထားသည်။

ဧပြီ ၁၇ ရက် (နှစ်ဆန်း ၁ ရက်) မှ စတင်ကာ မူလအတိုင်း ရေပေးဝေသွားမည်ဖြစ်ပြီး ရေပိုက်များ အရေးပေါ်ပြင်ဆင်ရန် လိုအပ်ပါက မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးများသို့ အချိန်မီ သတင်းပို့နိုင်ပြီး အရေးတကြီး ရေပြဿနာပေါ်ပေါက်ပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)ဌာန ဖုန်း- ၀၁-၂၄၉၆၅၅၊ ၀၁-၃၈၂၉၈၉ တို့ကို ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



ရန်ကုန်မြို့ရှိ ကန်တော်ကြီးရေကန်ကို တွေ့ရစဉ်။

နိုင်ငံတကာသတင်း

# နယူးအော်လိန်းလေဆိပ်၌ ဓားကိုင်တိုက်ခိုက်ခဲ့သူသေဆုံး



**နယူးအော်လိန်း မတ် ၂၂**

သောကြာနေ့က နယူးအော်လိန်း နိုင်ငံတကာလေဆိပ်ရှိ စစ်ဆေးရေးဂိတ်၌ ဓားကိုင်ဆောင်လျက် ရုတ်ရုတ်သဲသဲဖြစ်အောင် ပြုလုပ်ခဲ့သဖြင့် ရဲက ပစ်ခတ်ဖမ်းဆီးခဲ့ရသူမှာ ရရှိသော ဒဏ်ရာများကြောင့် သေဆုံးသွားကြောင်း ရဲကပြောသည်။

အသက် ၆၃ နှစ်ရှိ ရစ်ချတ်ဝိုက်ဆိုသူ အမျိုးသားသည် လုံခြုံရေးအမှုထမ်းတစ်ဦးအား မျက်နှာကို စပရေးဘူးဖြင့် ဖျန်းပြီးနောက် အခြားတစ်ဦးကို ဓားရှည်ဖြင့် တိုက်ခိုက်ခဲ့သည်ဟု ဆိုသည်။ ၎င်းအား ရဲအရာရှိက သေနတ်ဖြင့် သုံးချက်ပစ်ခတ်ပြီးဖမ်းဆီးကာ ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။

စနေနေ့က သတင်းစာရှင်းလင်းပွဲ ပြုလုပ်ရာတွင် အာဏာပိုင်များက မစ္စတာဝိုက်သည် စိတ်ကျန်းမာရေးဆိုင်ရာ ပြဿနာရှိသူဖြစ်သည်ဟု ရှင်းလင်းပြောဆိုခဲ့သည်။

၎င်း၏ခြေထောက်၊ ရင်ဘတ်နှင့် မျက်နှာတို့တွင် ရရှိသော ဒဏ်ရာများကို ကုသမှုခံယူစဉ် စနေနေ့ညနေက သေဆုံးသွားခဲ့ခြင်းဖြစ်သည်။ မစ္စတာဝိုက်သည် လုံခြုံရေးဝန်ထမ်းအား ၎င်း၏ ဓားရှည်ဖြင့် ရန်ပြုရန်ကြိုးစားခဲ့သဖြင့် ရဲအရာရှိ ဟီတာဆလိုင်ဗီက သေနတ်ဖြင့်ပစ်ခတ်ဖမ်းဆီးခဲ့ရသည်ဟုအာဏာပိုင်များက ပြောသည်။ **(ဘီဘီစီ)**

# ဆန္ဒပြဆန့်ကျင်မှုမပြုမီ ဗုံးခွဲတိုက်ခိုက်ခံရ၍ ကိုးဦးမီးလောင်ဒဏ်ရာရ

**တာကာ မတ် ၂၂**

ဘင်္ဂလားဒေ့ရှ်အနောက်တောင်ပိုင်း၌ ဆန္ဒပြဆန့်ကျင်လှုပ်ရှားမှု မဖြစ်ပွားမီ ဗုံးခွဲတိုက်ခိုက်ခံရမှုကြောင့် လူကိုးဦး မီးလောင်ဒဏ်ရာရရှိခဲ့သည်ဟု ရဲက စနေ့နေ့က ပြောခဲ့သည်။

မဒူရာရှိ ထရပ်ကားတစ်စီးပေါ် ခတ်ဆီဗုံးများပစ်ချခဲ့ရာမှ ထရပ်ကားဒရိုင်ဘာအပါအဝင် လူကိုးဦးဒဏ်ရာရရှိခဲ့သည်ဟု အမည်မဖော်လိုသူ အရာရှိတစ်ဦးက ဆိုသည်။ တနင်္ဂနွေနေ့နံနက်မှစတင်ကာ တစ်နိုင်ငံလုံး၌ ၇၂ နာရီကြာအောင် စီတန်းလှည့်လည်ဆန္ဒပြမည်ဟု ဒုတိယဝန်ကြီးချုပ် ခါလီဒါဇီရာ ဦးဆောင်သည့် အတိုက်အခံပူးပေါင်းပါတီ ၂၀ တို့က ကြေညာခဲ့ပြီးနောက် စနေနေ့ညတွင် မီးရှို့တိုက်ခိုက်မှုဖြစ်ပွားခဲ့သည်။ မီးလောင်ဒဏ်ရာပြင်းထန်စွာရရှိခဲ့သူ ငါးဦးကို တာကာဆေးရုံသို့ ပို့ဆောင်မည်ဖြစ်သည်ဟု တာကာအနောက်တောင်ဘက် ကီလိုမီတာ ၁၅၀ အကွာ မဂူရာဒေသမှ အရာရှိက ပြောသည်။ ကြာသပတေးနေ့က မီးလောင်ဒဏ်ရာရရှိခဲ့သည့် ဒရိုင်ဘာမှာ စနေနေ့က သေဆုံးခဲ့သည်။

အဆိုပါဆန္ဒပြမှုသည် ဇန်နဝါရီ ၅ ရက်ကတည်းက နိုင်ငံဖြတ်ကူးသည့် ပို့ဆောင်ရေးလမ်းကြောင်းများကို ပိတ်ဆို့လိုက်ရာမှ စတင်ဖြစ်ပွားခဲ့သည်။ **(ဆင်ဟွာ)**

# အိုင်အက်စ်အဖွဲ့က အမေရိကန်စစ်သည်များအား အွန်လိုင်းမှ ခြိမ်းခြောက်မှု ပင်တဂွန်စုံစမ်းစစ်ဆေး



**နယူးယောက် မတ် ၂၂**

အမေရိကန် စစ်သည် ၁၀၀ အား အိုင်အက်စ်အဖွဲ့က အွန်လိုင်းမှ ခြိမ်းခြောက်ခဲ့မှုအပေါ် စုံစမ်းစစ်ဆေးသွားမည်ဟု အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။

အမည်နှင့် လိပ်စာများပါဝင်သော စာရင်းတစ်ခုနှင့်အတူ ၎င်းတို့အား သတ်ဖြတ်ရန် တိုက်တွန်းသည့် စာတစ်စောင်ကို အိုင်အက်စ်နှင့်ဆက်စပ်သည့် ဝက်ဘ်ဆိုက်ပေါ်တွင် တင်ထားသည်။

သတင်း အချက်အလက်များကို ခိုးယူရရှိခဲ့သည်ဟု အဆိုပါအဖွဲ့က‌ပြောပြီး အမေရိကန်လုံခြုံရေးတာဝန်ရှိသူများကမူ ယင်းအချက်အလက်အများစုမှာ မကာကွယ်ထားသည့်အချက်အလက်များ ဖြစ်သည်ဟု ပြောသည်။ စာရင်းတွင် ပါဝင်သူများကို အဆက်အသွယ်လုပ်နေပြီဖြစ်ကြောင်း US လုံခြုံရေးဌာနမှ ဘီဘီစီသို့ ပြောသည်။

IS Hucking Division ဟု ၎င်းတို့ကိုယ်တိုင် အမည်ပေးထားသော အိုင်အက်စ်အုပ်စု၏ အဆိုပါ စာရင်းထဲပါဝင်သည့် အမေရိကန်စစ်သည်များမှာ အိုင်အက်စ်စစ်ဆင်ရေးတာဝန်များတွင် ပါဝင်သူများဖြစ်သည်ဟု ပြောသည်။ အမေရိကန်ရှိ ၎င်းတို့အား ထောက်ခံသူများကိုလည်း အဆိုပါစာရင်းထဲရှိ အမေရိကန်စစ်သည်များအား သတ်ဖြတ်ရန် ယင်းဝက်ဘ်ဆိုက်ပေါ်တွင် တိုက်တွန်းခဲ့သည်။ "ဒီသတင်းကို အတည်ပြုလို့ မရသေးဘူး။ ဒါပေမယ့် စောင့်ကြည့်နေတုန်းပဲ"ဟု ကာကွယ်ရေးဝန်ကြီးဌာနက မီဒီယာသို့ ပြောသည်။

အမေရိကန်ရေတပ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောခွင့်ရသူတစ်ဦးက ပြီးခဲ့သည့် စက်တင်ဘာက အီရတ်နှင့် ဆီးရီးယားတွင်ရှိ တပ်ဖွဲ့တွေရဲ့ အွန်လိုင်းမှာ ခြေရာခံဖို့ အကြံပေးထားသည်။

အဆိုပါ နှစ်နိုင်ငံလုံးတွင် နယ်မြေချဲ့ထွင်ရန် အိုင်အက်စ်တို့က ကြိုးပမ်းနေခြင်းဖြစ်ပြီး အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်းနှင့် လူနည်းစုများနှင့် ဘာသာရေးအဖွဲ့ဝင်များကို ဆွဲဆောင်ခြင်း အပါအဝင် ၎င်းတို့၏ ရက်စက်သောနည်းလမ်းများသည် တစ်ကမ္ဘာလုံးကို ဒေါသထွက်စေသည်။ **(ဘီဘီစီ)**

# ကုလလုံခြုံရေးကောင်စီ၏ အရေးပေါ် ဆွေးနွေးပွဲတစ်ရပ် ယီမင်၌ကျင်းပမည်

**ကုလသမဂ္ဂ မတ် ၂၂**

ယီမင်၌ လက်ရှိဖြစ်ပွားနေသည့် အရေးအခင်းများနှင့် ပတ်သက်သည့် ကုလသမဂ္ဂအဖွဲ့ဝင် ၁၅ နိုင်ငံတို့ တွေ့ဆုံကြမည့် အရေးပေါ်ဆွေးနွေးပွဲတစ်ရပ်ကို တနင်္ဂနွေညနေ၌ ပြုလုပ်သွားမည်ဖြစ်သည်ဟု ကုလသမဂ္ဂလုံခြုံရေးကောင်စီက စနေနေ့တွင် ပြောကြားသည်။

အရှေ့အလယ်ပိုင်းဒေသ၌ ဖြစ်ပွားနေသည့် ပြဿနာရပ်များကို ကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် တနင်္ဂနွေနေ့ ဒေသစံတော်ချိန် ညနေ ၃ နာရီ၌ တံခါးပိတ်ဆွေးနွေးပွဲ ပြုလုပ်မည်ဟု ကုလသမဂ္ဂမှ ပြောရေးဆိုခွင့်ရှိသူ အရာရှိတစ်ဦးက ဆိုသည်။

အရေးပေါ်အစည်းအဝေး အပြီးသတ်၌ သမ္မတ၏ထုတ်ပြန်ချက်များကို လုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၅ နိုင်ငံက အတည်ပြုပြဌာန်းသွားမည်ဖြစ်သည်ဟု ယူဆရကြောင်း သံတမန်သတင်းရပ်ကွက်များက ဆင်ဟွာသို့ ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

# ဘိုကိုဟာရမ်ကို ထိုးစစ်ဆင်တိုက်ခိုက်စဉ်အတွင်း လူပေါင်း ၁၀၀ ခန့် အစုအပြုံလိုက်သတ်ဖြတ်သွားခဲ့

**ဒါမာဆက် မတ် ၂၂**

ဘိုကိုဟာရမ်တက်ဖရီအကြမ်းဖက်သမားများလက်မှ ထွက်ပြေးလာသူ လူပေါင်း ၁၀၀ ခန့်အား နိုင်ဂျီးရီးယားနိုင်ငံမြို့တစ်မြို့အနီး အစုအပြုံလိုက် သတ်ဖြတ်ထားသည်ကို တွေ့ရကြောင်း ချဒ်တပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။ ချဒ်တပ်ဖွဲ့ဝင်များသည် ဒါမာဆက်မြို့အစွန် တံတားအောက်၌ အဆိုပါ လူသေရုပ်အလောင်းများကို တွေ့ရှိခဲ့ရကြောင်း ဗိုလ်မှူးကြီး အာရူနာက သောကြာနေ့က အေအက်ဖ်ပီသတင်းဌာနသို့ ပြောသည်။ လူသေရုပ်အလောင်းများကို အဆိုပါမြို့အနီး တံတားအောက်နှင့် ပတ်ဝန်းကျင်တွင် ပြန့်ကျဲလျက်တွေ့ရကြောင်း မြင်ကွင်းသို့ ကိုယ်တိုင်သွားရောက်ခဲ့သော ဗိုလ်မှူးကြီးအရူနာက ပြောသည်။

သေဆုံးသူအချို့သည် ခေါင်းဖြတ်သတ်ခံရပြီး အချို့ကို သေနတ်နှင့် ပစ်သတ်ထားကြောင်း အဆိုပါဗိုလ်မှူးကြီးက ပြောကြားသည်။ ဒါမာဆက်မြို့သည် နိုဝင်ဘာ ၂၄ ရက်တွင် ဘိုကိုဟာရမ် သူပုန်လက်သို့ကျရောက်ခဲ့ရကာ လူပေါင်း ၅၀ ခန့် အသတ်ခံရပြီး ၃၀၀၀ ခန့် ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

ယင်းမြို့ကို ချဒ်နှင့် နိုင်ဂျီးရီးယားတပ်များက ကြည်းကြောင်းနှင့်လေကြောင်း ထိုးစစ်ဆင်တိုက်ခိုက်ပြီး တစ်ရက်အကြာ ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ **(ပရက်စ်တီဗွီ)**

# ယီမင်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များ ပြန်လည်ရုပ်သိမ်း




**ဆာနား မတ် ၂၂**

ယီမင်နိုင်ငံတွင် လုံခြုံရေးအခြေအနေပျက်စီးယိုယွင်းနေခြင်းကြောင့် အမေရိကန်လက်ကျန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းပြီဖြစ်ကြောင်း အမေရိကန်တာဝန်ရှိသူများက အတည်ပြုပြောကြားသည်။

အယ်လ်ခိုင်ဒါတိုက်ခိုက်ရေးသမားများက သောကြာနေ့တွင် တိုက်ခိုက်မှု ပြုလုပ်သဖြင့် တောင်ပိုင်းမြို့တစ်မြို့အနီး လေတပ်အခြေစိုက်စခန်းတစ်ခုမှ အမေရိကန်တပ်ဖွဲ့ဝင် ၁၀၀ခန့် ဆုတ်ခွာခဲ့ကြောင်း ယီမင်တာဝန်ရှိသူများက စနေနေ့တွင် ပြောကြားသည်။

ယီမင်နိုင်ငံတွင် ဟူသီသူပုန်၊ အယ်လ်ခိုင်ဒါနှင့် အိုင်အက်စ်တို့ပါဝင်သော လက်နက်ကိုင်ပြိုင်ဘက်အုပ်စုများသည် အကြမ်းဖက်မှုများ တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီက တနင်္ဂနွေနေ့တွင် ယီမင်နှင့်ပတ်သက်၍ အရေးပေါ်အစည်းအဝေးတစ်ရပ် ကျင်းပရန်ရှိသည်။

မြို့တော် ဆာနားကို လွန်ခဲ့သည့်လက ဟူသီသူပုန်များက သိမ်းပိုက်လိုက်ပြီးနောက် ယီမင်သမ္မတ မန်ဆာဟာဒီသည် တောင်ပိုင်း အေဒင်မြို့ ဆိပ်ကမ်းသို့ ထွက်ပြေးခဲ့ပြီးနောက် ကုလသမဂ္ဂသို့ လုံခြုံရေးကူညီပေးရန် မေတ္တာရပ်ခံလိုက်သည်။

ကျူးကျော်ရန်စမှုများကို အမြန်ဆုံးရပ်တန့်ပေးပါရန် သမ္မတဟာဒီက ကုလသမဂ္ဂသို့ စာတစ်စောင်ပေးပို့ခဲ့သည်။ ယီမင်နိုင်ငံ၏ လုံခြုံရေးအခြေအနေမှာ လုံးဝပျက်စီးသွားပြီဖြစ်၍ တပ်ဖွဲ့ဝင်များပြန်လည်ရုပ်သိမ်းရခြင်းဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂျက်ရာစေးက စနေနေ့နှောင်းပိုင်းက ပြောကြားလိုက်သည်။ သို့ရာတွင် ယီမင်နိုင်ငံ၏ အကျပ်အတည်းအတွက် စစ်ရေးအရ ဖြေရှင်းရန် မဖြစ်နိုင်ကြောင်း ၎င်းက ပြောကြားလိုက်သည်။

**(ဘီဘီစီ)**

ပြည်တွင်းသတင်း

# ရှေးဟောင်းဆင်းတုတော်နှင့် ဒင်္ဂါးပြားလာရောက်လှူဒါန်း

**တောင်ကြီး မတ် ၂၂**

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် တောင်လေးလုံးကျေးရွာအုပ်စု ဘုရားနီကျေးရွာနေ ဦးဝင်းထွန်း၏ စိုက်ခင်းထဲမှ တွေ့ရှိခဲ့သည့် ရှေးဟောင်းဆင်းတုတော်နှင့် ဒင်္ဂါးပြားကို မတ် ၂၃ ရက်က ရှမ်းပြည်နယ် အစိုးရအဖွဲ့သို့ လာရောက်အပ်နှံလှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ ရှေးဟောင်းဆင်းတုတော်၏ပုံစံမှာ ဗိဿနိုးမြို့ဟောင်း၌ တွေ့ရသောဆင်းတုတော်နှင့် တူညီနေကြောင်းတွေ့ရပြီး ဆင်းတုတော်၏ ပုံမှာခြေနှစ်ဖက်ကိုချထားပြီး ဘယ်လက်တစ်ဖက်ကို ဒူးပေါ်တွင်တင်ကာ ညာလက်မှာ အဘယမုဒြာပုံဖြစ်ပြီး ပျူခေတ်နှောင်းပိုင်းလက်ရာဖြစ်မည်ဟု ယူဆရသည်။

ဒင်္ဂါးပြားမှာတစ်ဖက်တွင် သီရိဝစ္ဆ (ခေါ်) အိမ်မွန်ပုံပါရှိပြီး အခြားတစ်ဖက်၌ တက်နေဝန်းနှင့် ဗိန္ဒုပြောက်ပါရှိသဖြင့် ပျူခေတ်ဒင်္ဂါးပြားများနှင့်ဆင်တူကြောင်းနှင့် ပညာရှင်များ၏ ခန့်မှန်းချက်အရ ပျူခေတ်နှောင်းပိုင်းပုံဖြစ်ပြီး မိုင်းမော (ပင်လယ်) မြို့ဟောင်းနှင့် ဆက်စပ်မှုရှိနိုင်သည်ဟု ယူဆရသည်။

အဆိုပါဆင်းတုတော်နှင့်ဒင်္ဂါးပြားကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်၊ ရှမ်းပြည်နယ်မှတစ်ဆင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ ဆက်လက်ပေးပို့လှူဒါန်းပြီး သမိုင်းခေတ်ခန့်မှန်းခြင်း၊ ယဉ်ကျေးမှုလက်ရာ ခန့်မှန်းခြင်းများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **နိုင်ထွန်း(TGI)**





# နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

**မဘိမ်း မတ် ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင် မဘိမ်းမြို့နယ်တွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ပညာရေးဌာနတို့ ကြီးမှူးကျင်းပသော ကလေးများအတွက် နွေရာသီယဉ်ကျေးလိမ္မာသင်တန်းကို ကုန်းခါးရပ်ကွက် ကုန်းခါးဘုန်းတော်ကြီးကျောင်းတိုက်၌ မတ် ၂၁ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းကာလမှာ ၁၀ ရက်ကြာမြင့်မည်ဖြစ်ကြောင်း၊ ယခုဖွင့်လှစ်သည့် ယဉ်ကျေးလိမ္မာသင်တန်းပြီးဆုံးသွားပါက အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဓမ္မသင်တန်းကို သင်တန်းဆရာမငါးဦးတို့၏အကူအညီဖြင့် ဆက်လက်ပို့ချမည်ဖြစ်ကြောင်း၊ နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်းတက်ရောက်ကြသည့် သင်တန်းသား ကျောင်းသား ကျောင်းသူများကို သင်တန်းစတင်သည့်ရက်မှ သင်တန်းပြီးဆုံးသည်အထိ အလှူရှင်များစုပေါင်း၍ အာဟာရဒါနများ ကျွေးမွေးလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ယဉ်ကျေးမှုပြတိုက်(ထားဝယ်)သို့ ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများလှူဒါန်း

**ထားဝယ် မတ် ၂၂**

တနင်္သာရီတိုင်းဒေသကြီးအတွင်း နေထိုင်လျက်ရှိသော တိုင်းရင်းသားမျိုးနွယ်စုများ၏ ယုံကြည်ကိုးကွယ်မှု၊ ရိုးရာဓလေ့ထုံးတမ်းများ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ လူနေမှုစနစ်တို့ကို သုတေသီများအနေဖြင့် အလွယ်တကူလေ့လာနိုင်ပြီး ခရီးသွားလုပ်ငန်းများ တိုးတက်လာစေရန်ရည်ရွယ်၍ မတ် ၂၃ ရက်က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တနင်္သာရီတိုင်းဒေသကြီး ယဉ်ကျေးမှုပြတိုက်(ထားဝယ်)သို့ ပြည်သူလူထုမှ ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများ စတုတ္ထအကြိမ် လှူဒါန်းခြင်းအခမ်းအနားကို ကျင်းပသည်။

ယဉ်ကျေးမှုပြတိုက်(ထားဝယ်)သို့ စေတနာရှင် အလှူရှင်များက စတုတ္ထအကြိမ် လှူဒါန်းခဲ့သော ပစ္စည်းများမှာ မြေအုတ်ခွက်ဘုရားတစ်ဆူ၊ ရှေးက အသုံးပြုသော ငှက်ကြီးတောင်ဓားတစ်လက်၊ ယွန်းဆွမ်းချိုင့်လေးဆင့်တစ်အုပ်၊ ဂျပန်ငွေစက္ကူလေးရွက်၊ ရှေးဟောင်းပျူပုတီးလေးကုံး၊ ကျောက်လက်နက်ပစ္စည်းငါးခု၊ ပုံလွှန်တော်မူပြီးဖြစ်သော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရပုံတော်တစ်ပုံတို့ ဖြစ်သည်။

ယဉ်ကျေးမှုပြတိုက်(ထားဝယ်)ကို ဧပြီလ ပထမပတ်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများကို မည်သူမဆို ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(တိုင်းဒေသကြီး ပြန်/ဆက်)**



# ဉယျာဉ်တောင်ပေါ်ဘုန်းတော်ကြီးသင် မူလတန်းလွန်ကျောင်းတွင် သောက်သုံးရေခက်ခဲ

**နတ်မောက် မတ် ၂၂**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ဉယျာဉ်ကျေးရွာအုပ်စု ဉယျာဉ်တောင်ပေါ် ဘုန်းတော်ကြီးသင်မူလတန်းလွန်ကျောင်းတွင် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများ သောက်သုံးရေအခက်အခဲ ကြုံတွေ့နေရကြောင်း သိရသည်။

အဆိုပါ ဘုန်းတော်ကြီးသင်မူလတန်းလွန်ကျောင်းကို ၂၀၀၅ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး အနီးအနားကျေးရွာများမှ ဆင်းရဲနွမ်းပါးပြီး ကျောင်းမနေနိုင်သော ကလေးများကို လက်ခံသင်ကြားပေးသည်။ မူလတန်းပညာရေးအပြင် နွေရာသီ၌ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းများကို နှစ်စဉ်သင်ကြားပေးလျက်ရှိကြောင်း၊ စာပေသင်ကြားမှုအဆင်ပြေချောမွေ့သော်လည်း ကျောင်းသားကျောင်းသူများအတွက် သောက်သုံးရေခက်ခဲနေကြောင်း ကျောင်းအုပ်ဆရာတော်က မိန့်ကြားသည်။

နတ်မောက်မြို့နယ် ဉယျာဉ်ကျေးရွာအုပ်စု ဉယျာဉ်တောင်ပေါ် ဘုန်းတော်ကြီးသင် မူလတန်းလွန်ကျောင်းတွင် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများ သောက်သုံးရေခက်ခဲမှုအတွက် လူမှုရေးအဖွဲ့အစည်းများ၊ စေတနာရှင် အလှူရှင်များအနေဖြင့် အကူအညီပေးလိုပါလျှင် ဆရာတော် ဉူးပညိန္ဒ ဖုန်း-၀၉-၄၂၈၀၁၆၂၇၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ဇင်ဝေယံလင်း(နတ်မောက်)**

# နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**ပန်လုံ မတ် ၂၂**

မိုးပွင့်(အထူး)စီမံချက်ဖြင့် နိုင်ငံသားအရည်အချင်းပြည့်မီသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးလျက်ရှိရာ ‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ပန်လုံမြို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံးတွင် မတ် ၂၀ ရက်က မန်ကောင်း(ပန်လုံ)ကျေးရွာအုပ်စု အိုက်ကျော်ပါးကျေးရွာမှ အသက် ၁၀ နှစ်ပြည့်နှင့် အသက် ၁၈ နှစ်ပြည့်သူ ၂၇ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ကျေးလက်ဆေးပေးခန်းဖွင့်

**မြဝတီ မတ် ၂၂**

ပြည်ထောင်စုလွှတ်တော်ကချမှတ်ပေးသော မြို့နယ်ဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၁၀၀၀ မှခွင့်ပြုငွေကျပ်သိန်း ၅၀ ဖြင့် ဆောက်လုပ်ခဲ့သည့် ကရင်ပြည်နယ် မြဝတီခရိုင် စုကလိမြို့ ဘလဲဒိုကျေးရွာ ကျေးလက်ဆေးပေးခန်းဖွင့်ပွဲကို မတ် ၂၀ ရက်က ကျင်းပသည်။

အဆိုပါကျေးလက်ဆေးပေးခန်းသည် အလျားပေ ၅၀၊ အနံပေ ၃၀ ခန့်ရှိပြီး ဘလဲဒိုကျေးရွာအပါအဝင် သေ့ဘောဘိုး၊ ကျောက်ခတ်၊ ပန်းပွင့်မြိုင်ကျေးရွာများမှ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ထိန်လင်းအောင်**

# စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၀၀ ဖမ်းမိ

**နေပြည်တော် မတ် ၂၂**

မူးယစ်တပ်ဖွဲ့စု (၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၇ ရက်က လားရှိုးမြို့ရှောင်လမ်း အေးရှားဝေါလ်တိုးဂိတ်အနီး၌ ကွတ်ခိုင်မြို့နယ် တာမိုးညဲကျေးရွာအုပ်စု ယုံးမောကျေးရွာဘက်မှ သွမ်းစုန့်ဟွာ(ခ)ဇော်ပန်းမောင်းနှင်ပြီး လော်ရှီလျန်(ခ)စိုင်းလှဝင်းလိုက်ပါလာသည့် ယာဉ်အမှတ် SHN 5I/.... HILUX SURF အမျိုးအစား မော်တော်ယာဉ်ကိုရှာဖွေရာ ယာဉ်နောက်ခန်းထိုင်ခုံအောက်တွင် လျှို့ဝှက်ထည့်သွင်းထားသော စက္ကူထုပ်အတွင်းမှ ပလတ်စတစ်ကပ်ခွာအိတ်ဖြင့် ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စီပါ ၇၅ ထုပ် စုစုပေါင်းစိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၀၀ သိမ်းဆည်းရမိသဖြင့် သွမ်းစုန့်ဟွာ(ခ)ဇော်ပန်း (၂၅ နှစ်)နှင့် လော်ရှီလျန်(ခ)စိုင်းလှဝင်း(၂၃ နှစ်)တို့ နှစ်ဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**



# ကော့သောင်း-ဘုတ်ပြင်းခရီးသည်တင်မှန်လုံယာဉ် လမ်းဘေးချောက်အတွင်းထိုးကျ



**ခမောက်ကြီး မတ် ၂၂**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ခမောက်ကြီးမြို့နယ် ကော့သောင်း-ဘုတ်ပြင်းလမ်းမိုင်တိုင် အမှတ်(၄၉)အနီးတွင် မတ် ၁၉ ရက် ည ၈ နာရီက ကော့သောင်း-ဘုတ်ပြင်း ခရီးသည်တင်မှန်လုံယာဉ် လမ်းဘေးချောက်အတွင်း ထိုးကျမှုဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကော့သောင်းမြို့မှ ဘုတ်ပြင်းမြို့သို့ ထွက်ခွာလာသည့် ယာဉ်မောင်း ဦးမျိုး(ခ) မျိုးဇော်ဦး မောင်းနှင်၍ ခရီးသည် ၂၀ ဦး တင်ဆောင်လာသည့် အောင်စည်မင်း ခရီးသည်တင်မှန်လုံမော်တော်ယာဉ်သည် ကော့သောင်း-ဘုတ်ပြင်းလမ်း မိုင်တိုင် အမှတ်(၄၉)အနီး ကုန်းဆင်းတစ်ခုတွင် ဝဲဘက်ရှေ့ဘီးပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးချောက်အတွင်းသို့ ထိုးကျခြင်းဖြစ်သည်။

အဆိုပါ ဖြစ်စဉ်တွင် ယာဉ်မောင်း ဦးမျိုး(ခ)မျိုးဇော်ဦးမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ပြီး ယာဉ်နောက်လိုက် ကိုသားပု(ခ) ပုံးလုံးသည် ယာဉ်နောက်ဘီးဖြင့် ကြိတ်မိကာ နေရာ၌ ပွဲချင်းပြီး သေဆုံးခဲ့သည်။ ယာဉ်ပေါ်လိုက်ပါလာသည့် ခရီးသည် ၂၀ ဦးအနက် ရဟန်းတစ်ပါးဒဏ်ရာရရှိခဲ့သည်။ ကျန်ခရီးသည်များ အနည်းငယ်မျှ ထိခိုက်ဒဏ်ရာရရှိသည်မှလွဲ၍ စိုးရိမ်ရဖွယ်မရှိကြောင်း သိရသည်။

အခင်းဖြစ်ပွားရာသို့ နယ်မြေခံတပ်မှ စစ်သည်များ၊ ခမောက်ကြီးမြို့ရဲတပ်ဖွဲ့နှင့် မြို့အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ ရောက်ရှိပြီး ဒဏ်ရာရခရီးသည်များကို တပ်မတော်မော်တော်ယာဉ်များဖြင့် ဆေးရုံသို့ ပို့ဆောင်ပေးကြသည်။

ထွက်ပြေး တိမ်းရှောင်နေသည့် ယာဉ်မောင်း ဦးမျိုး(ခ) မျိုးဇော်ဦးကို ရဲတပ်ဖွဲ့က ရှာဖွေစုံစမ်းဖော်ထုတ်၍ ဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

နှစ် (၇၀) ပြည့် တပ်မတော်နေ့ အကြိုဂုဏ်ပြုဆောင်းပါး

# တိုင်းပြည်နှင့် လူမျိုးအကျိုး ထာဝစဉ် သယ်ပိုးဆောင်ရွက်နေသော ပြည်ထောင်စုတပ်မတော်

**မောင်သောင်းဝင်း(တမန်ဟောင်း)**

နိုင်ငံတစ်နိုင်ငံဖြစ်တည်ရန်မှာ တိကျစွာပိုင်းခြားသတ်မှတ်ထားသော ပိုင်နက်နယ်မြေ၊ မှီတင်းနေထိုင်သော ပြည်သူလူထု၊ အုပ်ချုပ်သောအစိုးရ၊ အချုပ်အခြာအာဏာနှင့် နိုင်ငံတကာအသိအမှတ်ပြုမှုဟူသည့် ဂုဏ်အင်္ဂါ ငါးရပ်ဖြင့် ပြည့်စုံနေရမည်ဖြစ်သည်။ ထိုဂုဏ်အင်္ဂါငါးရပ်အနက် တိကျစွာ ပိုင်းခြားထားသော ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ကာကွယ်ရန်အတွက် တပ်မတော်တစ်ရပ် မရှိမဖြစ်ဖွဲ့စည်းထားရှိရန် လိုအပ်ပါသည်။ ထိုလိုအပ်ချက်နှင့်အညီ မြန်မာ့တပ်မတော်ကို စနစ်တကျ ဖွဲ့စည်းထားရှိသည်။ ထိုတပ်မတော်သည် အလိုအလျောက် ပေါ်ပေါက်လာခြင်းမဟုတ်ဘဲ တိုင်းပြည်အတွက် လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါ်ထွန်းလာခြင်းဖြစ်သည်။ ခေတ်မီအင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော တပ်မတော်ကို ဒေသတွင်းနိုင်ငံများအပြင် ကမ္ဘာ့နိုင်ငံများကလည်း အသိအမှတ်ပြုလေးစားနေရသည်မှာ ငြင်းဆို၍မရသော ပကတိအရှိတရားပင်ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံသည် ခေတ်အဆက်ဆက်တွင်ခိုင်မာသော သမိုင်းကြောင်းများ ရှိခဲ့သည်။ အေဒီ ၁၀၄၄-၁၀၇၇ ခုနှစ် အနော်ရထာလက်ထက်တွင်လည်းကောင်း၊ အေဒီ ၁၅၅၁-၁၅၈၁ ခုနှစ် ဘုရင့်နောင်လက်ထက်တွင်လည်းကောင်း၊ အေဒီ ၁၇၅၂ - ၁၇၆၀ ခုနှစ် အလောင်းမင်းတရားလက်ထက်တွင် လည်းကောင်း ကာကွယ်ရေးအင်အားကို ကျောထောက်နောက်ခံပြုလျက် သုံးကြိမ်တိုင်တိုင် စည်းလုံးညီညွတ်သောမြန်မာနိုင်ငံတော်ကြီးအဖြစ် ခံ့ညားထည်ဝါစွာ တည်ထောင်နိုင်ခဲ့သည်။ ထိုခေတ်ကာလများတွင် ဒေသတွင်းသာမက ကမ္ဘာ့အဆင့်အထိပါ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်ပေါင်းစုံတွင် ဂုဏ်ရှိန်ရောင်ဝါထွန်းပြောင်နိုင်ခဲ့သည်။ ကျူးကျော်စော်ကားလာသူများကိုလည်း စည်းလုံးညီညွတ်မှုစွမ်းအား၊ ကာကွယ်ရေးစွမ်းအားတို့ဖြင့် တိုက်ထုတ်နိုင်ခဲ့သည်။ ထိုနိုင်ငံကြီးများသည် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော တပ်မတော်များဖွဲ့စည်းထူထောင်ခဲ့မှုကြောင့်သာ ခိုင်မာစွာရပ်တည်နိုင်ခဲ့သည်ဆိုသော သက်သေသာဓက သမိုင်းဖြစ်စဉ်များပင်ဖြစ်သည်။

သို့သော် ကုန်းဘောင်ခေတ်နှောင်းပိုင်းကာလတွင် နန်းတွင်းအရှုပ်တော်ပုံများကိုသာ အာရုံစိုက်ဖြေရှင်းနေခဲ့ရသဖြင့် တိုင်းပြည်၏ အဓိကကာကွယ်ရေးအင်အားစုဖြစ်သော စစ်အင်အားချည့်နဲ့လာပြီး အဘက်ဘက်မှ ခေတ်နောက်ကျမှု အကျိုးဆက်ကြောင့် တိုင်းပြည်၏ အချုပ်အခြာအာဏာကို ကိုလိုနီနယ်ချဲ့တို့၏လက်ဝယ်သို့ ဝကွက်အပ်ခဲ့ရသည်။ ၁၈၈၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် သူ့ကျွန်ဘဝရောက်ခဲ့သည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ ရောက်ရှိမှသာ မြန်မာ့လွတ်လပ်ရေးကို လက်ဝယ်ပိုင်ပိုင် ရယူနိုင်ခဲ့ သည်။ ကိုလိုနီတို့သည် ၁၈၂၄ ခုနှစ်ကတည်းက အောက်မြန်မာနိုင်ငံကို စတင်ကျူးကျော်သိမ်းပိုက်ခဲ့သဖြင့် သူ့ကျွန်ဘဝကျရောက်ခဲ့ရသည်မှာ နှစ်ပေါင်း ၁၂၀ ကျော်ကြာမြင့်သည်။ ထိုကာလများသည် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးအတွက် နယ်ချဲ့တို့၏ ညှဉ်းပန်းနှိပ်စက်ကုပ်သွေးစုပ်မှုဒဏ်များကို ခါးစည်းခံခဲ့ရသည့် ပင်ပန်းကြမ်းတမ်းသော နေ့ရက်များပင်ဖြစ်သည်။'

မျိုးချစ်စိတ်ဓာတ် ပြင်းထန်သော ပြည်ထောင်စုဖွား တိုင်းရင်းသား သူရဲကောင်းများသည် နယ်ချဲ့တို့က မြန်မာနိုင်ငံကို သိမ်းပိုက်လိုက်ပြီဆိုကတည်းကပင် ရရာလက်နက်စွဲကိုင်လျက် နယ်ချဲ့တို့အား အသက်ပေးကာ နည်းလမ်းပေါင်းစုံဖြင့် တိုက်ထုတ်ခဲ့ကြသည်။ သို့သော် စနစ်တကျစုဖွဲ့လေ့ကျင့်တိုက်ခိုက်ခြင်းမျိုး မရှိခဲ့သဖြင့် အသက်ကိုသာ စွန့်လွှတ်ခဲ့ကြရသည်။ ဝမ်းနည်းဖွယ်ကောင်းသည့် ဖြစ်ရပ်များပင်ဖြစ်သည်။ ထို့နောက် တိုင်းရင်းသားများအကြား မျိုးချစ်စိတ်ဓာတ် နိုးကြားရှင်သန်လာသဖြင့် ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေ၊ တို့ဗမာအစည်းအရုံး၊ ဗမာ့ထွက်ရပ်ဂိုဏ်းစသည့် လူထုအခြေပြုအဖွဲ့အစည်းများ ဖွဲ့စည်းလှုပ်ရှားလာခဲ့ရာ ၁၃၀၀ ပြည့် အရေးတော်ပုံလှုပ်ရှားမှုများသည် မြန်မာ့လွတ်လပ်ရေးအတွက် ရောင်ခြည်သန်းလာခဲ့သည်။

ထိုစဉ်ကတပ်မတော်၏ဖခင်ဖြစ်သည့်အပြင် မြန်မာ့လွတ်လပ်ရေးဗိသုကာလည်းဖြစ်သော အာဇာနည်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်ရေးအတွက် နယ်ချဲ့ကိုတွန်းလှန်တိုက်ထုတ်ရာတွင် စနစ်တကျလေ့ကျင့်ဖွဲ့စည်းထားသည့် လက်နက်ကိုင်အဖွဲ့အစည်းနှင့် ခေတ်မီစစ်လက်နက်ပစ္စည်းများရရှိမှသာ ဆောင်ရွက်နိုင်မည်ဆိုသည်ကို သိရှိသဘောပေါက်လာခဲ့သည်။ ထို့ကြောင့် နိုင်ငံခြားအကူအညီ ရရှိရေးအတွက် ပြည်ပသို့ တိတ်တဆိတ်ထွက်ခွာခဲ့ရသည်။ ထို့နောက် ရဲဘော်သုံးကျိပ်နှင့်အတူ ဟိုနန်ကျွန်းတွင် စစ်ပညာကို ဆင်းရဲပင်ပန်းကြမ်းတမ်းစွာ သင်ယူခဲ့ရသည်။ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ မြန်မာ့လွတ်လပ်ရေးအတွက် အသက်ခန္ဓာပေးဆပ်တိုက်ခိုက်သွားမည်ဟု သစ္စာဆိုကာ လက်မောင်းသွေးဖောက်သောက်ခဲ့ကြသည်။ ထိုနေ့၌ပင် ဗမာ့လွတ်လပ်ရေး တပ်မတော် (Burma Independence Army-BIA) ကို စတင်ဖွဲ့စည်းနိုင်ခဲ့သည်။ ထိုတပ်မတော်သည် လက်ရှိ ပြည်ထောင်စုတပ်မတော်၏ မူလသန္ဓေပင်ဖြစ်သည်။ ထိုအချိန်က ဘီအိုင်အေအင်အားသည် ၂၀၀ ကျော်ခန့်သာ ရှိသော်လည်း မြန်မာနိုင်ငံအတွင်းသို့ ချီတက်ရာလမ်းကြောင်းတစ်လျှောက် နေ့ချင်းညချင်း တစ်ဟုန်ထိုး အင်အားကြီးထွားလာခဲ့သည်။

ဘီအိုင်အေသည် နယ်ချဲ့တို့ကို မြန်မာ့မြေပေါ်မှ တိုက်ထုတ်စဉ် မျိုးချစ်စိတ်ဓာတ်ရှိသည့် လူငယ်လူရွယ်များသည် လစာ၊ စရိတ်၊ အဆောင်အယောင်ရိက္ခာ မည်သည့်အခွင့်အရေးမျှ ရစရာ၊ မျှော်လင့်စရာ မရှိမှန်းသိလျက်နှင့် နိုင်ငံ့လွတ်လပ်ရေးရရှိရေးအတွက် စွန့်လွှတ်စွန့်စားသည့်စိတ်ဓာတ်ဖြင့် ဘီအိုင်အေထဲသို့ တဖွဲဖွဲဝင်ရောက်ခဲ့ကြပေသည်။ ဘီအိုင်အေသည် ခြောက်လအတွင်း အင်အား ၅၀၀၀၀ အထိ တိုးတက်လာခဲ့သည်။ ထိုသို့အင်အားကြီးထွားလာမှုကြောင့် ဖက်ဆစ်တို့သည် ၎င်းတို့ကိုပြန်လည်တော်လှန်တိုက်ခိုက်လာမည်ကို စိုးရိမ်ကြသည့်အတွက် ဘီအိုင်အေကို ၁၉၄၂ ခုနှစ် ဇူလိုင်လ ၂၇ရက်နေ့တွင် ဗမာ့ကာကွယ်ရေးတပ်မတော် (Burma Defence Army-BDA)အဖြစ် အင်အား ၃၀၀၀ဖြင့်သာပြန်လည်ဖွဲ့စည်းခဲ့ရသည်။ ထိုကဲ့သို့ ပြင်ဆင်ဖွဲ့စည်းခြင်းသည် နိုင်ငံနှင့်လူမျိုးအပေါ် အနိုင်ကျင့်ဗိုလ်ကျစိုးမိုးလိုသည့် ဖက်ဆစ်များ၏ ပရိယာယ်တစ်ရပ်ပင်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံအပေါ်ခြယ်လှယ်ချင်သူမှန်သမျှသည် တပ်မတော်အင်အားတောင့်တင်းသည်ကို လက်ခံနိုင်ခြင်းမရှိဘူးဆိုသည့်အချက်အား သမိုင်းကသက်သေပြလျက်ရှိပါသည်။

> ■ ထိုသို့ တိုင်းပြည်၏ လိုအပ်ချက်အရ ဖြစ်တည်လာသော တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်အပြင် တိုင်းပြည်အတွင်း အခက်အခဲအကျပ်အတည်းများ ကြုံတွေ့ရသည့် အချိန်တိုင်း ရှေ့မှ မားမားမတ်မတ် ရပ်တည်ခဲ့ရသည်။

ဂျပန်တို့သည် ၁၉၄၃ ခုနှစ်ဩဂုတ်လ ၁ ရက်နေ့တွင် မြန်မာနိုင်ငံအား ရွှေရည်စိမ်လွတ်လပ်ရေးပေးကြောင်း ကြေညာခဲ့သော်လည်း မြန်မာနိုင်ငံ၏ သဘာဝသယံဇာတများကို မတရားထုတ်ယူခဲ့သည့်အပြင် မြန်မာတိုင်းရင်းသားများအား လူမဆန်စွာညှဉ်းပန်းနှိပ်စက်ခဲ့ကြသည်။ တပ်မတော်သည် ဖက်ဆစ်အောက်၌ ညှဉ်းပန်းနှိပ်စက်ခံနေရသောပြည်သူလူထုကို ကယ်တင်ရန်အတွက် ၁၉၄၃ ခုနှစ်ကတည်းက ဖက်ဆစ်တော်လှန်ရေးဆင်နွှဲရန် ကြိုးစားခဲ့ပေသည်။ မြန်မာ့နိုင်ငံရေးအင်အားစုများကို ပူးပေါင်းပြီး ဖက်ဆစ်တော်လှန်ရေးတွင် ပါဝင်ဖို့ရန် စွမ်းစွမ်းတမံစည်းရုံးခဲ့ရသည်။ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ရဲဘော်များသည် ၁၉၄၄ ခုနှစ်ဩဂုတ်လ ၄ ရက်နေ့ တွင် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီးကို လျှို့ဝှက်စွာ ဖွဲ့စည်းခဲ့ရသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၅ ခုနှစ်မတ်လ ၁၇ ရက်၌ ရွှေတိဂုံဘုရား အနောက်မြောက်ဘက်ရှိ ကွင်းပြင်ကြီး (ယခုတော်လှန်ရေးပန်းခြံနေရာ) တွင် စစ်ထွက်မိန့်ခွန်းပြောကြားခဲ့ရာ၌ **“မြန်မာ့ရန်သူကို ချေမှုန်းကြ၊ အနီးကပ်ဆုံးရန်သူကို ရှာပြီးတိုက်ကြ”** ဟုအလေး အနက်ထား ပြောကြားခဲ့သည်။ ထိုနှစ်မတ်လ ၂၇ ရက်နေ့တွင် တပ်မတော်သည် မြန်မာ့သမိုင်းတွင် ထာဝစဉ်ထင်ရှားနေမည့် ဖက်ဆစ်တော်လှန်ရေးကြီးကို ပြည်သူလူထုနှင့်အတူ လက်တွဲပြီးဆင်နွှဲခဲ့ပါသည်။ ထိုဖက်ဆစ်တော်လှန်ရေးကာလအတွင်း မျိုးချစ်တပ်မတော်၏ ချေမှုန်းတိုက်ခိုက်မှုကြောင့် ဖက်ဆစ်ဂျပန်ဒုတိယဗိုလ်ချုပ်ကြီးတစ်ဦး၊ ဗိုလ်ချုပ်တစ်ဦးအပါအဝင် ဂျပန်စစ်သည် ၈၈၂၆ ဦး သေဆုံးစေခဲ့သည့်အပြင် ၂၃၀၄ ဦးကိုပါဒဏ်ရာ ရရှိစေခဲ့ပါသည်။ ထို့အပြင် ဖက်ဆစ်ဂျပန်သုံ့ပန်း ၂၀၅ ဦးကိုလည်း ဖမ်းဆီးနိုင်ခဲ့သည်ဟု မှတ်သားဖူးပါသည်။ ထို့နောက် ဗမာ့တပ်မတော်သည် ၁၉၄၅ ခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင် ဖက်ဆစ်တို့ထံမှ ရန်ကုန်မြို့ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ မြန်မာ့တပ်မတော်၏ စွမ်းဆောင်မှုများပင်ဖြစ်သည်။

မဟာမိတ်တပ်များသည် မြန်မာ့တပ်မတော်ကို အသိ အမှတ်ပြုလက်ခံပြီးနောက် ၁၉၄၅ ခုနှစ်ဇူလိုင်လ ၂၃ ရက်နေ့တွင် မျိုးချစ်ဗမာ့တပ်မတော်(Patriotic Burma Forcer-PBF) ဟု တရားဝင်ပြောင်းလဲခေါ်ဆိုခဲ့သည်။ ဘီအိုင်အေ၊ ဘီဒီအေက စတင်သန္ဓေတည်ခဲ့သည့် စာရေး သူတို့တပ်မတော်သည် စနစ်တကျဖွဲ့စည်းမှု၊ လေ့ကျင့်မှုများ ပြည့်ဝလာပြီး ရန်သူကိုရင်ဆိုင်တိုက်ခိုက်နိုင်သည့်အဆင့်ထိ ရောက်ရှိလာခဲ့ပေသည်။ ထိုအချိန်တွင် တစ်ပြည်လုံး အတိုင်းအတာဖြင့် ပါဝင်ဖွဲ့စည်းထားပြီးဖြစ်သည့်အတွက် တစ်မျိုးသားလုံးကို ကိုယ်စားပြုသည့် တပ်မတော်ပင်ဖြစ်နေပေသည်။ ဖက်ဆစ်တော်လှန်ရေးဆင်နွှဲသည့် အချိန်ကစပြီး တပ်မတော်သည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးကို ကိုယ်စားပြုသည့် တပ်မတော်အသွင်ကို ရောက်ရှိလာခဲ့ပေသည်။ ပြည်သူလူထုနှင့် တစ်ဆက်တစ်စပ်တည်းရှိနေပြီး ပြည်သူလူထု၏ တစ်ခဲနက် ထောက်ခံအားပေးမှုကို အပြည့်အဝရရှိနေသည့် အတွက်လည်း ပြည်သူ့တပ်မတော်အသွင်မျိုးဖြစ်လာခဲ့သည်။

တပ်မတော်သည် ၁၉၄၅ ခုနှစ်မတ်လ ၂၇ ရက်နေ့တွင် ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် တရားဝင်စစ်ကြေညာပြီးတော်လှန်ရေး ဆင်နွှဲခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အမျိုးသားတပ်မတော်၏ ဂုဏ်အင်္ဂါအပြင် တိုင်းရင်းသားပြည်သူများမှမွေးဖွားသည့် ညီနောင်တိုင်းရင်းသားများဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ဆိုသော ဂုဏ်အင်္ဂါရပ်များနှင့်ပါပြည့်စုံပြီး ဖက်ဆစ်တော်လှန်ရေးကို ဆင်နွှဲခဲ့သောနေ့ဖြစ်သည့် မတ်လ ၂၇ ရက်နေ့ကို တပ်မတော်နေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ နှစ်စဉ် ထိုနေ့ ထိုရက်ရောက်ရှိချိန်တွင် ကြည်း၊ ရေ၊ လေ တပ်ပေါင်းစုနှင့် နိုင်ငံ၏အရန်အင်အားစုများဖြစ်ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များတက်ကြွစွာ ပူးပေါင်းပါဝင်သော တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကြီးကို ခမ်းနားထည်ဝါစွာ ကျင်းပလေ့ရှိသည်။ ထိုမွန်မြတ်သော အစဉ်အလာများနှင့်အညီ ၂၀၁၇ ခုနှစ် မတ်လ ၂၇ ရက်နေ့ဆိုလျှင် ပြည်ထောင်စုတပ်မတော်ကြီးကို ဖွဲ့စည်းထူထောင်ခဲ့သည့် နှစ်(၇၀)ပြည့်တပ်မတော်နေ့ကို ဂုဏ်ယူဝင့်ကြွားခမ်းနားထည်ဝါစွာ ကျင်းပတော့မည် ဖြစ်သည်။



စာမျက်နှာ ၇ သို့

# စက်သုံးဆီဈေးနှုန်းအတက်အကျပေါ်မူတည်၍ အများလက်ခံနိုင်သည့်ဈေးနှုန်း သတ်မှတ်နိုင်ရေးဆွေးနွေး

**ရန်ကုန် မတ် ၂၂**

မြန်မာနိုင်ငံတွင် ပုဂ္ဂလိကမှ တင်သွင်းဖြန့်ဖြူးသည့် စက်သုံးဆီဈေးနှုန်းနှင့်ပတ်သက်ပြီး လွှတ်တော်၊ အစိုးရအဖွဲ့နှင့် ပြည်သူများ၏ ဝေဖန်အကြံပြုချက်များနှင့်စပ်လျဉ်းပြီး စက်သုံးဆီဈေးနှုန်း အတက်အကျပေါ်မူတည်၍ အများလက်ခံနိုင်သည့် ဈေးနှုန်းတစ်ခု သတ်မှတ်နိုင်ရေးအတွက် စွမ်းအင်ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းတို့ မတ် ၂၁ ရက် နံနက် ၁၁ နာရီက ရန်ကုန်မြို့ ကုန်သည်စက်မှုအသင်းရုံးချုပ်ရှိ မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းရုံး အစည်းအဝေးခန်းတွင် ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် စွမ်းအင်ဝန်ကြီးဌာန ရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင်သယ်ယူချက်လုပ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအောင်ထူးက ၂၀၁၄ ခုနှစ် စက်တင်ဘာလမှစ၍ ကမ္ဘာ့ရေနံဈေးနှုန်း ကျဆင်းလာခြင်းအပေါ် ယနေ့ဆွေးနွေးပွဲကို ဆွေးနွေးရခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချ ဖြန့်ဖြူးရေးအသင်းအနေဖြင့် လည်းကောင်း၊ တခြားတတ်သိနားလည်သည့် ပညာရှင်များနှင့် အဖွဲ့တစ်ခုဖွဲ့စည်းကာ စင်ကာပူရေနံဈေးနှုန်းကို မျက်ခြည်မပြတ်စောင့်ကြည့်စုံစမ်းပြီး တစ်ပတ်တစ်ကြိမ် ဈေးနှုန်းသတ်မှတ်နိုင်ရေးအတွက် ဆောင်ရွက်စေလိုကြောင်း ၊ နိုင်ငံတကာတွင် ဆောင်ရွက်နေသည်များကိုလည်း လေ့လာစေလိုကြောင်း၊ အချိန်အတိုင်းအတာ တစ်ခုတွင် ပြည်သူလူထုသိရှိရန် အမြဲတမ်းကြော်ငြာပေးစေလိုကြောင်းဖြင့် ပြောကြားသည်။ **(အပေါ်ပုံ)**



ဆက်လက်၍ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးသန့်စင်က ၂၀၁၀ပြည့်နှစ်မှစတင်ပြီး ပုဂ္ဂလိကဖြန့်ဖြူးရောင်းချရေးကို ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဈေးကွက်စီးပွားရေးစနစ်အရ လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခဲ့ကြောင်း၊ ပြည်ပမှ တင်သွင်းလာသည့် စက်သုံးဆီများအပေါ် တရားဝင်ကျသင့်သည့် အခွန်အခများ ပေးဆောင်စေပြီး ထိုက်သင့်သည့် အမြတ်အစွန်းများရယူစေကာ လွတ်လပ်စွာ ရောင်းချခွင့်ပြုခဲ့ကြောင်း၊ ပုဂ္ဂလိကစက်သုံးဆီရောင်းချရေး ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ခဲ့ကြောင်း၊ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၂ ခုနှစ်အတွင်း ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်အချို့ ဈေးနှုန်းမြင့်တင်ရောင်းချမှုကြောင့် ရသင့်ရထိုက်သည့် အမြတ်အစွန်းထက် ပိုမိုရောင်းချခြင်းမပြုရန် မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချ ဖြန့်ဖြူးရေးအသင်းမှတစ်ဆင့် စွမ်းအင်ဝန်ကြီးဌာနက မေတ္တာရပ်ခံခဲ့ကြောင်း၊ မဟာသင်္ကြန်ကာလတွင်လည်း စက်သုံးဆီအရောင်းဆိုင်များကို ပုံမှန်ဖွင့်လှစ်ရောင်းချပေးစေလိုကြောင်း၊ လုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် စက်သုံးဆီအရောင်းဆိုင်များနှင့် စက်သုံးဆီတင်သွင်းသည့် လုပ်ငန်းရှင်များအနေဖြင့် အထူးဂရုစိုက်စေလိုကြောင်း၊ အရည်အသွေးပိုင်းတွင်လည်း မိုဘိုင်းစက်များတင်သွင်းပြီး နိုင်ငံတော်မှ အကုန်အကျခံကာ စစ်ဆေးပေးနေကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချ ဖြန့်ဖြူးရေးအသင်း အတွင်းရေးမှူး ဒေါက်တာဝင်းမြင့်နှင့် ပုဂ္ဂလိကစက်သုံးဆီလုပ်ငန်းရှင်များက စက်သုံးဆီရောင်းဈေးနှုန်းနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီး ဦးအောင်ထူးက တက်ရောက်လာကြသူများ၏ ဆွေးနွေးချက်များအပေါ် ပြန်လည်ဆွေးနွေးခဲ့သည်။

**သတင်း-မင်းသစ်၊ ဓာတ်ပုံ-ရဲထွဋ်**

## ပြည်တွင်းသတင်း

နှစ်(၇၀)ပြည့် တပ်မတော်နေ့ဂုဏ်ပြုကဗျာ

### တပ်မတော်သည် ပြည်သူ့အတွက်

* ရှေးစဉ်လာက
တူနေသူချင်း
သောင်ရမ်းနှောင်နှင့်
မြန်မာတို့မြေ
ပုပင်း၊အင်း၊တောင်
ကုန်းဘောင်ခေတ်များ လွန်ခဲ့တယ်။

* ထီးကျိုးစည်ပေါက်
ရောက်ခဲ့ရတာ
သယံဇာတ
ကျွန်သပေါက်ဘဝ
ဘာသာ၊ သာသနာ
တစ်စမကျန် ကုန်ခဲ့တယ်။

* တို့မျိုးချစ်စိတ်
ကြိတ်၍ခံကာ
လူငယ်များက
လူ၊ လက်နက်တို့
သူဖိနှိပ်လို့
မြန်မာပြည်သား
လှုပ်ရှားလျှို့ဝှက်
စုလျက်ဆောင်ရွက်ခဲ့ကြတယ်။

* ဗိုလ်တေဇနဲ့
ရဲဘော်သုံးကျိပ်
ဖိနှိပ်မခံ
တော်လှန်စစ်ပွဲ
သူရဲ့ပေါင်းဖော်
တိတ်တဆိတ်ဖွဲ့
တို့နိုင်ငံတွက်
ဆင်နွဲတိုက်ခိုက်ခဲ့ကြတယ်။

* ''အင်္ဂလိပ်အခက်
တွက်စစ်ပြီးကာ
မောင်းထုတ်ကြရာ
လှည်းနေလှေအောင်း
ဗမာအချက်''ဟု
ငါတို့မြေမှ
တို့မြန်မာတွေ
မြင်းဇောင်းမကျန်ပါခဲ့တယ်။

* ဘီအိုင်အေနဲ့
'ဘီဒီအက်ဖ်'ကို
ပြောင်းသည့်သတ္တိ
စွမ်းဆောင်တဲ့ခါ
လူတကာတို့
ဘီဒီအေဖွဲ့လျက်
ဗိုလ်ချုပ်ဦးဆောင်
ဖွဲ့ရှိရှိနဲ့
မြန်မာပြည်သူ
လွတ်လပ်ဖို့တွက်ကူခဲ့တယ်။

* တပ်နဲ့ပြည်သူ
အောင်ပွဲများစွာ
တို့စွမ်းဆောင်ကာ
လွတ်လပ်ရေးကို
ကြည်ဖြူလက်တွဲ
ကမ္ဘာသိအောင်
ရလာခဲ့သေး
အသက်ပေးကာကွယ်ခဲ့ကြတယ်။

* တို့ပြည်ကျူးသူ
တစ်လက်မပင်
လေးပေးလွှတ်ဆောင်
တို့ဂုဏ်ဝင့်မည်----
ဘယ်ဘယ်သူမျှ
မရစေရေး
အောင်ပွဲဆင့်ဆင့်

တပ်မတော်သည်
အသက်ပေးကာ
အောင်ပန်းဆင်လျက်
ပြည်သူ့အတွက်
ထမ်းဆောင်ရွက်
ရှေ့ခရီးဆက်။

**ဖိုးရန်နိုင်(ကျောက်ကြီး)**

# ကျေးရွာချင်းဆက် မြို့တက်လမ်းအား ကတ္တရာလမ်းနှင့် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်

**ရန်ကုန် မတ် ၂၂**

တွင်းကုန်း-မြို့ချောင်း- တော်လတီ-ရွာသာလမ်းသည် ၂၄ မိုင် ၇ ဖာလုံရှိပြီး မှော်ဘီ-ထန်းတပင်-တိုက်ကြီးမြို့နယ်များရှိ ကျေးရွာများအနီးမှ ဖြတ်သန်းဖောက်လုပ်ထားသော ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က စီမံခန့်ခွဲသော ကျေးရွာချင်းဆက်မြို့ကို တက်သည့်လမ်းဖြစ်သည်။



ထိုလမ်းကို ယခုအခါ ရာသီမရွေး သွားလာရန် တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့၏ ကြီးကြပ်မှုဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင် အင်ဂျင်နီယာမှူး ဒေါ်သိန်းတန်နှင့်အဖွဲ့က တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်-ပြည်လမ်း မိုင်တိုင်အမှတ် (၃၄/၄) ရေတွင်းကုန်းရွာမှစ၍ ကတ္တရာကားလမ်းအဖြစ် ၁၈ မိုင် ၇ ဖာလုံခင်းခဲ့ပြီး ခြောက်မိုင်ကို ရွာသာရွာအထိ ကွန်ကရစ်လမ်းခင်းလျက်ရှိကြောင်း၊ လမ်းတာပေါင်ထိပ်ဝ အကျယ် ၃၄ ပေ၊ တာပေါင်အမြင့်လေးပေ ကတ္တရာလမ်းနှင့် ကွန်ကရစ်လမ်းမျက်နှာပြင်အကျယ်မှ ၁၂ ပေရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေး ယခုမတ်လ ၃၁ ရက်တွင် တွင်းကုန်းရွာမှ ရွာသာယာရွာအထိ ၂၄ မိုင် ၇ ဖာလုံကို အပြီးဆောင်ရွက်သွားမည် ဖြစ်ကြောင်း မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာ ဦးနေရဲလင်းက ပြောကြားသည်။

အဆိုပါကားလမ်းမှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းဖြစ်ပြီး ၁၇-၁၂-၁၉၉၈ နှင့် ၁၃-၃-၂၀၀၀ ရက်များက ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက မြေသားလမ်းဖောက်လုပ်ခဲ့ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဂဝံလမ်းအဆင့် ဆောင်ရွက်ပေးထားသော ကျေးရွာချင်းဆက်မြို့ကို တက်လမ်းတစ်လမ်း ဖြစ်သည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းကို ယခုအခါ တစ်ဆက်တစ်စပ်တည်း ရာသီမရွေး ကားများသွားလာနိုင်ရန် ကတ္တရာလမ်းနှင့် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် မြောက်ပိုင်းခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်သည်။ အဆိုပါ ကားလမ်းပြီးသွားပါက ရေတွင်းကုန်း- မြို့ချောင်း- မြောက်လမ်းကုန်း- ကြို့ကုန်း-တော်လတီ- ရွာသာကျေးရွာတို့မှ ဒေသခံပြည်သူများမှာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။

**သတင်း-ခရမ်းစိုးမြင့်**
**ဓာတ်ပုံ- ကျော်မိုးလွင်**

*စာမျက်နှာ ၆ မှ*

တပ်မတော်သည် တိုင်းရင်းသားပြည်သူလူထုအားလုံးကို ကိုယ်စားပြုသည့် ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည်နှင့်အညီ တိုင်းပြည်အတွင်း အရေးကြုံတိုင်း ရှေ့မှနေ၍ မားမားမတ်မတ်ရပ်တည်ကာ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာများအား ကာကွယ်စောင့်ရှောက်ခဲ့ရသည်ကို သမိုင်းဖြစ်စဉ်များက သက်သေပြလျက်ရှိသည်။ ထိုတာဝန်များအနက် ပထမဆုံးအနေဖြင့် တပ်မတော်သည် ၁၉၄၈-၁၉၄၉ ခုနှစ် ကာလများအတွင်း လွတ်လပ်ရေးနှင့်အတူ တစ်ပါတည်းပါလာသော ပြည်တွင်းသောင်းကျန်းမှုများကို နှိမ်နင်းခဲ့ရသည်။ ထိုသောင်းကျန်းသူစစ်ဆင်ရေးများ ဆင်နွှဲစဉ်က တပ်မတော်အင်အားသည် ၁၅၀၀၀ ခန့်သာရှိသော်လည်း သောင်းကျန်းသူအင်အားသည် ၄၅၅၀၀ ခန့်အထိ ရှိခဲ့သည်။ နိုင်ငံခြား သတင်းစာများက ရန်ကုန်အစိုးရဟုပင် ရေးသားလာခဲ့သည်။ မည်သို့ပင် အခက်အခဲများရှိနေစေကာမူ တပ်မတော်သည် သောင်းကျန်းသူများအား စွန့်လွှတ်စွန့်စားသော စိတ်ဓာတ်ဖြင့် တိုက်ခိုက်နှိမ်နင်းခဲ့သဖြင့် အောင်မြင်မှုများရရှိခဲ့သည်။

ထို့နောက် တပ်မတော်သည် ၁၉၅၈ ခုနှစ် ပါလီမန်ဒီမိုကရေစီခေတ်တွင် နိုင်ငံတော်ကို **''အိမ်စောင့်အစိုးရ''** အဖြစ်ထိန်းသိမ်းစောင့်ရှောက်ခဲ့ရသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးကိစ္စများ ဆောင်ရွက်ကာ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများကျင်းပပေးပြီး တက်ရောက်လာသော အစိုးရအဖွဲ့အား ဥပဒေနှင့်အညီ နိုင်ငံတော်အာဏာကို ပြန်လည်အပ်နှံပေးခဲ့သည်။ ၁၉၆၂ ခုနှစ်တွင်လည်း အဘက်ဘက်မှ ယိုယွင်းချည့်နဲ့၍ ချောက်ကမ်းပါးအတွင်း ကျရောက်အံ့ဆဲဆဲနိုင်ငံတော်ကို ကယ်တင်ရန်အတွက် တပ်မတော်သည် **''တော်လှန်ရေးကောင်စီ''** ကို ဖွဲ့စည်းကာ နိုင်ငံတော်၏ အာဏာအရပ်ရပ်ကို ထိန်းသိမ်းတာဝန်ယူခဲ့ရပြန်သည်။ ထို့အပြင် ၁၉၈၈ ခုနှစ်တွင် ထိတ်လန့်ဖွယ်ကောင်းသည့် အရေးအခင်းများကြောင့် တပ်မတော်သည် နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့တွင် **''နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့''** ဟူ၍ ဖွဲ့စည်းဖြစ်တည်ခဲ့ရပြန်သည်။

ထို့နောက် ၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် **''နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ''** ဟူ၍ ပြင်ဆင်ဖွဲ့စည်းကာ နိုင်ငံတော် ရှေ့ဆက်သွားမည့် လမ်းပြမြေပုံကိုချမှတ်ခဲ့သည်။ ထိုလမ်းပြမြေပုံနှင့်အညီ အမျိုးသားညီလာခံကြီး ကျင်းပပြီး အလွှာပေါင်းစုံမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းပြုစုနိုင်ခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများကျင်းပ၍ ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို အတည်ပြုနိုင်ခဲ့သည်။ တပ်မတော်သည် ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ၂၀၁၀ ပြည့်နှစ်တွင် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲများကျင်းပပြုလုပ်ပေးခဲ့သည်။ ထိုရွေးကောက်ပွဲများတွင် ရွေးချယ်ခံခဲ့ရသည့် ရွေးကောက်ခံအမတ်များဖြင့် လွှတ်တော်များခေါ်ယူကာ ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် ဒီမိုကရေစီအစိုးရသို့ တိုင်းပြည်အုပ်ချုပ်ရေးအာဏာကို ညင်သာချောမွေ့စွာ လွှဲပြောင်းပေးနိုင်ခဲ့သည်။

ခြုံ၍တင်ပြရလျှင် ပြည်ထောင်စုတပ်မတော်သည် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့်အတူ ပေါ်ထွန်းလာခြင်းဖြစ်သည်။ ထိုသို့ တိုင်းပြည်၏လိုအပ်ချက်အရ ဖြစ်တည်လာသော တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်အပြင် တိုင်းပြည်အတွင်း အခက်အခဲအကျပ်အတည်းများ ကြုံတွေ့ရသည့်အချိန်တိုင်း ရှေ့မှမားမားမတ်မတ်ရပ်တည်ခဲ့ရသည်။ ထိုအစဉ်အလာကောင်းများရှိသော တပ်မတော်သည် အနာဂတ်တွင်လည်း Standard Army အဖြစ် တည်ဆောက်ကာ တိုင်းပြည်နှင့် လူမျိုးအကျိုးကို အစဉ်သယ်ပိုးလျက် အန္တရာယ်ရန်စွယ်မှန်သမျှကို ထာဝစဉ်ကာကွယ်စောင့်ရှောက်သွားမည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်သည်။ ထို့အပြင် ထိုတပ်မတော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်လျက်ရှိသော တိုင်းရင်းသားပြည်သူများအားလုံး ထာဝစဉ် ဦးထိပ်ပန်ဆင်ထားရမည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို အသက်ခန္ဓာအပ်နှင်းလျက် အစဉ်ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပါကြောင်း မတ်လ ၂၇ ရက်နေ့တွင် ကျရောက်မည့် နှစ်(၇၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရေးသားတင်ပြလိုက်ရသည်။

## ပြည်တွင်းသတင်း

◆ ရှေ့ဖုံးမှ

ရေရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်သွားကြရန် လိုကြောင်း၊ အဆောက်အအုံများ တည်ဆောက်ရာတွင် မြေနေရာရှားပါးလာမှု သက်သာစေရန်ဖြစ်နိုင်သမျှအထပ်မြင့်များဖြင့် ဆောက်လုပ်သင့်ပါကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ဆေးရုံများတွင် လိုအပ်သည့်ဆေးရုံများကို အဆင့်မြှင့်တင်တိုးချဲ့ရန်စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အရေးပေါ်ဌာနနှင့် အရေးပေါ် လူနာတင်ယာဉ်စနစ်တို့ကို ကောင်းစွာဆောင်ရွက်ထားရှိရန်လိုအပ်ပါကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် ဖျားနာကုသဆောင်၊ ကျောက်ကပ်ဆေးစက်၊ ဖျားနာကုသနှစ်ထပ်ဆောင်သစ်ဆောက်လုပ်နေမှု၊ သားဖွားမီးယပ်ဆောင်နှင့် သားဖွားခန်း၊ ဆေးရုံအုပ်ကြီးနေအိမ်နှင့် လေးခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်ရာ အဆောက်အအုံသစ် တည်ဆောက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် လားရှိုးမြို့ ကောက်ကွေ့ရေလှောင်တမံသို့ ရောက်ရှိပြီး ဆည်ရေသိုလှောင်နိုင်မှုနှင့် မြို့ရေပေးဝေရေးအတွက် ရေတွန်းစက်ရုံတည်ဆောက်ထားရှိမှုကို တမံပေါ်မှ ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတအား ရေလှောင်တမံ ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦးက ရေလှောင်တမံဆိုင်ရာ အချက်အလက်များ၊ နှစ်စဉ်မိုးရေချိန်၊ လက်ရှိမြို့ရေပေးဝေနေမှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက ဆည်ပတ်ဝန်းကျင်အား ရေဝေရေလဲ ထိန်းသိမ်းရန်နှင့် ဆည်ပတ်ဝန်းကျင်အနီး ကျေးရွာများမှ ထင်းခုတ်မှု သက်သာစေရေးအတွက် စီမံစိစစ်ညှိနှိုင်း ဆောင်ရွက်ပေးသွားရန်တို့ကို မှာကြားခဲ့သည်။

ယင်းနောက် ဒုတိယသမ္မတသည် လားရှိုးမြို့အား ကောက်ကွေ့ဆည်မှ ကမ္ဘောဇခင်လှိုင်ကုန်းသို့ မြို့ရေပေးဝေရေးအတွက် သွယ်တန်းမည့် ရေသွယ်ပိုက်များကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက မြို့ရေပေးဝေရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ရှင်းလင်းတင်ပြသည်။

တင်ပြချက်အပေါ် ဒုတိယသမ္မတက မြို့ရေပေးရေးလုပ်ငန်းမှာ ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်သည့်အတွက် အဆင့်မြင့်ရေရှည်ခံနိုင်ရည်ရှိသော ရေသွယ်ပိုက်များကို သုံးစွဲကြရန်နှင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျဆောင် ရွက်ကြရန် မှာကြားခဲ့သည်။

အဆိုပါ လုပ်ငန်းပြီးစီးပါက မြို့ပေါ်ရပ်ကွက် ငါးရပ်ကွက်ကို တစ်ရက်လျှင် ရေဂါလန် လေးသိန်းပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတသည် မွန်းလွဲပိုင်းတွင် လားရှိုးမြို့မှ မြန်မာအမျိုးသားလေကြောင်းဖြင့် ထွက်ခွာခဲ့ရာညနေ ၃နာရီခွဲတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**





**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လေးခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်ရာ အဆောက်အအုံသစ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# မအူပင် (တောင်) သဘာဝဓာတ်ငွေ့တွင်း အမှတ် (၉) တူးဖော်ထုတ်လုပ်နေမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် မတ် ၂၂**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်သည် ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့်အတူ ယနေ့နံနက် ၉ နာရီခွဲက ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၏တောင်ဘက် ၁ ဒသမ ၅ မိုင်အကွာရှိ သဘာဝဓာတ်ငွေ့ အောင်မြင်စွာ တူးဖော်နိုင်ခဲ့သည့် မအူပင် (တောင်) သဘာဝဓာတ်ငွေ့တွင်း အမှတ် (၉) တူးဖော်ထုတ်လုပ်နေသည်ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးအား ရေနံမြေရှင်းလင်းဆောင်၌ ရေနံမြေ အထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများက တွင်းတူးဖော်စမ်းသပ်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက မအူပင်(တောင်) အစမ်းတွင်းအမှတ် (၉)အား တူးဖော်တွေ့ရှိသော အချက်အလက်များအရ အလားအလာကောင်းသော ရေနံနှင့် သဘာဝဓာတ်ငွေ့ သဲကြောများကို တွေ့ရှိထားကြောင်း၊ အဆိုပါတွင်းတစ်ဝိုက်တွင် ထုတ်လုပ်ရေးတွင်းများ ဆက်လက်တူးဖော်ရန် မှာကြားပြီးတူးဖော်ခဲ့သည့် ဝန်ထမ်းများအနေဖြင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးကို အထူးဂရုစိုက်ရေးမှာကြားကာ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် သဘာဝဓာတ်ငွေ့တွင်း အမှတ်(၉) တူးဖော်ထုတ်လုပ်နေသည့် တွင်းနေရာသို့ သွားရောက်၍ထွက်ရှိသည့် ဓာတ်ငွေ့များအား မီးရှို့စမ်းသပ်နေမှုကို ကြည့်ရှုပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

မအူပင်(တောင်) သဘာဝဓာတ်ငွေ့တွင်းအမှတ်(၉)ကို ဇန်နဝါရီ ၆ ရက်တွင် စတင်တူးဖော်ခဲ့ပြီး ဖေဖော်ဝါရီ ၂၈ ရက်တွင် သတ်မှတ်အနက်ပေသို့ တူးဖော်ပြီးစီးခဲ့ကြောင်း၊ သဲကြောကို သေနတ်ဖောက်၍ ထုတ်လုပ်မှုစမ်းသပ်ခဲ့ရာ လေဆီရှစ်စည်နှင့် သဘာဝဓာတ်ငွေ့ ၂ ကုဗပေ သန်းနှုန်းထွက်ရှိကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ညောင်တုန်းရေနံမြေရှိ ထုတ်လုပ်မှုရပ်ဆိုင်းထားသည့် တွင်းအမှတ် (၄၉) နှင့် တွင်းအမှတ် (၅၁) နေရာများသို့ သွားရောက်၍ ကျွန်းချောင်းဒေသမှ ပြောင်းရွှေ့တည်ဆောက်မည့် မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း၏ ရေနံဓာတ်ငွေ့ရည်စက်ရုံ တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပြန်လည်ဖြည့်စွက်မှာကြားခဲ့သည်။

**(သတင်းစဉ်)**



# စလင်းမြို့၌ မီးသတ်ရေစုပ်ကန် ဆောက်လုပ်

**စလင်း မတ် ၂၁**

မကွေးတိုင်းဒေသကြီး စလင်းမြို့တွင် မီးဘေးအန္တရာယ်ကာကွယ်နိုင်ရန်အတွက် ရေစုပ်ရေတင် မီးသတ်ရေကန် တည်ဆောက်ပြီးစီးပြီဖြစ်သည်။

အဆိုပါ ရေစုပ်စက်တည် နေရာမှာ စလင်းမြို့ ဝက်သည်းကန်ကြီး၏ ရှေ့မျက်နှာစာနားတွင် တည်ဆောက်ထားရှိပြီး ၂၂ ကောင် ဂျေအမ်တစ်လုံး၊ လေးလက်မပန့်သုံးလုံး တပ်ဆင်ထားရှိပြီး ရေဂါလန် ၁၆၀၀ ဆံ့မီးသတ် ကားတစ်စီး၊ လေးမိနစ်နှင့် ရေစုပ်တင်ဖြည့်ပေးနိုင်ကြောင်းနှင့် စလင်းမီးသတ်ဌာနတွင် မီးသတ်ကားသုံးစီး၊ ရေသယ်ယာဉ်တစ်စီးရှိကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# ကလေးမြို့ပြည်သူ့ဆေးရုံ လူနာဆောင်တိုးချဲ့

**ကလေး မတ် ၂၂**

ကလေးမြို့ ပြည်သူ့ဆေးရုံ လူနာဆောင်အတွက် နှစ်ထပ်တိုးချဲ့ဆောင်သစ်ကြီးကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် နိုင်ငံတော်အစိုးရ၏ ထောက်ပံ့ငွေမှ ကျပ်သန်းပေါင်း ၄၆၉ သန်းအကုန်အကျခံကာ လက်ရှိပြည်သူ့ဆေးရုံကြီး၏ တောင်ဘက်တွင် အရှည် ပေ ၂၄၀၊ အကျယ် ၅၆ ပေရှိ နှစ်ထပ်တိုးချဲ့ဆောင်သစ်ကို RC သံကူကွန်ကရစ်ဖြင့် Alphawing ကုမ္ပဏီက တာဝန်ယူလျက် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်က စတင်ဆောက်လုပ်ကာ ယခုအချိန်တွင် ပြီးစီးပြီးဖြစ်၍ ဆေးကုသဆောင် MEDICAL UNIT အတွက် အသုံးပြုနေပြီဖြစ်ကြောင်း သိရသည်။

ကလေးမြို့ ခုတင် (၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးသည် ကလေးမြို့နယ်ရှိ ပြည်သူများ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့မှ ပြည်သူများ၏ အားကိုးအားထားရာ ဆေးရုံကြီးဖြစ်သည်နှင့် အညီ လူနာပေါင်းစုံ၊ ရောဂါမျိုးစုံကို အထူးကု ဆရာဝန်များစုံလင်စွာဖြင့် ဆေးကုသပေးလျက်ရှိရာ နှစ်ထပ်တိုးချဲ့ဆောင်သစ်ကြီး ဆောက်လုပ်ပြီးစီးခြင်းကြောင့် တက်ရောက်ဆေးကုသသည့်လူနာများအတွက် များစွာ အထောက်အကူပြုလာပြီဖြစ်သည်။

ထို့အပြင် ကလေးမြို့ ပြည်သူ့ဆေးရုံ ဆေးကုဆောင်နှစ်ထပ်တိုးချဲ့ဆောင်သစ်အတွက် အဝီစိတွင်း၊ မိလ္လာကန်၊ ရေကန်နှင့်ရေစင်များကိုလည်း ကျပ်သိန်းပေါင်း ၂၁၈ ဒသမ ၃၆ သိန်းအကုန်အကျခံ ဆောက်လုပ်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဂျူနိုင်း**

**ကလေးမြို့ ပြည်သူ့ဆေးရုံလူနာဆောင် နှစ်ထပ်တိုးချဲ့ဆောင်သစ်ကိုတွေ့ရစဉ်။**



ပြည်တွင်းသတင်း

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် နောက်ဆုံးမူကြမ်း အပြီးသတ်ဆွေးနွေးနိုင်ရန် ဆွေးနွေးပွဲခေတ္တရပ်နား



**ရန်ကုန် မတ် ၂၂**

(၇)ကြိမ်မြောက် ကျင်းပလျက်ရှိသည့် တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA) နောက်ဆုံးမူကြမ်းအား ဆဋ္ဌမမြောက်နေ့ ဆွေးနွေးအပြီး အပြီးသတ်ဆွေးနွေးနိုင်ရန်အတွက် ခေတ္တရပ်နားကာ မတ် ၃၀ ရက်တွင် သတ္တမမြောက်နေ့အဖြစ် ဆက်လက်ကျင်းပမည်ဟု ဆွေးနွေးပွဲအပြီး ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ နှစ်ဖက်ကိုယ်စားလှယ်များက ပြောကြားခဲ့သည်။

ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်း ကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ (NCCT)တို့သည် (၇)ကြိမ်မြောက် ဆွေးနွေးပွဲအား မတ် ၂၂ ရက် မွန်းတည့် ၁၂ နာရီက ဆဋ္ဌမမြောက်နေ့အဖြစ် ရန်ကုန်မြို့၊ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC)၌ ဆက်လက်တွေ့ဆုံဆွေးနွေးခဲ့သည်။

**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA)နောက်ဆုံးမူကြမ်း**တွင် အခန်း (၇) ခန်း၊ အပိုဒ် (၃၀)နှင့် အပိုဒ်ခွဲပေါင်း(၈၁) ခုပါရှိသည်။ UPWC နှင့် NCCT တို့၏ (၇)ကြိမ်မြောက်ဆွေးနွေးပွဲခြောက်ရက်တာကာလအတွင်း NCA စာချုပ်ပါ အခန်း(၇)ခန်းလုံးကို ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ပြီး ပြန်လည်သုံးသပ်နိုင်ခဲ့သည်။ နှစ်ဖက်ညှိနှိုင်းဆွေးနွေးရန် အချက်ကြီးတစ်ချက်နှင့် အပိုဒ်ခွဲ(၃)ခုသာ ဆွေးနွေးရန် ကျန်ရှိတော့သည်ဟု ဆွေးနွေးပွဲအပြီး မီဒီယာရှင်းလင်းပွဲ၌ MPC မှ ဦးလှမောင်ရွှေက ပြောကြားသည်။

ဆွေးနွေးပွဲ တစ်ပတ်ကြာ ရပ်နားရခြင်းအပေါ် NCCT အဖွဲ့ဝင် ဗိုလ်မှူးကြီး ခွန်ဥက္ကာက“(၇) ကြိမ်မြောက် အစည်းအဝေးက မပြီးသေးပါဘူး။ ဆက်သွားနေတဲ့ ဖြစ်စဉ်ပါ။ ဇာတ်လမ်းတစ်ခုလိုဆိုရင် ဇာတ်ပေါင်းတဲ့အချိန်မှာ လှလှပပအကွက်ကျကျဖြစ်အောင် ပြင်ဆင်ဖို့အနေနဲ့ (၇)ရက်ရွှေ့တာဖြစ်ပါတယ်လို့ တင်ပြချင်ပါတယ်။ (၇)ကြိမ်မြောက် NCA အစည်းအဝေးဆုံချက်က ကျွန်တော်တို့ တော်တော်လေးကို ပြင်ဆင်မှုကောင်းတယ်၊ ပြည့်စုံမှုရှိတယ်။ အင်တိုက်အားတိုက် ဖြစ်တယ်လို့ သုံးသပ်လို့ရတယ်။ ယာယီခဏနားပြီး အပြီးသတ်ကို လှလှပပနဲ့ အပြီးသတ်နိုင်အောင် ပြင်ဆင်တာကတော့ နားလည်မှု လုပ်ပေးဖို့အတွက်ပါ” ဟု ပြောသည်။

UPWC နှင့် NCCT တို့၏ (၇) ကြိမ်မြောက်ဆွေးနွေးပွဲ ခြောက်ရက်တာကာလအတွင်း ပထမနေ့တွင် ပဋိပက္ခလျှော့ချရေး ခေါင်းစဉ်များကို ဆွေးနွေးခဲ့သည်။ ဒုတိယနေ့တွင် နှစ်ဖက်တပ်များ လိုက်နာရမည့် စည်းမျဉ်း စည်းကမ်းများ (Military CoC) နှင့် ယင်းစည်းမျဉ်း စည်းကမ်းများကို ပူးတွဲစောင့်ကြည့်ရေးကော်မတီ (Joint Monitering Committee) ဖွဲ့စည်းရေး အစရှိသည့် တပ်ပိုင်းဆိုင်ရာ ကိစ္စရပ်အား အဓိကထား ဆွေးနွေးခဲ့သည်။ တတိယနေ့တွင် အခန်း(၅)အား ဆွေးနွေးခဲ့ပြီး ပဋိပက္ခလျှော့ချရေးနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်(NCA)ပါ တပ်ပိုင်းဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးသဘောတူညီမှုရရှိခဲ့သည်။ စတုတ္ထနေ့တွင် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ်(မူကြမ်း)တွင် ပါဝင်သည့် ကျန်ရှိနေသည့် အခန်းများ၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ် ချုပ်ဆိုပြီးပါက စာချုပ်အား ပူးတွဲအကောင်အထည်ဖော်ရန်အတွက် ဆက်လက်လုပ်ဆောင်ရမည့်ကိစ္စရပ်များ Structure (ဖွဲ့စည်းမှုပုံသဏ္ဌာန်)နှင့်လမ်းပြမြေပုံ(Road Map) ကိစ္စရပ်များကို မတ် ၂၀ ရက်တွင် ပြုလုပ်သည့် စတုတ္ထနေ့တွင် ဆက်လက်ဆွေးနွေးခဲ့သည်။ ပဉ္စမနေ့တွင် ယခင်နေ့ဆွေးနွေးပွဲ၌ မပြီးပြတ်ခဲ့သည့် Road Map(လမ်းပြမြေပုံ)နှင့် အခန်း(၅)တွင် ကျန်ရှိသည့် အချက်ငယ်နှစ်ချက်၊ အခန်း(၆)၊ အခန်း(၇)တို့ကို ဆက်လက်ဆွေးနွေးခဲ့သည်။ ဆဋ္ဌမနေ့တွင် အခန်း(၇)ခန်းလုံးကို ဆွေးနွေးပြီး ပြန်လည်သုံးသပ်မှုပြုလုပ်နိုင်ခဲ့သည်။

(၇) ကြိမ်မြောက် UPWC နှင့် NCCT တို့၏ တွေ့ဆုံဆွေးနွေးမှုတွင် RCSS/SSA၊ ABSDF၊ နာဂနှင့် မိုင်းလားတိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များမှ လေ့လာသူများအဖြစ် တက်ရောက်ခဲ့ကြသည်။

(၇) ကြိမ်မြောက် UPWC နှင့် NCCT တို့၏ တွေ့ဆုံဆွေးနွေးမှု သတ္တမနေ့အဖြစ် မတ် ၃၀ ရက်တွင် MPC ၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။ NCA တွင် ကျန်ရှိနေသေးသည့်အချက်များအား NCA စာချုပ်၏ နောက်ဆုံးမူကြမ်းအဖြစ် သတ်မှတ်ကာ အပြီးသက်ဆွေးနွေးမည်ဖြစ်ကြောင်း ယနေ့ပြုလုပ်သည့် မီဒီယာတွေ့ဆုံပွဲမှ သိရသည်။

**(သတင်းစဉ်)**

# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် နောက်ဆုံးမူကြမ်းဆွေးနွေးပွဲ ခေတ္တရပ်နားရခြင်းအပေါ် နှစ်ဖက်ကိုယ်စားလှယ်များ၏သဘောထား

**တွေ့ဆုံမေးမြန်း - ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်**
**ဓာတ်ပုံ - ဖိုးထောင်**

ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT) တို့၏ (၇) ကြိမ်မြောက်ဆွေးနွေးပွဲကျင်းပလျက်ရှိသည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA) နောက်ဆုံးမူကြမ်းအား ဆွေးနွေးပွဲခြောက်ရက်တာ ကာလအတွင်း NCA စာချုပ်ပါ အခန်း(၇)ခန်းလုံးကို ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ပြီး ပြန်လည်သုံးသပ်နိုင်ခဲ့သည်။ နှစ်ဖက်ညှိနှိုင်းဆွေးနွေးရန် အချက်ကြီးတစ်ချက်နှင့် အပိုဒ်ခွဲ(၃)ခုသာ ဆွေးနွေးရန်ကျန်ရှိပြီး ယင်းတို့ကို မတ်လ ၃၀ ရက်နေ့တွင် သတ္တမရက်မြောက်နေ့အဖြစ် ဆက်လက်ဆွေးနွေးမည်ဖြစ်သည်။

ယခုပြုလုပ်နေသည့် (၇) ကြိမ်မြောက်နှစ်ဖက်တွေ့ဆုံမှုသည် ရက်အရှည်ကြာဆုံး ဆွေးနွေးမှုနှင့် သဘောတူညီမှု အများဆုံးရရှိခဲ့သည့် ဆွေးနွေးပွဲဖြစ်ကြောင်း နှစ်ဖက်ကိုယ်စားလှယ်များ၏ ပြောဆိုမှုများအရ သိရသည်။ မတ်လ ၂၂ ရက်နေ့ ပြုလုပ်သည့် ဆဋ္ဌမမြောက်ဆွေးနွေးပွဲအပြီး ဆက်လက်ဆွေးနွေးရန် တစ်ပတ်ကြာ ရပ်နားခဲ့မှုအပေါ် နှစ်ဖက်ကိုယ်စားလှယ်များ၏ အမြင်များကို မေးမြန်းခဲ့သည်။

**ဗိုလ်မှူးကြီးခွန်ဥက္ကာ (အဖွဲ့ဝင်)**
**တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT)**



ဆွေးနွေးပွဲရဲ့ ထူးခြားချက်က (၇) ကြိမ်မြောက်မှာပဲ NCA ကို အပြီးသတ်မယ်။ (၈) ကြိမ်မြောက်ဆိုတာ မရှိစေရဘူးလို့ သန္နိဋ္ဌာန်ချထားတယ်။ (၇)ကြိမ်မြောက်ကို လာကြတာ NCCT အဖွဲ့ဝင် ခေါင်းဆောင် သုံးဦးနဲ့အဖွဲ့ဝင်အားလုံးလာကြတယ်။ အင်တိုက်အားတိုက် လာကြတာဖြစ်တယ်။ ဒါတင်မဟုတ်ဘူး။ မြောက်ပိုင်းမှာရှိနေတဲ့ KIO ကိုယ်စားလှယ် တစ်ဖွဲ့လုံးလာပြီးတော့ (၇)ကြိမ်မြောက်ဆွေးနွေးပူးပေါင်းတယ်။ KIO တစ်ဖွဲ့လုံးကလည်း နေပြည်တော်ဝင်ရောက်ပြီး အစိုးရအကြီးအကဲများနဲ့ တပ်မတော်ကို တွေ့ဆုံဆွေးနွေးညှိနှိုင်းခဲ့ပြီး ဖြစ်တယ်။ ဒါကြောင့် (၇) ကြိမ်မြောက် NCA အစည်းအဝေးဆုံချက်က ကျွန်တော်တို့ တော်တော်လေးကို ပြင်ဆင်မှုကောင်းတယ်၊ ပြည့်စုံမှုရှိတယ်။ အင်တိုက်အားတိုက်ဖြစ်တယ်လို့ သုံးသပ်လို့ရတယ်။ နောက်တစ်ခါ ဆွေးနွေးပွဲမှာဖြစ်ပေါ်လာတဲ့ ကွာဟမှုရှိရင်တောင်မှ မနှစ်က ၂၀၁၄ စက်တင်ဘာလတုန်းကလို မဖြစ်အောင် သင်ခန်းစာယူပြီး နှစ်ဖက်စလုံးကရှောင်ပြီး ဆောင်ရွက်တယ်။ စက်တင်ဘာ ကိစ္စကြောင့် (၇)ကြိမ်မြောက် ဆွေးနွေးပွဲလုပ်ဖို့ ခြောက်လကြာခဲ့တယ်။ ခြောက်လအတွင်းမှာလည်း မလိုအပ်တဲ့အရေးကိစ္စတွေ အများကြီးဖြစ်တယ်။ ဒါကြောင့် ဒီတစ်ခါဆွေးနွေးပွဲမှာ စည်းကမ်းအနေနဲ့ ချမှတ်ထားတာမဟုတ်ဘဲနဲ့ကို ခေါင်းဆောင်တွေအားလုံးက စက်တင်ဘာလို မဖြစ်အောင် ကိုယ့်အသိတရားနဲ့ကိုယ် ဆွေးနွေးတဲ့အတွက် NCA စာချုပ်ချုပ်ဆိုဖို့အောင်မြင်ပေါက်မြောက်မှုတွေ ရှိလာတယ်လို့ မြင်တယ်။ NCCT ဘက်ကပဲမဟုတ်ဘူး။ အစိုးရနဲ့ တပ်မတော်ဘက်ကလည်း အဲဒီစိတ်ထားမျိုးရှိတယ်ဆိုတာ ဒီအစည်းအဝေးမှာတွေ့ရတယ်။ အခုယာယီခဏနားပြီး အပြီးသတ်မှာ လှလှပပနဲ့ အပြီးသတ်နိုင်အောင် ပြင်ဆင်တာကတော့နားလည်မှု လုပ်ပေးဖို့အတွက်ပေါ့။ (၇)ကြိမ်မြောက် အစည်းအဝေးက မပြီးသေးပါဘူး။ ဆက်သွားနေတဲ့ ဖြစ်စဉ်ပါ။ ဇာတ်လမ်းတစ်ခုလိုဆိုရင် ဇာတ်ပေါင်းတဲ့အချိန်မှာ လှလှပပအကွက်ကျကျ ဖြစ်အောင် ပြင်ဆင်ဖို့အနေနဲ့ (၇)ရက် ရွှေ့တာဖြစ်ပါတယ်လို့တင်ပြချင်ပါတယ်။

**ဦးလှမောင်ရွှေ အကြီးတန်းအကြံပေး**
**မြန်မာနိုင်ငံငြိမ်းချမ်းရေး**
**ပြန်လည်ထူထောင်ရေးလုပ်ငန်း**
**ဗဟိုဌာန (MPC)**



အခန်း(၁)မှ (၇)အထိ အားလုံးဆွေးနွေးနိုင်ပါတယ်။ နှစ်ဖက်ခေါင်းဆောင်များအကြား အခန်း (၆) ရှိ ကြားကာလအချက်ကို မတ်လ ၃၀ ရက်နေ့တွင် ပြန်ဆွေးနွေးပါမယ်။ အခန်း(၃)နှင့် အခန်း(၅)တွင် ပါဝင်သည့် အပိုဒ် တစ်ပိုဒ်စီတွင် စကားလုံး ရွေးချယ်ရန်အတွက် ၃၀ ရက်နေ့မှာ ပြန်ဆွေးနွေးမယ်။ ကျန်တဲ့အချက်တွေ အားလုံးဟာ သဘောတူညီချက်ရပြီး ဖြစ်ပါတယ်။ ဆွေးနွေးပွဲကို တစ်ပတ်ရပ်နားရတဲ့ အကြောင်းအရင်းနှစ်ပိုင်းရှိပါတယ်။ အခန်း(၇)ခန်းရှိပြီး အပိုဒ်ပေါင်း (၃၀)ရှိတယ်။ အပိုဒ်ခွဲပေါင်း(၈၁)ခု ပါဝင်တဲ့ ဒီ NCA စာချုပ်ကို(၇)ကြိမ်မြောက်ဆွေးနွေးပွဲအဖြစ် ခြောက်ရက်တာ ဆွေးနွေးအပြီးမှာ နှစ်ဖက်အဖွဲ့အစည်းခေါင်းဆောင်များ ညှိနှိုင်းဖို့အတွက် ကြားကာလဆိုတဲ့ အချက်တစ်ချက် ညှိနှိုင်းဖို့ကျန်ပါတယ်။ ကျန်တဲ့အချက်တွေကတော့ စကားလုံးရွေးချယ်မှုပဲ ကျန်တယ်။ တချို့အချက်တွေက UPWC အနေနဲ့ သူတို့ရဲ့ ဗဟိုကော်မတီကို ပြန်တင်ပြပြီး ဒီရက်ပိုင်းမှာ ပြီးပြတ်အောင် လုပ်ဖို့လိုတယ်။ NCCT ဘက်ကလည်း တချို့ကိစ္စတွေ ပြန်ဆွေးနွေးနိုင်ဖို့အတွက် အချိန်တစ်ခုယူတဲ့ သဘောပဲ။ (၈)ကြိမ်မြောက် ဆွေးနွေးပွဲကို မသွားတော့ဘဲ (၇)ကြိမ်မြောက်ဆွေးနွေးပွဲကို မတ် ၃၀ ရက်မှာ ဆက်ပြီးလုပ်ဖို့ နှစ်ဖက်ခေါင်းဆောင်တွေက ဆုံးဖြတ်တဲ့သဘောပါ။ UPWC ဘက်ကတော့ ဆွေးနွေးပွဲကို အကျဉ်းချုပ်ပြောရရင် အခန်း(၆) ကြားကာလမှာ အချက်တစ်ချက်အနေနဲ့ နှစ်ဖက်ခေါင်းဆောင်တွေ ညှိနှိုင်းဖို့ လိုပါတယ်။ (၇)ကြိမ်မြောက်ဆွေးနွေးပွဲရဲ့ ထူးခြားချက်က အချိန်အကြာဆုံးသော ဆွေးနွေးပွဲလို့ ပြောရင်ရတယ်။ နှစ်ဖက်သဘောတူဖို့အတွက် နှစ်ဖက်ခေါင်းဆောင်တွေရဲ့ သဘောထားကြီးကြီး အမြော်အမြင်ကြီးကြီးနဲ့ ညှိနှိုင်းခဲ့တာတွေက ရှေ့ကဆွေးနွေးပွဲတွေထက် ပိုသာလွန်တယ်လို့ ပြည်သူလူထုကို တင်ပြချင်တယ်။ အခန်း(၇)ခန်း၊ အပိုဒ်(၃၀) နဲ့ အပိုဒ်ခွဲပေါင်း (၈၁) ခုပါဝင်ရာမှာ အချက်ကြီးတစ်ချက်နဲ့ အပိုဒ်ခွဲ (၃) ခုကလွဲရင် အားလုံးပြီးပြတ်ပြီလို့ ထူးခြားချက်အနေနဲ့ ပြောပြလိုပါတယ်။

**ဦးအောင်နိုင်ဦး (တွဲဖက်ဒါရိုက်တာ)**
**ငြိမ်းချမ်းရေး ဆွေးနွေးပွဲအစီအစဉ်**
**မြန်မာနိုင်ငံငြိမ်းချမ်းရေး**
**ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC)**

စာချုပ်မူကြမ်းပြီးစီးဖို့ ခေတ္တရပ်နားတာပါ။ (၇)ကြိမ်မြောက်ဆွေးနွေးပွဲက ပြောရရင် တိုးတက်



မှုတွေ အများကြီးရတယ်။ ပြီးခါနီးနည်းနည်းလေးပဲ ကျန်တယ်။ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုတွေ အများကြီးရကြတယ်။ စကားလုံးတွေကအဓိပ္ပာယ်မရှင်းတဲ့ အပေါ်မှာပဲ ညှိဖို့ကျန်တယ်။ အနားယူပြီးတော့ ပြန်ဆွေးနွေးရင် တစ်ခါတည်း ပြီးသွားမယ်။ ကျွန်တော် ဒီနေ့ ပြီးမယ်တောင်တွက်တာ။ အဓိက ကျန်နေတာက တပ်နေရာချထားရေးကိစ္စတစ်ခုပဲ ကျန်နေတာ။ အခြေအနေကောင်းတယ်။ ရှေ့တစ်ပတ်မှာ ပြီးမယ်။ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုတွေ အများကြီးရတယ်။ NCA ကို မပြီးပြီးအောင် ဒီရက်ပိုင်းအတွင်းမှာ အပြီးလုပ်မယ်ဆိုတဲ့ သန္နိဋ္ဌာန်တွေ ချထားတယ်။

(ကျေးဇူးတင်ပါတယ်။)

**တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA) နောက်ဆုံးမူကြမ်း**ပါ အခန်း(၇) ခန်းလုံးကို ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ပြီး ပြန်လည်သုံးသပ်နိုင်ခဲ့သည်။ နှစ်ဖက် ညှိနှိုင်းဆွေးနွေးရန် အချက်ကြီးတစ်ချက်နှင့် အပိုဒ်ခွဲ(၃)ခုသာ မတ် ၃၀ ရက်တွင် ဆွေးနွေးရန် ကျန်ရှိတော့သည်။

## သံတွဲခရိုင် ဂွမြို့နယ် တိုင်ကျိုးကျေးရွာ၌ မီးလောင်မှုဖြစ်ပွား

**သံတွဲ မတ် ၂၂-** ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နယ် တိုင်ကျိုးကျေးရွာ၌ မတ် ၂၀ ရက်မွန်းတည့် ၁၂ နာရီခန့်က မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။ အဆိုပါမီးလောင်မှုကို ဂွမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးမြင့်ဇော်၊ ဒုရဲမှူး မြင့်ဌေးနှင့် မြို့နယ်မီးသတ်ဦးစီးမှူးတို့ ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ အထောက်အကူပြုကော်မတီများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်နှစ်စီးဖြင့် သွားရောက်မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ဦးညီသိန်း၏ လေးပင်နှစ်ထပ် ခနိမိုး၊ ပျဉ်ထောင်၊ ပျဉ်ခင်းအိမ်တစ်လုံးမီးလောင်ဆုံးရှုံးခဲ့သည်။ ဖြစ်စဉ်မှာ ထင်းမီးဖိုဖြင့် ထမင်းချက်ရာမှ လောင်ကျွမ်းခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရပြီး အိမ်ရှင်ဦးညီသိန်းကို သက်ဆိုင်ရာက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

ချိန်ခါမရွေး သတိပေး
မီးဘေးကင်းဝေးမှာ

တွေ့ဆုံမေးမြန်း

# တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားမှုကိုထိခိုက်စေသော ဖြစ်ရပ်များနှင့်ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံမေးမြန်း

**တွေ့ဆုံမေးမြန်း-ဟန်နီဝင်း၊ ဓာတ်ပုံ-ထိန်နန်နော်**

**တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားမှုကို ထိခိုက်စေသော ဖြစ်ရပ်များနှင့် ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့မှုများကို ဖော်ပြအပ်ပါသည်။**

**ဦးမြတ်ထွန်းဦး**
**ခရိုင်အုပ်ချုပ်ရေးမှူး၊ ရန်ကုန်မြောက်ပိုင်းခရိုင်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**မေး ။ လက်ရှိအခြေအနေမှာ နိုင်ငံရဲ့တရားဥပဒေစိုးမိုးရေးနဲ့ ငြိမ်ဝပ်ပိပြားမှုကို ထိခိုက်စေတဲ့ ဖြစ်စဉ်ဖြစ်ရပ်အခြေအနေတော်တော်များများတွေ့ရပါတယ်။ အခုဆိုလို့ရှိရင်လည်း လက်ပံတန်းကိစ္စ အရေးယူဆောင်ရွက်ချက်တွေနဲ့စပ်လျဉ်းတဲ့ ဆန္ဒပြမှုတွေ ဖြစ်ပေါ်နေတာကိုလည်း တွေ့ရပါတယ်။ ဒီလိုဖြစ်စဉ်နဲ့ ပတ်သက်ပြီး ဆရာ့အမြင်လေး ပြောပြပေးပါ။**

ဖြေ ။ ၂၀၁၅ခုနှစ်အတွင်း လွတ်လပ်ပြီး တရားမျှတမှုရှိတဲ့ အထွေထွေရွေးကောက်ပွဲကို အောင်မြင်အောင် ဆောင်ရွက်ဖို့ လိုအပ်တဲ့အတွက် အခြေအနေအရပ်ရပ်ဟာ တည်ငြိမ်အေးချမ်းစွာရှိနေဖို့ လိုအပ်ပါတယ်။ ဒါပေမယ့် ၂၀၁၅ခုနှစ် နှစ်စပိုင်းကစပြီး ကျောင်းသား အချို့နဲ့အလုပ်သမားအချို့ဟာ အမျိုးသားပညာရေး ဥပဒေ ပြင်ဆင်ရေး၊ လုပ်ခလစာတိုးမြှင့်ရရှိရေးနဲ့ပတ်သက်ပြီး ဆန္ဒပြလှုပ်ရှားမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ အလုပ်သမားပြဿနာနဲ့ပတ်သက်ပြီး အလုပ်သမားဝန်ကြီးဌာန တာဝန်ရှိသူတွေနဲ့ ညှိနှိုင်းဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ပြီး အမျိုးသားပညာရေး ဥပဒေ ပြင်ဆင်ရေးနဲ့ပတ်သက်ပြီးတော့လည်း ဆွေးနွေးညှိနှိုင်းပြီး အတည်ပြုနိုင်ဖို့အတွက် လွှတ်တော်မှာတင်ပြဆောင်ရွက်တဲ့အဆင့် ရောက်နေပြီဖြစ်ပါတယ်။ လက်ပံတန်း ဖြစ်စဉ်နဲ့ပတ်သက်ပြီး ကန့်ကွက်ဆန္ဒပြမှုတွေ ရှိခဲ့ပါတယ်။ ဒီကန့်ကွက် ဆန္ဒပြမှုတွေကလည်း ဥပဒေနဲ့ညီဖို့လိုပါတယ်။ ဒီလိုမှမဟုတ်ရင်တော့ ဥပဒေအရ အရေးယူဆောင်ရွက်ရမယ့် အခြေအနေပဲဖြစ်ပါတယ်။

တန်းမှာရှိနေတဲ့ကာလ ဖေဖော်ဝါရီ ၂၄/၂၅/၂၆ ရက်နေ့တွေမှာတော့ NNER အဖွဲ့ကနေ ဆန္ဒပြသပိတ်အဖွဲ့တွေကို သင်တန်းတွေပေးခဲ့ပါတယ်။ လွတ်လပ်စွာသဘော ကွဲလွဲခွင့်နဲ့ ဒီမိုကရေစီခေါင်းဆောင်မှုစတာတွေကို ဆွေးနွေးပို့ချခြင်းနဲ့ ရဟန်းရှင်လူ ပြည်သူအပေါင်းသို့ ပန်ကြားခြင်းခေါင်းစဉ်ပါ ခွပ်ဒေါင်းနွေဦးစာစောင်တွေကိုလည်းဖြန့်ဝေခဲ့တာ တွေ့ရပါတယ်။ မတ် ၂ရက်နေ့မှာတော့ နံနက်ပိုင်း၊ ညနေပိုင်းနဲ့ ညပိုင်းတို့မှာ ကျောင်းသားခေါင်းဆောင်တွေနဲ့ ကျွန်တော်တို့တာဝန်ရှိသူများတွေ့ဆုံပြီးတဲ့အခါ နေရပ်ပြန်ဖို့အတွက် ဆွေးနွေးခဲ့ကြပါတယ်။ ဆွေးနွေးတဲ့အခါမှာ အဆင်မပြေတဲ့ အခါကျတော့ ရန်ကုန်ဆက်လက်ချီတက်ဖို့ အချက်(၈)ချက်ပါ တောင်းဆိုမှုကို တင်ပြခဲ့ပါတယ်။ အဲဒီလိုတင်ပြလာတဲ့အတွက် မတ် ၃ ရက်နေ့ မနက်ပိုင်းတွင် တစ်ကြိမ်ထပ်မံတွေ့ဆုံခဲ့ပါတယ်။ အဲဒီလိုဆွေးနွေးတဲ့အခါ ပြီးပြတ်မှုမရှိဘဲ ထပ်မံဆွေးနွေးမယ်လို့ ပြောပြီး ပြန်သွားပါတယ်။ ပြန်သွားပြီးတော့ ဘုန်းကြီးကျောင်းရောက်ပြီး သပိတ်စစ်ကြောင်းက လမ်းမပေါ်ကို အလံတွေ ဆိုင်းဘုတ်တွေကိုင်ပြီး ရုတ်တရက် ထွက်လာခဲ့ပါတယ်။ အဲဒီလိုထွက်လာတဲ့အတွက် အမျိုးသမီးတပ်ဖွဲ့ဝင်တွေက တားဆီးခဲ့ရပါတယ်။ တားဆီးတဲ့အတွက် တန် ၂၅၀ ဆန်စက်လမ်းမပေါ်မှာ ထိုင်သပိတ်အဖြစ် ဆောင်ရွက်တဲ့အခြေအနေကို ရောက်ရှိခဲ့ပါတယ်။ မတ်လ ၄ ရက်နေ့မှာ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်ကိုယ်တိုင် မတ်လ ၅ ရက်နေ့ ညနေပိုင်းမှာ မြို့နယ်သာသနာထိန်းသိမ်းရေးဥက္ကဋ္ဌ ဆရာတော်နဲ့အဖွဲ့ဝင် ဆရာတော်တွေ ကိုယ်တိုင်ကြွရောက်လာပြီး ဆန္ဒပြအဖွဲ့ကို လက်ရှိမြို့နယ်မှာ ဖြစ်နေတဲ့ အခြေအနေတွေကို ဆွေးနွေးခဲ့ပါတယ်။ လက်ရှိအခြေအနေမှာ မကြာခင် တက္ကသိုလ်ဝင်စာမေးပွဲလည်း ကျင်းပမှာဖြစ်တယ်။ ပြီးတဲ့အခါ ပါဠိပထမပြန် စာမေးပွဲကို ထပ်ပြီး ကျင်းပမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ မြို့နယ်မှာ တည်ငြိမ်အေးချမ်းမှု ရှိစေဖို့အတွက် သပိတ်အား ရပ်နားပေးဖို့ မေတ္တာရပ်ခံ ပန်ကြားခဲ့ပါတယ်။

**ဦးစန်းလှိုင်**
**ခရိုင်အုပ်ချုပ်ရေးမှူး**
**သာယာဝတီခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**မေး ။ မန္တလေးကနေစခဲ့တဲ့သပိတ်စစ်ကြောင်း လက်ပံတန်းကို ရောက်လာတဲ့ အခြေအနေနဲ့ အခုလက်ရှိဆွေးနွေးညှိနှိုင်းပြီး ထိန်းသိမ်းဆောင်ရွက်ခဲ့တဲ့ အခြေအနေတွေနဲ့ပတ်သက်ပြီး သိချင်ပါတယ်။**




သပိတ်စစ်ကြောင်းကို တားဆီးသည့် အမျိုးသမီးရဲတပ်ဖွဲ့ဝင်များကိုတွေ့ရစဉ်။ (ဓာတ်ပုံ-ဧရာဝတီ)

ဖြေ ။ မန္တလေးစစ်ကြောင်းဟာ ဇန်နဝါရီ ၂၀ရက်နေ့ကနေ စတင်ထွက်ခွာလာပြီး စစ်ကြောင်းလျှောက်လာရာလမ်းကြောင်းတစ်လျှောက်မှာရှိတဲ့၊ ခရိုင်မြို့နယ်အသီးသီးမှာရှိတဲ့ အုပ်ချုပ်ရေးအဖွဲ့တွေ၊ ဌာနဆိုင်ရာတွေ၊ ရပ်မိရပ်ဖတွေဟာ တရားဥပဒေစိုးမိုးရေးနဲ့ ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်စေနိုင်တဲ့အတွက် မေတ္တာရပ်ခံမှုတွေရှိခဲ့ပါတယ်။ ဒါကို လိုက်နာမှုမရှိဘဲ တောက်လျှောက်ချီတက်လာတာ ဖေဖော်ဝါရီ ၁၇ ရက်နေ့မှာ လက်ပံတန်းမြို့ကို ရောက်ရှိခဲ့ပါတယ်။ အဲဒီလိုပဲ ပဲခူးဘက်မှ ချီတက်လာတဲ့ သပိတ်စစ်ကြောင်းနဲ့ ဧရာဝတီသပိတ်စစ်ကြောင်းတွေဟာ ဖေဖော်ဝါရီ ၁၄ရက်နေ့က ပြုလုပ်တဲ့ (၄)ပွင့်ဆိုင် သဘောတူညီချက်ကို လက်ခံပြီးတော့ သူတို့ရဲ့ နေရပ်အသီးသီးကို လူစုခွဲသွားခဲ့ပြီး မန္တလေးသပိတ်စစ်ကြောင်းကတော့ လက်ပံတန်းမှာ ဆက်လက်ပြီး အခြေပြုနေပါတယ်။ လက်ပံ

အဲလိုပြောနေတဲ့ မတ် ၆ ရက်နေ့ မနက် ၉နာရီ မိနစ် ၂၀ မှာ ထိုင်သပိတ်မှာပါတဲ့ ဆန္ဒပြနေတဲ့အဖွဲ့က ကျားလေးဦး၊ မတစ်ဦးတို့ဟာ လက်ပံတန်းမြို့မဈေးကို သွားပြီးတော့ လက်ကိုင်စကားပြောစပီကာနဲ့ဆိုင်းဘုတ်တွေ ကိုင်ဆောင်ပြီး ဟစ်အော်စည်းရုံးလှုံ့ဆော်မှုတွေပြုလုပ်ခဲ့တဲ့အတွက် တာဝန်ရှိသူအသီးသီးက တားဆီးထိန်းသိမ်းခဲ့ရပါတယ်။ အဲဒီလိုထိန်းသိမ်းတဲ့အတွက် ဆရာတော်နဲ့ မြို့မိမြို့ဖတွေက မေတ္တာရပ်ခံချက်အရ မတ် ၇ ရက်နေ့မှာ ကျောင်းသားလေးဦးနဲ့ ကျောင်းသူ တစ်ဦးကို မြို့မိ/မြို့ဖလက်ထဲ ပြန်လည်အပ်နှံခဲ့ပါတယ်။ အဲဒီနေ့ ၁၁ နာရီ ၃၅ မိနစ်အချိန်မှာပဲ NNER အဖွဲ့က ငါးဦးနဲ့ ကျွန်တော်တို့ဘက်က တာဝန်ရှိသူများ ကျောင်းသားသပိတ်ကိစ္စနဲ့ပတ်သက်ပြီး တွေ့ဆုံညှိနှိုင်းခဲ့ပါတယ်။ ထပ်မံပြီးတော့ မတ် ၈ ရက်နေ့ နေ့လယ်မှာ လက်ပံတန်းမြို့ပေါ်ရှိတဲ့ ကျောင်းသားမိဘအချို့ကနေ တာဝန်ရှိသူအကြီးအကဲတွေနဲ့တွေ့ဆုံပြီး မကြာမီ သူတို့သားသမီးတွေ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုတော့မှာဖြစ်တဲ့အတွက် လက်ရှိရှိနေတဲ့ သပိတ်အပေါ်မှာ တာဝန်ရှိသူအသီးသီးက လိုအပ်တာတွေ ဆောင်ရွက်ပေးနိုင်ဖို့ လာရောက် ဆွေးနွေးခဲ့သလို မတ် ၉ ရက်နေ့မှာ ထိုင်သပိတ်ဆောင်ရွက်နေတဲ့ ကျောင်းသားတွေထဲကို GTI ကျောင်းသား မိဘတွေက သူတို့ကိုယ်တိုင်ရေးသားထားတဲ့ မေတ္တာရပ်ခံစာကို ကျောင်းသား ခေါင်းဆောင်များ လက်ထဲကို ထည့်ခဲ့ပါတယ်။ ဌာနဆိုင်ရာတွေကိုလည်း ပေးခဲ့ပါတယ်။ နောက်ပြီး NNER အဖွဲ့ကလည်း တောက်လျှောက်လာ



ဦးမြတ်ထွန်းဦး



ဦးစန်းလှိုင်



ဦးကျော်မြင့်စိုး

ရောက်ပြီး ဆွေးနွေးညှိနှိုင်းမှုတွေ လုပ်ခဲ့ပါတယ်။ ဆွေးနွေးခဲ့တဲ့အခြေအနေအရ သပိတ်မှောက် ကျောင်းသားတွေအနေနဲ့ မိမိနေရပ်ကိုဖြစ်ဖြစ်၊ ရန်ကုန်ကိုဖြစ်ဖြစ် ပြန်လိုပါက လေးယောက်၊ ငါးယောက်စုဖွဲ့ပြီး ပြန်နိုင်တယ်လို့ ဆွေးနွေးခဲ့ပါတယ်။ ဒါပေမယ့် ကျောင်းသားတွေက လက်ခံခြင်းမရှိခဲ့ပါဘူး။ လက်ရှိလက်ပံတန်းမှာ သပိတ်အနေနဲ့ ရှိနေတဲ့ ကာလတစ်လျှောက်လုံး အေးအေးချမ်းချမ်းနဲ့ ဒေသတည်ငြိမ်ရေးကို ဦးတည်ပြီး စေ့စပ်ညှိနှိုင်းမှုများကို တောက်လျှောက်ပြုလုပ်ခဲ့ပါတယ်ဆိုတာကိုတော့ ကျွန်တော့်အနေနဲ့ ပြောပြချင်ပါတယ်။

**ဦးကျော်မြင့်စိုး**
**ရပ်မိရပ်ဖ၊ လက်ပံတန်းမြို့နယ်**

**မေး ။ လက်ပံတန်းမှာဖြစ်ခဲ့တဲ့ ဖြစ်စဉ်နဲ့ပတ်သက်ပြီး ရပ်မိရပ်ဖတစ်ဦးအနေနဲ့ ဒီအပေါ်မှာ ဘယ်လိုမျိုး သုံးသပ်ပါသလဲ။ သပိတ်စစ်ကြောင်း ပြေပြေလည်လည် ညှိညှိနှိုင်းနှိုင်း ဖြစ်သွားဖို့အတွက် ဘယ်လိုအခန်းကဏ္ဍကနေ ပါဝင်ပူးပေါင်းဆောင်ရွက်ခဲ့တယ်ဆိုတာ သိပါရစေ။**

ဖြေ ။ မန္တလေးကထွက်လာတဲ့ သပိတ်စစ်ကြောင်းဟာ ဖေဖော်ဝါရီ ၁၇ ရက်နေ့မှာ ရောက်ရှိပါတယ်။ လက်ပံတန်းမြို့ကို ရောက်ရှိပြီး ဝန်းရံအားပေးသူတွေ၊ စေတနာရှင်တွေအားလုံးက နားခိုခွင့်ပေးတယ်။ ကျွေးမွေးစောင့်ရှောက်မှုတွေလည်း ဆောင်ရွက်ပေးတယ်။ အဲဒီလိုပဲ အုပ်ချုပ်ရေးနဲ့ လုံခြုံရေးအဖွဲ့တွေကလည်း အပြင်စည်းကနေ ပြဿနာတစ်စုံတစ်ရာ မဖြစ်ပွားဖို့အတွက် စောင့်ရှောက်မှုတွေ ပေးပါတယ်။ မြို့မိမြို့ဖတွေရော ဝန်းရံထားတဲ့ အားလုံးက ကျောင်းသားတွေကို အတတ်နိုင်ဆုံး ကိုယ့်သားသမီးတွေလို ကိုယ့်ညီအစ်ကို မောင်နှမတွေလို ဖျောင်းဖျကြပါတယ်။ ပြီးသွားတဲ့အခါ ပြန်ကြဖို့၊ စာမေးပွဲအခန်းတွေ ပြန်ဝင်ကြဖို့အတတ်နိုင်ဆုံး ဖျောင်းဖျကြပါတယ်။ လက်ပံတန်းမြို့ကိုလာရောက်တဲ့ ပထမအစီအစဉ်က ဖေဖော်ဝါရီလ ၁၇ နဲ့ ၁၈ နှစ်ရက်နားပြီး ထွက်ခွာမယ်လို့ ကြားသိရပါတယ်။ ဒါပေမယ့် အခြေအနေအရ မတ်လ ၂၈ ရက်ထိ နားမယ်လို့ ထပ်မံကြားသိရပါတယ်။ ဖေဖော်ဝါရီ ၂၈ ရက်ထိ ပြဿနာတစ်စုံတစ်ရာမရှိ အေးအေးဆေးဆေးရှိခဲ့ပါတယ်။ မတ်လ ၁ ရက်နေ့ကို ရောက်တဲ့အခါ မတ်လအတွင်းကျင်းပမယ့် တက္ကသိုလ်ဝင် စာမေးပွဲတွေရှိတယ်။ GTI ကျောင်းကလည်း မတ်လအတွင်းမှာ စာမေးပွဲဖြေရမယ်။ ပါဠိပထမပြန် စာမေးပွဲဖြေဆိုမယ့် သံဃာတော်တွေလည်းရှိတယ်။ မတ်လအတွင်းရောက်လာတဲ့ အခါကျတော့ အားလုံးက စိုးရိမ်သောကဖြစ်လာကြပါတယ်။ မတ်လ ၆ ရက်နေ့မှာ လက်ပံတန်းမြို့မဈေးမှာ ကျောင်းသား ၄ ဦး၊ ကျောင်းသူ ၁ ဦးက အလံကိုင်ပြီး ဆန္ဒဖော်ထုတ်တယ်။ ဒီဖြစ်စဉ်နဲ့ ပတ်သက်ပြီး တာဝန်ရှိသူတွေက ထိန်းသိမ်းထားတဲ့အပေါ်မှာ ကျွန်တော်တို့ကတစ်ဆင့် ကျောင်းသားခေါင်းဆောင်တွေက တွေ့ချင်တယ်ဆိုလို့ တွေ့ပေးပါတယ်။ မေတ္တာရပ်ခံတဲ့အတွက် ကျောင်းသားတွေရော၊ ကျောင်းသား ခေါင်းဆောင်တွေရော၊ သံဃာတော်တွေရော ပြန်လည်ခေါ်ဆောင်သွားပါတယ်။ ဆိုလိုတဲ့သဘောက ကျွန်တော်တို့ မြို့မိမြို့ဖတွေအနေနဲ့ အားလုံးကြားမှာ တစ်ဖက်နဲ့ တစ်ဖက် ညှိနှိုင်းလို့ရအောင်ဆက်လက်ပြီး ဆောင်ရွက်လို့ရအောင်၊ ဆက်သွယ်ဆောင်ရွက်လို့ရအောင်၊ ပြေလည်မှုရရှိအောင် ဆောင်ရွက်ပေးတဲ့သဘောပါ။ နှစ်ဖက်စလုံးက ကျွန်တော်တို့အပေါ်မှာ အမြင်ကြည်လင်ကြပါတယ်။ ဒီလိုနဲ့ မတ်လ ၃ ရက်နေ့မှာ ကျောင်းသားသပိတ်စစ်ကြောင်းဟာ ဆက်လက်ထွက်ခွာဖို့ ပြင်ဆင်လာတယ်။ တစ်ဖက်က အုပ်ချုပ်ရေးနဲ့ လုံခြုံရေးအဖွဲ့တွေကလည်း အမိန့်ညွှန်ကြားချက်ရှိထားတဲ့အတွက် တားဆီးပါတယ်။ ဒီအပေါ်မှာ ထိုင်သပိတ်စစ်ကြောင်းဆိုပြီး လမ်းမပေါ်မှာဖြစ်တယ်။ ဒီလိုနဲ့ မြို့အဝင်လမ်းမကြီးဟာ လမ်းတွေပိတ်သွားပါတယ်။ လမ်းပန်းဆက်သွယ်ရေးတွေ ခက်ခဲသွားပါတယ်။ ၂ မိုင်ကျော်လောက်ကဝေးတဲ့ မြို့ရှောင်လမ်းကနေကွေ့သွားရပါတယ်။ စိုးရိမ်သောကဖြစ်တာကနေပြီးတော့ အခက်အခဲတွေ ကြုံတွေ့လာရတယ်။ ဘာပဲပြောပြော သပိတ်စစ်ကြောင်းကို ကျွန်တော်တို့မြို့ကနေ အေးအေးချမ်းချမ်းနဲ့ ထွက်ခွာသွားစေချင်ပါတယ်။ ဒါက ကျွန်တော်တို့ မြို့မိမြို့ဖတွေရဲ့ ဆန္ဒပါ။ ဒီကြားထဲ မတ် ၁ရက်နေ့မှာ GTI ကျောင်းဖွင့်မယ်ဆိုပေမယ့် မိဘတွေက စိုးရိမ်ပြီး ကျောင်းမလွှတ်တဲ့အခါ စာမသင်ရဘူး ဖြစ်သွားတာပါ။ ကျောင်းသား သပိတ်စစ်ကြောင်းကလည်းရှိနေတော့ စိုးရိမ်ကြတာပေါ့။ စိုးရိမ်တဲ့အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းတွေကိုလည်း သွားရောက်ပြီး ပြောကြပါတယ်။ GTI ကျောင်းသားမိဘတွေက ကြေညာချက်တွေ တန်ပြန်ထုတ်တာတွေကိုလည်း ကြားသိရပါတယ်။ ဒါတွေကို စိုးရိမ်နေတဲ့အချိန်မှာ ကျောင်းသားတွေက မတ် ၁၀ ရက်နေ့ မနက် ၁၀ နာရီမှာ ထိုးဖောက်ထွက်မယ်ဆိုတဲ့ကြေညာချက်ထွက်လာတယ်။ ကျွန်တော်တို့ မြို့မိမြို့ဖတွေက ဒီ ၁၀ ရက်နေ့ မနက်ပိုင်း အခင်းမဖြစ်ခင်အချိန်အထိ အတတ်နိုင်ဆုံး နောက်ဆုံးအချိန်အထိ တောင်းပန်တယ်။ တစ်ဖက်ကိုတစ်ဖက် ဖျန်ဖြေတယ်။ ညှိနှိုင်းတယ်။ ဒါပေမယ့် နောက်ဆုံးမှာ ကျောင်းသားတွေက မဲခွဲဆုံးဖြတ်တယ်လို့သိရတယ်။ သူတို့ရဲ့ အများစုဆန္ဒအရ ဖြေလျှော့ပေးမှုကို လက်မခံဘူး။ ထိုးဖောက်ပြီး စစ်ကြောင်းပုံစံနဲ့ထွက်ချင်တယ်လို့ ဆုံးဖြတ်ခဲ့တဲ့ အခါကျတော့ ကျွန်တော်တို့လည်း လက်လျှော့ပြီးတော့ စိတ်ညစ်သွားရပါတယ်။ ပြီးတော့ ဒီဖြစ်စဉ်ဖြစ်သွားပါတယ်။ ဒီအပေါ်မှာ စိတ်မကောင်းပါဘူး။ ကျွန်တော်တို့မြို့မှာ ဖြစ်သွားရတာ စိတ်မကောင်းပါဘူး။

**ရဲမှူးကြီး ဝင်းစိန်**
**ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး**
**ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့**

**မေး ။ မတ်လ ၁၀ ရက်နေ့က လက်ပံတန်းမြို့မှာ မန္တလေးသပိတ်စစ်ကြောင်းကို ထိန်းသိမ်းရှင်းလင်းခြင်းနဲ့ပတ်သက်ပြီး သိပါရစေ။**

ဖြေ ။ မတ်လ ၁၀ရက်နေ့ နံနက်ပိုင်းမှာ ကျောင်းသားခေါင်းဆောင်တွေ၊ တာဝန်ရှိသူတွေ၊ NNER အဖွဲ့ဝင်တွေနဲ့ တွေ့ဆုံပြီးတော့ သပိတ်အဖွဲ့အနေနဲ့ မော်တော်ယာဉ်များနဲ့ သပိတ်အသွင်မဆောင်ဘဲ ရန်ကုန်ကို ထွက်ခွာသွားဖို့ဆွေးနွေးနေခဲ့ပါတယ်။ ဒီလိုဆွေးနွေး နေဆဲမှာပဲ နံနက် ၁၀ နာရီကစပြီး အတားအဆီးတွေ ဖယ်ရှားပေးဖို့ လှုံ့ဆော်ရေးသီချင်းတွေဖွင့်တာတွေ၊ ကြွေးကြော်သံတွေ အော်ဟစ်ပြီးတော့ အသံချဲ့စက်နဲ့ ဖောက်ထွက်မယ်ဆိုပြီး လှုံ့ဆော်ကြေညာတာတွေ ပြုလုပ်ခဲ့တဲ့အတွက် ကျွန်တော်တို့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ဥပဒေနဲ့အညီ တားဆီးထိန်းသိမ်းခြင်းတွေ ပြုလုပ်ခဲ့ပေမယ့်လည်း သူတို့ဘက်မှ အတားအဆီးတွေ ဆွဲဖယ်ပြီး ရိုက်ချိုးဖျက်ဆီးတာ၊ အလံတိုင်

စာမျက်နှာ ၁၂ သို့

## တွေ့ဆုံမေးမြန်း

*စာမျက်နှာ ၁၁ မှ*

တွေကို လက်နက်သဖွယ်အသုံးပြုပြီး မိုးကာတဲတွေကို ထိုးဖျက်တာ၊ လှုံ့ဆော်ရေးကားကိုစက်သံမြှင့်ပြီးတော့ တပ်ဖွဲ့ဝင်တွေကို တိုက်ပြီး ဖောက်ထွက်မယ့်အသွင် ပြုလုပ်လာခဲ့ပါတယ်။ ကားပေါ်က ခဲတွေနဲ့ ပစ်ပေါက်တာတို့၊ လူနဲ့ကား တစ်ပြိုင်တည်းထိုးဖောက်လာပြီး တပ်ဖွဲ့ဝင်တွေ နောက်ကိုဆုတ်ပေးရတာတို့၊ လူအုပ်အတွင်းကနေ တပ်ဖွဲ့ဝင်တွေကို အော်ဟစ်ဆဲဆိုတာတို့၊ ကိုယ်ထိလက်ရောက်ပြေးပြီး တိုက်တာတို့၊ တပ်ဖွဲ့ဝင်တွေ မျက်နှာကို ပရုတ်ဆီနဲ့သုတ်တာ၊ လက်နဲ့ ဖြတ်ရိုက်တာတွေ၊ ရေသန့်ဘူးတွေ၊ ခဲတွေ၊ တုတ်တွေနဲ့ ပစ်ပေါက်တာတွေကြောင့် တပ်ဖွဲ့ခွဲမှူးအပါအဝင် တပ်ဖွဲ့ဝင် (၁၇) ဦး ထိခိုက်ဒဏ်ရာရရှိတဲ့အထိ ရုန်းရင်းဆန်ခတ် ပြုလုပ်လာခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ လုံခြုံရေးတပ်ဖွဲ့ဝင်တွေရဲ့ ယာဘက်လမ်းပေါ်မှာ သပိတ်အဖွဲ့ဝင် ငါးဦးမှ ဦးဆောင်လှုံ့ဆော်တဲ့အတွက် ဆူပူလိုတဲ့ အင်အား(၄၀၀) ဝန်းကျင်ခန့် ရောက်ရှိလာတယ်။ အလားတူ ဘယ်ဘက်မှာလည်း ဆူပူအကြမ်းဖက်လိုတဲ့ အင်အား (၂၀၀) နီးပါးလောက်ကနေ တုတ်ခားလေးခွတွေကိုင်ဆောင်ပြီး ဟစ်အော်ကြွေးကြော်တာတွေ ပြုလုပ်လာတဲ့အတွက် မူရင်းသပိတ်အဖွဲ့နဲ့ ပေါင်းလိုက်မယ်ဆိုရင် အင်အား ၈၀၀/ ၁၀၀၀ ဝန်းကျင်လောက် ဖြစ်လာတဲ့အတွက် ဒီလို ရုန်းရင်းဆန်ခတ်မှုတွေပြုလုပ်ပြီးတော့ တပ်ဖွဲ့ဝင်တွေကို ဝတ္တရားနှောင့်ယှက်ပြီး ဒဏ်ရာရရှိအောင် ပြုလုပ်လာတဲ့အတွက်၊ မလိုလားအပ်တဲ့ ရာဇဝတ်မှု ဖြစ်စဉ်တွေ ဆင့်ကဲဆင့်ကဲဖြစ်ပေါ်လာနိုင်တဲ့အတွက် ဥပဒေနဲ့အညီ အချိန်မီ တားဆီးထိန်းသိမ်းခဲ့ရခြင်း ဖြစ်ပါတယ်။ မတ်လ ၁၀ ရက်နေ့က အခင်းမဖြစ်ခင်မှာ တာဝန်ရှိသူတွေနဲ့ တစ်ဖက်က ကျောင်းသားသပိတ်က တာဝန်ရှိသူတွေ၊ နောက်အဖွဲ့အစည်းတွေ အဲ့ဒီပုဂ္ဂိုလ်တွေနဲ့ သုံးကြိမ်တိုင်တိုင် ဆွေးနွေးခဲ့တယ်။ အခင်းမဖြစ်ခင်မှာ ဆွေးနွေးပြီးတော့ တကယ်လည်းဖြစ်သွားရော သူတို့တွေက သပိတ်အုပ်စုကို မထိန်းသိမ်းတော့ဘဲနဲ့ ရှောင်ထွက်သွားတာကို တွေ့ရပါတယ်။ သိမ်းဆည်းရမိခဲ့တာကတော့ မီးတုတ်တစ်ချောင်း၊ မီးတုတ်နဲ့အတူ ဓာတ်ဆီသုံးဂါလန်ခန့်စီပါတဲ့ ဓာတ်ဆီပုံးနှစ်ပုံး၊ မီးတုတ်ကတော့ မီးလောင်ဗုံးလို သုံးလို့ရတယ်။ အပေါ်မှာ ဓာတ်ဆီဘူးပါတယ်။ အဲ့ဒီမှာ လောင်စာပါတယ်။ ဒါကို ရှို့ပြီးတော့မှ ပစ်လိုက်မယ်ဆိုရင် ပေါက်ကွဲနိုင်မယ်။ နောက်သိမ်းဆည်းရမိတဲ့ပစ္စည်းတွေကတော့ ဝါးချွန်က သုံးချောင်း၊ လေးခွက ၁၅ လက်၊ အသားလှီးဓား တစ်ချောင်းတို့ ဖြစ်ပါတယ်။

**မေး ။ လက်ပံတန်းဖြစ်စဉ်ကို ထိန်းသိမ်းရာမှာ တပ်ဖွဲ့ဝင် အင်အားအလွန်အကျွံသုံးစွဲတယ်ဆိုတဲ့ သတင်းတွေဖြစ်ပေါ်နေပါတယ်၊ ဒီအပေါ်မှာ ဘယ်လို ဖြေရှင်းဆောင်ရွက်ခဲ့တာကို သိလိုပါတယ်။**

ဖြေ ။ ကျွန်တော်တို့ လက်ပံတန်းဖြစ်စဉ်ကို ထိန်းသိမ်းရာမှာ စတင်စုဖွဲ့တာဝန်ပေးစဉ်ကတည်းက မျက်ရည်ယိုဗုံး၊ ရေအမြောက်၊ ရော်ဘာကျည် စတဲ့ အဓိကရုဏ်းနှိမ်နင်းရေးလက်နက်တွေ ပါဝင်ခြင်းမရှိပါဘူး။ သပိတ်အဖွဲ့ လက်ပံတန်းမြို့ကို စတင်ရောက်ရှိစဉ်ကတည်းက စေ့စပ်ညှိနှိုင်း ဆွေးနွေးဆောင်ရွက်မှုတွေအနေနဲ့ တာဝန်ရှိအဖွဲ့အစည်းတွေ၊ မြို့မိမြို့ဖတွေ၊ သံဃနာယကအဖွဲ့တွေနဲ့ သပိတ်ခေါင်းဆောင်တွေဟာ မတ် ၁ ရက်နေ့မှ မတ် ၁၀ ရက်နေ့ထိ အခင်းဖြစ်စဉ် မတိုင်ခင် အချိန်ထိ တွေ့ဆုံဆွေးနွေးမှု (၁၄)ကြိမ် ပြုလုပ်ခဲ့ပါတယ်။ မတ် ၃ ရက်နေ့က စပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက မေတ္တာရပ်ခံပန်ကြားချက်တွေ၊ မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော်နဲ့ မြို့နယ်သာသနာထိန်းသိမ်းရေး ဆရာတော်တွေကလည်း အကြိမ်ကြိမ်မေတ္တာရပ်ခံပန်ကြားခဲ့သလို မြို့မိမြို့ဖတွေကလည်း မေတ္တာရပ်ခံ ပန်ကြားတာတွေကို အဆက်မပြတ်ဆောင်ရွက်ပေးခဲ့ပါတယ်။ အဲဒီလို ဆောင်ရွက်သလို ပြည်ထဲရေးဝန်ကြီးဌာနကလည်း သပိတ်မှောက်ဆန္ဒပြတာတွေမလုပ်ကြဖို့ အမျိုးသားပညာရေးဥပဒေကြမ်းကို လွှတ်တော်မှာ ဆွေးနွေးနေတဲ့အချိန်မှာ သပိတ်ကို ရပ်တန့်ထားဖို့နဲ့ ဆက်လက်ဆန္ဒပြမယ်ဆိုရင် ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်သွားမယ်ဆိုပြီး ကြေညာချက်အမှတ် ၅/ ၂၀၁၅ ကို ထုတ်ပြန်ခဲ့ပါတယ်။ မတ် ၃ ရက်နေ့မှာ သပိတ်အဖွဲ့ကိုတားဆီးရာမှာ ဘယ်လို အဓိကရုဏ်း လက်နက်မှမပါတဲ့အပြင် ဒိုင်းတွေကိုတောင်ပင် ကိုင်ဆောင်ခြင်းမရှိဘဲ အမျိုးသမီးတပ်ဖွဲ့ဝင်တွေကို တားဆီးရေးအဖွဲ့ရဲ့ ရှေ့ဆုံးတန်းမှာထားပြီးတော့ ညင်သာစွာ တားဆီးဆောင်ရွက်ခဲ့ပါတယ်။ မတ် ၁၀ ရက်နေ့မှာ သပိတ်ခေါင်းဆောင်တွေနဲ့ စည်းဝေးခဲ့ပါသေးတယ်။ ရန်ကုန်ကိုသွားမယ်ဆိုရင်လည်း လေးယောက်တစ်တွဲ၊ ငါးယောက်တစ်တွဲ သပိတ်အသွင်မဆောင်ဘဲ သွားနိုင်တယ်ဆိုပြီး ညှိနှိုင်းပါတယ်။ သပိတ်အသွင်ဆောင်တဲ့ပုံစံမျိုးလုပ်ဖို့ ဆုံးဖြတ်ချက်ချတဲ့အတွက်



ရဲမှူးကြီးဝင်းစိန်



ရဲမှူးကြီးဝင်းဗိုလ်



ဦးငွေအောင်

၁၁ နာရီ ၄၅ မိနစ်ကနေစပြီးတော့ အင်အားနဲ့ ထိုးဖောက်ပါတယ်။ ကျွန်တော်တို့က တစ်ယောက်ကျော် ခါးပတ်ကိုင်နည်းအသုံးပြုပြီး လူအင်အားသက်သက်နဲ့ လူအုပ်စုကို တားဆီးထိန်းသိမ်းခဲ့ပါတယ်။ သို့ပေမယ့် သူတို့ဘက်က ခဲ/ ရေသန့်ဘူးတွေနဲ့ အကြမ်းဖက်မှုတွေ စတင်ဆောင်ရွက်လာတဲ့အတွက် လူစုလူဝေးဟာ ငြိမ်ဝပ်ရေးကို အနှောင့်အယှက်ဖြစ်စေတန်ရာသော အစုအဝေးဖြစ်လာတဲ့အတွက် သပိတ်မှောက်အဖွဲ့ ဝန်းရံလျက်ရှိတဲ့ သွေးထိုးလှုံ့ဆော်အားပေးအားမြှောက် ပြုလုပ်နေသူများကို လူစုခွဲဖို့ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ-၁၂၇ နဲ့အညီ မြို့နယ်အုပ်ချုပ်ရေးမှူးက အမိန့်ထုတ်ဆင့်ကြေညာခဲ့ပါတယ်။ အဲဒီလို အကြိမ်ကြိမ် ကြေညာခဲ့ပေမယ့်လည်း လူစုမခွဲတဲ့အပြင် လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို ကိုယ်ထိလက်ရောက် နှောင့်ယှက်ဟန့်တားရာက ရုန်းရင်းဆန်ခတ်မှုတွေ တဖြည်းဖြည်း အရှိန်မြင့်လာတဲ့အတွက် မလိုလားအပ်တဲ့ ရာဇဝတ်မှု ဖြစ်စဉ်တွေ မဖြစ်ပွားလာစေဖို့ ဥပဒေနဲ့အညီ အချိန်မီ တားဆီးထိန်းသိမ်းခဲ့ရပါတယ်။

**မေး ။ ထိန်းသိမ်းခံထားရသူတွေ အခုလက်ရှိ ပြန်လည်လွှတ်ပေးနေတဲ့အခြေအနေနဲ့ ပတ်သက်ပြီး သိပါရစေ။**

ဖြေ။ ထိန်းသိမ်းခံထားရသူတွေထဲက ကျောင်းသားက ၂၈ ဦး၊ သံဃာ ၁၀ ပါးနဲ့ သတင်းထောက်နှစ်ဦးကို ပြန်လွှတ်ပေးပြီးဖြစ်ပါတယ်။ ကျောင်းသားတွေနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာနက စိစစ်ပေးတဲ့အတိုင်းအားလုံးကို မိဘအုပ်ထိန်းသူတွေဆီ ပြန်လည်အပ်နှံပေးခဲ့ပါတယ်။ သံဃာတော်တွေဆိုရင်လည်း မြို့နယ်သံဃနာယကက ဆုံးမဩဝါဒပေးပြီး သူတို့သီတင်းသုံးတဲ့ ကျောင်းတွေဆီ ပြန်လည်ကြွရောက်သွားပါပြီ။ သတင်းထောက်နှစ်ဦးကိုလည်း ပြန်လည်စေလွှတ်ခဲ့ပြီးဖြစ်ပါတယ်။

**ဦးငွေအောင်**
**ခရိုင်ဥပဒေအရာရှိ**
**သာယာဝတီခရိုင်ဥပဒေရုံး**

**မေး ။ လက်ပံတန်းဖြစ်စဉ်နဲ့ ပတ်သက်ပြီးတော့ တာဝန်ရှိသူအဆင့်ဆင့်တွေရဲ့ ဆောင်ရွက်ချက်တွေက ဥပဒေနဲ့ ညီညွတ်မှုရှိသလား၊ မရှိဘူးလားဆိုတာ ပြည်သူတွေသိရှိအောင် ရှင်းပြပေးစေချင်ပါတယ်။**

ဖြေ။ လက်ပံတန်းမြို့ကိုရောက်နေတဲ့ မန္တလေးသပိတ်စစ်ကြောင်းဟာ နိုင်ငံတော်အစိုးရကနေ ထုတ်ပြန်ထားတဲ့ သတင်းထုတ်ပြန်ချက်တွေ၊ ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ထုတ်ပြန်ကြေညာချက်တွေကို လိုက်နာမှုမရှိတဲ့အပြင် ငြိမ်းချမ်းစွာ စုဝေးခွင့်နဲ့ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကို လိုက်နာမှုမရှိခဲ့ပါဘူး။ လက်ပံတန်းမြို့နယ်အတွင်း လမ်းမကြီးပေါ်မှာ ထိုင်သပိတ်ပြုလုပ် ဆန္ဒပြတယ်ဆိုပြီး ဆက်လက်စုဝေးတယ်။ ဟောပြောတယ်၊ ဟစ်အော်ကြွေးကြော်တာတွေ၊ လှုံ့ဆော်ခြင်းတွေ ပြုလုပ်ခဲ့ပါတယ်။ မြို့မိမြို့ဖတွေ၊ မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်တွေ၊ သာသနာထိန်းသိမ်းစောင့်ရှောက်ရေးဆရာတော်တွေက မေတ္တာရပ်ခံ ပန်ကြားခဲ့ပေမယ့်လည်း တည်ငြိမ်အေးချမ်းသာယာမှုကို ဆက်လက်အနှောင့်အယှက်ဖြစ်စေခဲ့ပြီး ဆန္ဒပြသပိတ်စစ်ကြောင်းဟာ ငြိမ်ဝပ်ရေးကို အနှောင့်အယှက်ဖြစ်စေ တန်ရာသော အစုအဝေး၊ ဥပဒေနဲ့ဆန့်ကျင်သော အစုအဝေး ဖြစ်လာပါတယ်။

ဒါ့ကြောင့် သပိတ်မှောက်နေသူတွေနဲ့ ဝန်းရံလျက်ရှိတဲ့ သွေးထိုးလှုံ့ဆော် အားပေးအားမြှောက် ပြုလုပ်နေသူတွေကို လူစုခွဲဖို့ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၂၇နဲ့ အညီ မြို့နယ်အုပ်ချုပ်ရေးမှူးက အမိန့်ထုတ်ဆင့်ပြီး အကြိမ်ကြိမ်ကြေညာခဲ့ပေမယ့်လည်း သပိတ်စစ်ကြောင်းဟာ လူစုခွဲခဲ့ခြင်းမရှိတဲ့အပြင် တာဝန်အရ ဆောင်ရွက်နေတဲ့ လုံခြုံရေးရဲတပ်ဖွဲ့ဝင်တွေကို ကိုယ်ထိလက်ရောက်နှောင့်ယှက်ဟန့်တားခြင်းတွေ ဆောင်ရွက်လာခဲ့တဲ့အတွက် ရုန်းရင်းဆန်ခတ်မှုဟာ တဖြည်းဖြည်း အရှိန်မြင့်မားလာခဲ့ပါတယ်။ ပိုမိုဆိုးရွားတဲ့အခြေအနေ၊ မလိုလားအပ်တဲ့ အခြေအနေတွေမရောက်ရှိစေနိုင်ဖို့အတွက် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၆၊ ၅၄ တို့နဲ့အညီ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့်မို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲ့ဆောင်ရွက်ချက်တွေကိုကြည့်မယ်ဆိုရင် တွေ့ဆုံတယ်၊ ညှိနှိုင်းတယ်၊ ဆွေးနွေးတယ်၊ အဖြေရှာတယ်။ မြို့မိမြို့ဖတွေနဲ့ရော အဖွဲ့အစည်းတွေအားလုံးနဲ့ပါ ဆွေးနွေးပူးပေါင်းခဲ့တယ်။ တစ်ဖက်မှာလည်း ဥပဒေနဲ့အညီ တားမြစ်ခြင်း၊ ဟန့်တားခြင်း၊ သိမ်းသွင်းခြင်းတွေကို ပြုလုပ်ခဲ့ပါတယ်။ မလိုလားအပ်တဲ့အခြေအနေတွေ မဖြစ်ပေါ်စေဖို့ အတွက် အဆင့်ဆင့်ဆောင်ရွက်ခဲ့ရတဲ့အနေအထားကို တွေ့ရပါတယ်။

**ရဲမှူးကြီးဝင်းဗိုလ်**
**ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး**
**ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့**

**မေး ။ ရွှေပြည်သာမြို့နယ်မှာရှိတဲ့ အီလန်မြန်မာ အထည်ချုပ်စက်ရုံရှေ့မှာရှိတဲ့ ဆန္ဒပြအလုပ်သမားတွေအပေါ်မှာ ဘယ်လိုမျိုး ထိန်းသိမ်းဆောင်ရွက်ခဲ့တယ်ဆိုတာ သိပါရစေ။**

ဖြေ ။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလကစပြီး ရွှေပြည်သာမြို့နယ် အီလန်မြန်မာအထည်ချုပ်စက်ရုံ၊ ဖို့ဂလိုရီအထည်ချုပ်စက်ရုံနဲ့ အင်းစိန်မြို့နယ် ကော့စတစ်အထည်ချုပ်စက်ရုံတွေက အလုပ်သမားတွေဟာ သူတို့ရဲ့လုပ်အားခတိုးမြှင့်ပေးရေးအတွက် သူတို့ရဲ့စက်ရုံရှေ့မှာ ပိတ်ဆို့ဆန္ဒပြမှုတွေ ပြုလုပ်တယ်။ ဥပဒေမဲ့ချီတက်ဆန္ဒဖော်ထုတ်ခြင်းတွေ ပြုလုပ်ခဲ့ကြပါတယ်။ သူတို့ကို သက်ဆိုင်ရာမြို့နယ် အလုပ်ရှင်/အလုပ်သမား ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ကနေ အလုပ်ရှင်နဲ့အလုပ်သမားကြား ညှိနှိုင်းဆောင်ရွက်ပေးပေမယ့်လည်း ပြေလည်မှုမရရှိတဲ့အတွက် ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှာ ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားရေးရာ ညှိနှိုင်းဆွေးနွေးရေးအဖွဲ့ကနေ အလုပ်ရှင်နဲ့ အလုပ်သမားတွေကို အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှာ စတင်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါတယ်။



လုံခြုံရေးတပ်ဖွဲ့ဝင်များအား သပိတ်စစ်ကြောင်းမှ ဆူပူအကြမ်းဖက်လိုသူများက တုတ်များဖြင့် ရန်ပြုစဉ်။

အဲဒီလို ဖေဖော်ဝါရီလ ၁၇ ရက်နေ့ သတင်းတွေမှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ သတင်းထုတ်ပြန်ချက် (၁/ ၂၀၁၅)နဲ့ ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးထိခိုက်ပျက်ပြားစေရန် ပြုလုပ်သူတွေကို အလုပ်ရှင် အလုပ်သမားမခွဲခြားဘဲ တည်ဆဲဥပဒေတွေနဲ့အညီ အရေးယူဆောင်ရွက်မယ်ဆိုပြီး သတင်းထုတ်ပြန်ခဲ့ပါတယ်။

ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှာ ဆန္ဒပြအလုပ်သမားတွေကို ရှင်းလင်းဖယ်ရှားဖို့အတွက် အုပ်ချုပ်ရေးအဖွဲ့နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေပူးပေါင်းပြီး သွားရောက်ညှိနှိုင်းခဲ့ရာမှာ ဖို့ဂလိုရီနဲ့ ကော့စတစ်အထည်ချုပ်စက်ရုံက အလုပ်သမားတွေကို ရှင်းလင်းဖယ်ရှားနိုင်ခဲ့ပါတယ်။ အီလန်မြန်မာအထည်ချုပ်စက်ရုံမှာ ဆက်လက်ဆန္ဒပြနေတဲ့အတွက် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့တွေနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့တာဝန်ရှိသူတွေက ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ရာမှာ ဆန္ဒပြအလုပ်သမားတွေက လိုက်နာမှုမရှိဘဲ ဆက်လက်ဆူပူဆန္ဒပြနေပြီးတော့ အရေးယူမှုကို ခံယူမှာဖြစ်ကြောင်းကို ပြောကြားခဲ့တဲ့အတွက် ဦးဆောင်ဆန္ဒပြသူ အမျိုးသား ရှစ်ဦးကို အရပ်ယာဉ်နဲ့ ထိန်းသိမ်းခေါ်ဆောင်ထိန်းသိမ်းခဲ့ပါတယ်။ အဲဒီအချိန်မှာ အမျိုးသမီးအလုပ်သမားတွေကလည်း သူတို့လည်း လိုက်ပါမယ်လို့ပြောကြားတဲ့အတွက် စနစ်တကျဖြစ်စေဖို့အတွက် အမျိုးသမီးရဲမေတွေကာရံပြီး အရပ်ယာဉ်ပေါ်ကို တက်ရောက်စေခဲ့ပါတယ်။ အဲဒီအချိန်မှာ အီလန်မြန်မာအထည်ချုပ်စက်ရုံ၊ ဖို့ဂလိုရီ အထည်ချုပ်စက်ရုံနဲ့ ကော့စတစ်အထည်ချုပ်စက်ရုံတွေက အလုပ်သမားတွေပါဝင်တဲ့ စီတန်းလှည့်လည်ဆန္ဒပြတဲ့အဖွဲ့တွေရောက်ရှိလာပြီးတော့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို အတင်းဝင်ရောက် တွန်းထိုးတာ၊ ခဲတွေနဲ့ ပစ်ပေါက်တာ၊ ဝါးတုတ်တွေနဲ့ ထိုးတာမျိုးတွေ စတဲ့ အကြမ်းဖက်မှုတွေ ပြုလုပ်လာကြတဲ့အတွက် တပ်ဖွဲ့ဝင်တွေအနေနဲ့ အလုပ်သမားတွေအပေါ် အင်အားသုံးဖြိုခွဲခြင်းမပြုဘဲ မိမိကိုယ်ကိုယ် ကာကွယ်ခုခံမှုနဲ့သာ ထိန်းသိမ်းဆောင်ရွက်ခဲ့ပါတယ်။

**မေး ။ ဆန္ဒပြအလုပ်သမားတွေကို ရှင်းလင်း ဆောင်ရွက်ရာမှာ အလုပ်သမားတွေဘက်မှာ ဒဏ်ရာတွေရရှိခဲ့တယ်လို့ အင်တာနက်သတင်းမှာ တွေ့ရှိရပါတယ်။ ပြည်သူတွေ အတွက် ဖြစ်စဉ်အမှန်ကို ရှင်းပြပေးစေချင်ပါတယ်။**

ဖြေ ။ ဒီဖြစ်စဉ်တွေမှာ တပ်ဖွဲ့ဝင်တွေအနေနဲ့ ရှင်းလင်းဆွေးနွေးတဲ့အနေနဲ့သာ သွားရောက်ခဲ့ခြင်းဖြစ်ပြီးတော့ ဆန္ဒပြမှုအပေါ် လက်နဲ့တားတာ၊ ဒိုင်းနဲ့ကာရံတာသာ ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်မှုအပေါ် အလုပ်သမားတွေဘက်က ခဲတွေနဲ့ ပစ်ပေါက်တာ၊ တုတ်နဲ့ တွန်းထိုးတာ စတဲ့အကြမ်းဖက်မှုတွေကို ဆောင်ရွက်လာခဲ့ပါတယ်။ ပြီးတော့ အင်တာနက်သတင်းတွေမှာ ရဲတပ်ဖွဲ့တွေရဲ့ ရိုက်နှက်မှုကြောင့် အလုပ်သမားတွေဘက်က အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိခဲ့တယ်လို့ မမှန်သတင်းထုတ်လွှင့်လာခဲ့ပါတယ်။ ဖြစ်စဉ်အမှန်မှာက ဒဏ်ရာရသူ အမျိုးသမီးက သူရဲ့ခေါင်းကို မော်တော်ယာဉ်ရဲ့ ကိုယ်ထည်နဲ့တိုက်ပြီး မိမိကိုယ်ကိုယ် ဒဏ်ရာရရှိအောင် ပြုလုပ်ခဲ့ခြင်းသာဖြစ်ပါတယ်။ အကြမ်းဖက်ဆန္ဒပြတဲ့အဖွဲ့ရဲ့လုပ်ဆောင်မှုတွေကြောင့် ရဲတပ်ဖွဲ့ဝင် ၁၅ ဦးနဲ့ ရဲတပ်ဖွဲ့ကခေါ်ဆောင်လာတဲ့အရပ်ဘက်ယာဉ်မောင်းသုံးဦး ဒဏ်ရာရရှိခဲ့တဲ့အပြင် ရဲတပ်ဖွဲ့ပိုင်မော်တော်ယာဉ်တစ်စီးနဲ့ ခရီးသည်တင် အရပ်ယာဉ်တစ်စီး ထိခိုက်ပျက်စီးဆုံးရှုံးမှုတွေရှိခဲ့ပါတယ်။ ဆန္ဒပြအလုပ်သမားတွေဘက်က ရဲတပ်ဖွဲ့ရဲ့လုပ်ဆောင်မှုကြောင့် ဒဏ်ရာရရှိတာ၊ ဆေးရုံတက်ကုသတာတွေ မရှိပါဘူး။ အင်တာနက်သတင်းက မှန်ကန်မှုမရှိပါဘူး။

အားကစား

# ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်များ




ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် **ပီအက်စ်ဂျီနှင့် ဘာစီလိုနာ၊ အက်သလက်တီကိုနှင့် ရီးရဲမက်ဒရစ်**တို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်ပြီး **ပေါ်တိုနှင့် ဘိုင်ယန်မြူးနစ်၊ ဂျူဗင်တပ်စ်နှင့် မိုနာကို**တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ပထမအကျော့ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဧပြီ ၁၄ ရက်နှင့် ၁၅ ရက်တွင် လည်းကောင်း၊ ဒုတိယအကျော့ပွဲစဉ်များကို ဧပြီ ၂၁ ရက်နှင့် ၂၂ ရက်တွင် လည်းကောင်း ကစားမည်ဖြစ်သည်။

အကြိုဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်များကို မေ ၅ ရက်၊ ၆ ရက်နှင့် ဒုတိယအကျော့ပွဲစဉ်များကို မေ ၁၂ ရက်နှင့် ၁၃ ရက်တွင် ကစားမည်ဖြစ်သည်။

ဗိုလ်လုပွဲစဉ်ကို ဇွန် ၆ ရက်တွင် ကစားမည်ဖြစ်သည်။

# လီဗာပူးအိမ်ကွင်း၌ မန်ယူတို့အနိုင်ရရှိ

**လီဗာပူး မတ် ၂၂**

ပရီမီယာလိဂ် ပွဲစဉ်(၃၀) တနင်္ဂနွေနေ့ ပွဲစဉ်အဖြစ် လီဗာပူးနှင့်မန်ယူတို့ ယှဉ်ပြိုင်ကစားရာ မန်ယူက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။



မန်ယူမှ မာတာ လီဗာပူးဘက်သို့ ဂိုးကန်သွင်းစဉ်။

လီဗာပူးတို့က အိမ်ကွင်း၌အနိုင်ရရေး ကြိုးစားသကဲ့သို့ မန်ယူတို့ကလည်း ချန်ပီယံလိဂ်ဝင်ခွင့်ရရေးအတွက်အနိုင်ရရှိရန် ကြိုးစားခဲ့သည်။ မန်ယူအတွက် ပထမဂိုးကို ပွဲချိန်၁၄မိနစ်တွင် မာတာက သွင်းယူပေးပြီး ဒုတိယပိုင်း ၅၉ မိနစ်တွင် မာတာကပင် သွင်းယူပေးသည်။

လီဗာပူးအတွက် ချေပဂိုးကို စတာရစ်က ၆၉ မိနစ်တွင် သွင်းယူပေးသည်။ လီဗာပူးမှ ဂျရတ် ၄၆မိနစ်တွင် လူစားဝင်ပြီး မကြာမီ အနီကတ်ဖြင့်အထုတ်ခံခဲ့ရသည်။ မန်ယူမှရွှန်းနီ ပွဲပြီးခါနီးရရှိသည့် ပယ်နယ်တီမှာလည်း ဂိုးမဝင်ခဲ့ပေ။ မန်ယူတို့ ယခုပွဲစဉ်အပြီး ၅၉ မှတ်ဖြင့် စတုတ္ထနေရာ၌ရပ်တည်နေသည်။ အာဆင်နယ်က အမှတ် ၆၀ ဖြင့် တတိယနေရာ၌ ရပ်တည်နေသည်။ ■ **သီဟ**

# ကြက်တောင်ဖိတ်ခေါ်ပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် မတ် ၂၂**

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ဗိုလ်ချုပ်လမ်းနှင့် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက်တို့၌ ဖွင့်လှစ်ထားရှိသော Linn Computer Training, Sales, Services & Mobile shop (Linn IT Solutin Co., Ltd.) နှင့် မြို့နယ်ကြက်တောင် ဆပ်ကော်မတီတို့ ပူးပေါင်းစီစဉ်သည့် ကြက်တောင်ဖိတ်ခေါ်ပြိုင်ပွဲကြီးကို မတ် ၂၆ ရက်မှ ၂၉ ရက်အထိ ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားရုံ၌ ကျင်းပမည်ဖြစ်ကြောင်း ပြိုင်ပွဲဖြစ်မြောက်ရေးအဖွဲ့ဝင် ကိုပေါက်(It ကဖေး)ထံမှ သိရသည်။

အဆိုပါ ကြက်တောင်ဖိတ်ခေါ်ပြိုင်ပွဲကြီးတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ လယ်ဝေး၊ ပျဉ်းမနားမြို့များနှင့် ဆွာ၊ သာဂရ၊ ဧလာမြို့များအပြင် ရန်ကုန်၊ မန္တလေး၊ မိတ္ထီလာ၊ စစ်ကိုင်း၊ မြစ်သား၊ တောင်ကြီး၊ ပြည်၊ ပဲခူး စသည့် မြို့များမှ လက်ရွေးစင် ကြက်တောင်အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

ပြိုင်ပွဲ အမျိုးအစားများမှာ အသက် ၁၃ နှစ်အောက် အမျိုးသား၊ အမျိုးသမီး (တစ်ဦးချင်း၊ နှစ်ယောက်တွဲ)၊ အသက် ၁၆ နှစ်အောက် အမျိုးသား၊ အမျိုးသမီး(တစ်ဦးချင်း၊ နှစ်ယောက်တွဲ)၊ အသက် ၄၅ နှစ်အထက်(နှစ်ယောက်တွဲ)၊ သာမန် အမျိုးသား၊ အမျိုးသမီး (တစ်ဦးချင်း၊ နှစ်ယောက်တွဲ)နှင့် လက်ရွေးစင်အဆင့် အမျိုးသား၊ အမျိုးသမီး (တစ်ဦးချင်း၊ နှစ်ယောက်တွဲ) စသည်ဖြင့် ငါးမျိုးခွဲခြားထားကြောင်း၊ ဖိတ်ခေါ်ကြက်တောင်ရိုက်ပြိုင်ပွဲသည် ဝင်ကြေး(အခမဲ့)ဖြစ်ကာ လာရောက်ပါဝင်ယှဉ်ပြိုင်သူတိုင်းကို ဝတ်စုံတစ်ထည်စီနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ဆုကြေးအနေဖြင့် ပ၊ ဒု၊ တ (ပူးတွဲ) ချီးမြှင့်မည်ဖြစ်ကာ အမြင့်ဆုံးဆု ငွေကျပ် တစ်သိန်း သတ်မှတ်ထားကြောင်း၊ ကြက်တောင်ဖိတ်ခေါ်ပြိုင်ပွဲကြီးသို့ ပါဝင်ယှဉ်ပြိုင်လိုကြသည့် အမြို့မြို့အနယ်နယ်မှ ကြက်တောင်ရိုက် အားကစားသမားများအနေဖြင့် မြို့နယ်ကြက်တောင်ဆပ်ကော်မတီ အတွင်းရေးမှူး ကိုအောင်မျိုးသန့် ဖုန်း-၀၉-၉၇၄၁၇၂၂၆၃၊ ကော်မတီဝင် ကိုပေါက်(Itကဖေး) ဖုန်း-၀၉-၄၄၈၅၃၉၈၅၉နှင့် ကိုနေကျော် ဖုန်း-၀၉-၄၄၈၅၄၇၂၇၄တို့ထံသို့ မတ် ၂၄ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ စာရင်းပေးသွင်း ပြိုင်ပွဲဝင်နိုင်ကြောင်း သိရသည်။

**ကိုကြီးကျော်(ပျဉ်းမနား)**

❐ *ကျောဖုံးမှ*

ကစားသမားအစုံအလင် လေ့ကျင့်ရက် အနည်းငယ်သာရှိသည့် မြန်မာယူ-၂၂ အသင်းသည် ပုံစံကောင်းပြသနိုင်ခဲ့ခြင်းမရှိဘဲ သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ မလေးရှားအသင်းသည် ခြေစွမ်းပိုင်းသာမန်သာရှိသောကြောင့် မြန်မာအသင်း ခြေအသာဖြင့် ကစားနိုင်သော်လည်း တိုက်စစ်အားနည်းမှုကြောင့် သွင်းဂိုးတစ်ဂိုးထက် ပိုမရခဲ့ခြင်းဖြစ်သည်။

မြန်မာယူ-၂၂အသင်းသည် ကျော်ဇင်ဖြိုး(ဂိုး)၊ ကျော်ဇင်လွင်၊ တလွန်ဟုပ်ထန်း၊ ဖြိုးကိုကိုသိန်း၊ ဟိန်းသီဟဇော်၊ လှိုင်းဘိုဘို၊ ချစ်စုမိုး၊ သန်းထက်အောင်၊ စည်သူအောင်၊ သီဟဇော်၊ နေလင်းထွန်းတို့ဖြင့် ပွဲထွက်လာခဲ့သည်။ မြန်မာယူ-၂၂ အသင်းသည် ပွဲစကတည်းက ဖိကစားနိုင်ခဲ့သော်လည်း ပုံစံကောင်းရရန် ရုန်းကန်နေရဆဲဖြစ်ပြီး တိုက်စစ်မှူးစစ်စစ် မပါခြင်းက ဂိုးရရှိရန် ခက်ခဲစေခဲ့သည်။ ၁၈ မိနစ်တွင် မြန်မာယူ- ၂၂ အသင်း ဦးဆောင်ဂိုးရခဲ့ပြီး မလေးရှားဂိုးသမား၏ အမှားမှတစ်ဆင့် နေလင်းထွန်းက သွင်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဦးဆောင်ဂိုးရခဲ့သော်လည်း ပွဲကိုဦးဆောင်နိုင်ခြင်းမရှိဘဲ ၃၂ မိနစ်တွင် ဂိုးပြန်ပေးခဲ့ရသည်။ မလေးရှားအတွက် ချေပဂိုးကို တိုက်စစ်မှူး ရှာဟာရူဒီလ်က သွင်းယူခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းတွင် မြန်မာအသင်းက ဆက်လက်ဖိကစားနိုင်ခဲ့သော်လည်း ထိရောက်သည့် ဂိုးသွင်းခွင့်များမရခဲ့ပေ။ မြန်မာကစားသမားများသည် ထိုးအားရှိသော်လည်း တိုက်စစ်ကစားပုံ မကောင်းခြင်းကြောင့် ဂိုးရရန် ရုန်းကန်ခဲ့ရခြင်းဖြစ်သည်။ ၈၄ မိနစ်တွင် မြန်မာအသင်းပယ်နယ်တီကန်ခွင့်ရသော်လည်း နေလင်းထွန်း ဝင်အောင်မသွင်းနိုင်ခဲ့ပေ။ နှစ်သင်းစလုံး၏ ကစားပုံမှာအနည်းငယ်ကြမ်းခဲ့ပြီး ပွဲပြီးခါနီးတွင် မြန်မာမှ ဖြိုးကိုကိုသိန်းနှင့် မလေးရှားမှ အက်ဇ်လင်တို့ တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရသည်။

မြန်မာယူ-၂၂ အသင်းသည် အာရှယူ-၂၃ ခြေစစ်ပွဲအကြိုပြင်ဆင်မှုအဖြစ် ခြေစမ်းပွဲလေးပွဲ ကစားခဲ့ရာ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးနိမ့်ခဲ့သည်။

## မိုးလေဝသ အခြေအနေ

**နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင်** ယနေ့ အများအားဖြင့် သာယာမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။

# ဂေါက်သီးရိုက်အားကစားဒိုင်လူကြီး ဟောပြောပွဲကျင်းပမည်

**ရန်ကုန် မတ် ၂၂**

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်အနေဖြင့် ဂေါက်သီးအားကစား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည့် ဒိုင်လူကြီးမျိုးဆက်သစ်များပေါ်ထွက်လာရေးအတွက် ဂေါက်သီးပြိုင်ပွဲဆိုင်ရာ ဒိုင်လူကြီးတစ်ဦး၏ တာဝန်ဝတ္တရားများနှင့် ပတ်သက်၍ ဟောပြောပွဲကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပထမအကြိမ်ဟောပြောပွဲကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ရုံးခန်း ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း)၌ မတ် ၂၆ ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်သည်။ နေရာအနေအထား အခက်အခဲရှိ၍ ဖုန်း ၀၉-၉၇၃၁၉၀၁၁၇ နှင့် ၀၉-၂၅၄၂၂၅၀၇၀ တို့ထံသို့ အမြန်စာရင်းပေးသွင်းရန်လိုအပ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ၂၀၁၅ ခုနှစ် အမျိုးသားတံခွန်စိုက် တင်းနစ်ပြိုင်ပွဲများကျင်းပ

**ရန်ကုန် မတ် ၂၂**

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ကကြီးမှူး၍ CEPSA က အဓိကကူညီပံ့ပိုးသော ၂၀၁၅ ခုနှစ် အမျိုးသားတံခွန်စိုက်တင်းနစ်ပြိုင်ပွဲနှင့် CEPSA Junior Open Championships တင်းနစ်ပြိုင်ပွဲများကို မတ် ၂၁ ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပသည်။

ပြိုင်ပွဲ၏ အမျိုးသားအလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲတွင် ၃၀၊ နှစ်ယောက်တွဲ ပြိုင်ပွဲတွင် ၁၆တွဲ၊ အမျိုးသမီးအလွတ်တန်း (Round Robin) ပြိုင်ပွဲတွင် ငါးဦး၊ အမျိုးသား အမျိုးသမီး နှစ်ယောက်တွဲ ( Mixed Double ) ပြိုင်ပွဲတွင် ရှစ်တွဲ၊ အမျိုးသား ၃၅နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲတွင် ခုနစ်ဦး၊ အမျိုးသား ၄၅ နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲတွင် ရှစ်ဦး၊ အမျိုးသား ၅၅ နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲတွင် ရှစ်ဦး၊ နှစ်ယောက်တွဲပြိုင်ပွဲတွင် ၁၀ တွဲ၊ အမျိုးသား ၆၀နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲတွင် ရှစ်ဦး၊ နှစ်ယောက်တွဲပြိုင်ပွဲတွင် ရှစ်တွဲတို့ ပါဝင်ယှဉ်ပြိုင်ကစားလျက်ရှိသည်။

၂၀၁၅ ခုနှစ် CEPSA Junior Open Championships တစ်ဦးချင်း မျိုးဆက်သစ်လူငယ်တင်းနစ် အားကစားသမား စုစုပေါင်း ၆၅ ဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။ ပြိုင်ပွဲများကို မတ် ၂၅ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ စတင်၍ ယင်းတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

**ရွှေထူးလွင်** ချောင်းသာ (စားတည်းခြိမ်း) ၂၅၀၀၀ိ/-၊ (မော်တင်စွန်း) (ငွေဆောင်)
ရွှေစက်တော် (၃) ရက်၊ ပုဂံ (ပွယ်တော်လေးဆူ)၊ ပုပ္ပါး (၃/၅) ရက်၊ အလောင်းတော်ကဿပ (၃/၆) ရက်၊ မန္တလေး၊ ပြင်ဦးလွင်၊ မုံရွာ (၅/၇) ရက်၊ တောင်ကြီး အင်းလေး ပင်းတယ (၅/၇) ရက် အားလုံးပါ ဘုရားခုံ (၁၀) ရက်၊ ရခိုင်၊ မြောက်ဦး၊ စစ်တွေ၊ ငပလီ၊ (အင်းတော်ကြီးဘုရားပွဲ၊ မေဓာ၊ မလိခမြစ်ဆုံ၊ မြစ်ကြီးနား) (လားရှိုး၊ မူဆယ်၊ ရွှေလီ)၊ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ ပျော်ရစ်၊ မြိတ်၊ ကန်ချုန်ပွဲ၊ ကျိုက်မီ၊ ကျိုက်ထီးရိုး၊ မဲလဲဆံတော်ရှင်၊ အကောက်တောင်၊ ဇလွန်၊ ငွေဆောင်။ ကားစီးလုံးငှားသည်။ အိမ်အရောက် ပို့/ကြို။ (သင်္ကြန်ခရီးစဉ်များ ကြိုတင်လက်မှတ်ရောင်းပြီ။)
အမှတ်(၄၄၄/၇)၊ မြေညီထပ်၊ ရွှေဘုံသာအထက်လမ်း။ Ph : 09450044494, 09450044496, 389920

**ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ လော်ကားလမ်း၊ အမှတ်(၁၂၆/က)နေ ဦးနိုင်လင်း ၁၂/ဒဂတ(နိုင်)၀၂၃၀၅၈ ကိုယ်စားသူ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြော်ငြာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၀)၊ ရတနာလမ်း၊ အမှတ်(၁၄၆၇)ဟုခေါ်တွင်သော(၄၀×၆၀)ပေရှိ ဦးနိုင်(၁)ဦးပိုင်မော် အမည်ပေါက် မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးနိုင်လင်း က လက်ရှိပိုင်ရှင်ဖြစ်သူထံမှ ဝယ်ယူရန်သဘောတူပြီး (၁၉-၃-၂၀၁၅) ရက်နေ့တွင် နှစ်ဦးသဘောတူ မြေကွက်၊ အရောင်းအဝယ်စရံပေး ကတိစာချုပ် ချုပ်ဆို၍ စရံငွေ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဦးနိုင်လင်း ထံသို့ဖြစ်စေ ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထား (မူရင်း)များနှင့်တကွ လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

အမှတ် (၁၃၃)၊ ၃-ထပ်၊ လမ်း-၃၀(အလယ်)၊ ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း - ၀၉-၇၃၀၇၄၃၄၆
လွှဲအပ်ညွှန်ကြားချက်အရ
ဦးတင်မောင်အေး
LL.B, WIPO (Switzderland)
အထက်တန်းရှေ့နေ

**ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်၊ ပြည်တော်အေးလမ်း၊ တိုက်အမှတ်(၇)၊ (၄)လွှာ(ခြေရင်းခန်း)၊ ၁၂½ပေ×ပေ ၅၀ တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ဆိုင်ပါသည်ဟု ဝန်ခံကတိပြုပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးစိန်လှ ၁၁/ရပသ(နိုင်)၀၃၃၇၄၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝန်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ၂၀-၃-၂၀၁၅ ရက်တွင် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထားစုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မိုးစန္ဒာမြင့်
LL.B, Dip in Business Law
WIPO(Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၂၉၁)
ခြံအမှတ်(၆၈/A)၊ သမာဓိ ၆ လမ်း၊ ကမ္ဘာအေး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

**နည်းပညာတက္ကသိုလ်များအတွက်**
**Lap Equipments များအား Open Tender ခေါ်ယူခြင်း**

၁။ နည်းပညာတက္ကသိုလ်များတွင် အသုံးပြုမည့် အောက်ပါ Lap Equipments ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် Open Tender များ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-
(က) Water Resources Lab Equipment
(ခ) Soil Mechanic Lab Equipment
(ဂ) Strength of Material Lab Equipment
၂။ Open Tender ပုံစံများကို ၂၃-၃-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ရုံးအမှတ်(၂၁)တွင် တစ်စုံလျှင် ၁၀၀၀၀ိ/နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၉-၄-၂၀၁၅ ရက် နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။
၃။ Open Tender ပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၀၀၇၊ ၀၆၇-၄၀၄၅၀၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။
**တင်ဒါစိစစ်ရေးနှင့်ရွေးချယ်ရေးအဖွဲ့**

**ဂုဏ်ယူဝမ်းမြောက်ကြောင်း**

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ဝဲကလိကျေးရွာတွင် 21-Paradise သဘာဝရေပူစမ်းအပန်းဖြေစခန်းကို ၁၉-၃-၂၀၁၅ ရက်တွင်ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် ပိုင်ရှင်ဦးခင်ဝင်း [မွန်ပြည်နယ် စည်ပင်သာယာရေးကော်မတီ အဖွဲ့ဝင်(၁)]အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

**ဦးအောင်မြင့်ရွှေနှင့် ဝန်ထမ်းများ**
**21-Paradise Hotel**
**စက်စဲကမ်းခြေ၊ မွန်ပြည်နယ်**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အင်းဝအိမ်ရာ၊ လူနေရပ်ကွက်အမှတ် TOSTA အိမ်ရာ (C-AVENUE)၊ မြေတိုင်းရပ်ကွက်အမှတ် (၆၆)၊ မြေကွက်အမှတ် (C-၄၆)၊ (အလျား၈၅' ×အနံ၆၇' )၊ (5695 Sqft) (၀.၁၃၀)ဧက အကျယ်အဝန်းရှိ ပါမစ်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပါမစ်အမည်ပေါက် ဦးဇော်ဝင်း ၁၂/သဃက(နိုင်)၀၆၂၁၈၄ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်နီနီခိုင် ၁၂/ဗတထ(နိုင်)၀၀၈၁၄၅က အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုး၏ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလှဝေ | ဒေါ်ဖြိုးဖြိုးမြင့်
ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ | ဒေါ်ဝေဖြိုးအောင်
တရားလွှတ်တော်ရှေ့နေများ | အထက်တန်းရှေ့နေများ
အမှတ် (၆၀) ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၂၀၃၂၆၀၊ ၀၉-၇၃၁၀၅၄၃၄၊ ၀၉-၄၃၁၁၅၄၃၂

# မိဘဆရာပူးပေါင်းပါမှ . . .

**သတင်းနှင့်ဓာတ်ပုံ-ခင်ချိုဝင်း**

လူ့စွမ်းအားအရင်းအမြစ် မွေးထုတ်ပေးရာ အခြေခံပညာကျောင်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၏ အဓိက ရေသောက်မြစ်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်က အခြေခံပညာကျောင်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင် အနီးစပ်ဆုံးထိတွေ့ အကောင်အထည်ဖော်နေကြရသည့် မိဘဆရာအသင်းများ၊ ကျောင်းကောင်စီများနှင့် ကျောင်းအကျိုးတော်ဆောင် လူမှုရေးအဖွဲ့တို့၏ လုပ်ဆောင်မှုများအပေါ် ပူးပေါင်းဆောင်ရွက် ပံ့ပိုးမှုပေးနေသည်မှာ ယနေ့တွင် ပို၍သိသာမြင်သာတွေ့နေရပြီဖြစ်သည်။

မိဘဆရာအသင်းများ၊ ကျောင်းကောင်စီများ၏ ဦးဆောင်မှုဖြင့် အခြေခံပညာကျောင်းများ ဖွံ့ဖြိုးတိုးတက်ရေးကို တစိုက်မတ်မတ် ဦးဆောင်လမ်းပြလုပ်ဆောင်လျက်ရှိသည်။ သို့ဖြစ်ရာ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) သာယာဝတီခရိုင် လက်ပံတန်းမြို့မှ မိဘဆရာအသင်းဝင်များနှင့် ကျောင်းသားမိဘအချို့အား မြန်မာ့သတင်းစဉ်အဖွဲ့၏ တွေ့ဆုံမေးမြန်းသိရှိချက်များကို ဖော်ပြလိုက်ပါသည်။

**ဦးမျိုးသိမ်း(မိဘဆရာအသင်း၊ ဒုတိယဥက္ကဋ္ဌ- အထက (၁) လက်ပံတန်း)**

ပြည့်စုံတဲ့ကလေးတွေအတွက်ကတော့ အခက်အခဲမရှိပေမယ့် ချို့တဲ့တဲ့ကလေးတွေအတွက် တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့မိဘတွေ တော်တော်များများ ရှိနေတဲ့အတွက် ပညာသင်စရိတ်၊ စာအုပ်၊ ခဲတံဖိုးကအစ ကလေးတွေရဲ့ ပညာသင်ကုန်ကျစရိတ်မှန်သမျှကို မိဘဆရာအသင်းက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနေတယ်။ ဒီကလေးတွေရဲ့ ပညာရေးကို မိဘတွေက မပူကြပါနဲ့၊ ကလေးတွေကိုသာ ကျောင်းကို အရောက်ပို့ပေးပါလို့ အသင်းအနေနဲ့ သွားရောက်စည်းရုံးရတာတွေ ရှိတယ်။ ဂျပန်နိုင်ငံ ဂျိုကိုတက္ကသိုလ်က ကျောင်းသားတွေနဲ့လည်း မိဘဆရာအသင်းပူးပေါင်းပြီး နှစ်စဉ် ဒီကျောင်းမှာရှိတဲ့ကလေးတွေအနက် ချို့တဲ့တဲ့ ကလေးအယောက် ၄၀ ကို ပညာသင်စရိတ် ထောက်ပံ့မှုတွေ လုပ်နေတယ်။

ဒါ့အပြင် ကျောင်းမှာ လိုအပ်တဲ့ကျောင်းဆောင်တွေ၊ စာကြည့်တိုက်တွေလည်း ဆောက်လုပ်ပေးလျက်ရှိပါတယ်။ မနှစ်က လက်ပံတန်းမြို့မှာ ခြောက်ဘာသာဂုဏ်ထူးထွက်တယ်။ ထူးချွန်တဲ့ကလေးတစ်ယောက်ဆိုရင် ဖခင်ကဆုံးပါးသွားတယ်။ မိခင်ကတော့ရှိတယ်။ ဒါပေမယ့် မြို့နယ် ဌာနဆိုင်ရာရယ်၊ မြို့နယ်ပြည်သူလူထုရယ်၊ မိဘဆရာအသင်းရယ် ပူးပေါင်းပြီးတော့ ဒီကလေး ဆက်လက်ပညာသင်ကြား နိုင်အောင်ဆိုပြီး ဂုဏ်ပြုဆုချီးမြှင့်ကြတဲ့အပြင် ဘွဲ့ရတဲ့အထိ ဝိုင်းဝန်းကူညီပေးလျက်ရှိပါတယ်။

**ဦးတင်နိုင်(မိဘဆရာအသင်း၊ ဒုတိယဥက္ကဋ္ဌ အထက(၂) လက်ပံတန်း)**

အခုစစ်နေတဲ့ တက္ကသိုလ်ဝင်စာမေးပွဲ မဖြေခင်ကတည်းကလည်း အထက(၂)ကျောင်းအုပ်ကြီးက မိဘဆရာ အသင်းကိုခေါ်တွေ့တယ်။ ကလေးတွေစာမေးပွဲအချိန် မှန်မှန်လာရောက်ဖြေဖို့နဲ့ မဖြေခင်ကတည်းက ညဘက်တွေမှာ ကျောင်းက ဆရာ ဆရာမတွေနဲ့ စာတွေခေါ်ပြီး သင်ပေးတာတွေလုပ်ကြတယ်။

နှစ်စဉ်ကျောင်းအပ်ရာသီ မရောက်ခင်ကတည်းက ဆရာကြီးက ကျွန်တော်တို့အဖွဲ့ကိုခေါ်တယ်။ ကျောင်းမနေနိုင်တဲ့ကလေးတွေကို စာရင်းကောက်ပြီး ကျောင်းကိုရောက်အောင်လာဖို့၊ ပညာရေးနဲ့ပတ်သက်ပြီး လိုအပ်တဲ့အခက်အခဲတွေရှိရင်လည်း ဝိုင်းဝန်းကူညီကြဖို့၊ အခမဲ့ပညာရေးစနစ်ဖြစ်တဲ့အတွက် နိုင်ငံတော်အစိုးရက ကူညီပံ့ပိုးပေးနေတဲ့အကြောင်း၊ ကျောင်းကိုလာရောက်အပ်နှံဖို့ အိမ်တိုင်ရာရောက်သွားပြီး မိဘဆရာအသင်းက စည်းရုံးပေးကြပါတယ်။ ဒီကျောင်းက တခြားကျောင်းတွေနဲ့ မတူပါဘူး။ စီးပွားရေးအင်မတန်ချို့တဲ့တဲ့ မိဘတွေရဲ့ကျောင်းသားတွေများတယ်။ အဲဒီအတွက် ထူးချွန်တဲ့ကလေးတွေကို မိဘဆရာအသင်းနဲ့ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ပူးပေါင်းပြီး ငွေကြေးကူညီထောက်ပံ့ကြတယ်။

ဒီကျောင်းမှာလည်း ဆရာမကြီး ဒေါ်ကျော့မေ လက်ထက်ကတည်းက ပညာရေးငွေပဒေသာပင်စိုက်ထားတာရှိပါတယ်။ အဲဒီငွေကနေ ချို့တဲ့တဲ့ကလေးတွေရဲ့ ပညာရေးအတွက်ကိုပဲ အချိုးကျကူညီပေးပါတယ်။ ဒီကျောင်းမှာ ပြင်ပအဖွဲ့အစည်းတွေ ကူညီမှုမရှိပါဘူး။ မိဘဆရာအဖွဲ့နဲ့ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ကျောင်းသားဟောင်းတွေကပဲ ကူညီပံ့ပိုးပြီး ကျောင်းရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်လျက်ရှိပါတယ်။

**ဒေါ်ဂျူးလေး(ကျောင်းသားမိဘ-အုန်းပင်စုရွာ)**

အမိုးရဲ့ကလေးက အထက(၂) လက်ပံတန်းမှာ တက္ကသိုလ်ဝင်စာမေးပွဲဖြေနေတယ်။ ကလေးကဖြေနိုင်တယ်လို့ပြောတယ်။ ကလေးကိုကျောင်းထားဖို့အခက်အခဲတွေရှိခဲ့တာပေ့ါ။ သားကလည်း ရှေ့ဆက်မျှော်မှန်းချက်တွေလည်း ထားထားတယ်။ မိဘဆရာအသင်းကလည်း စာအုပ်စာတမ်းကအစ၊ အငြိမ်းစားဆရာ ဆရာမတွေကလည်း မိဘဆရာအသင်းရဲ့အကူအညီတောင်းမှုကြောင့် ပညာဒါန အနေနဲ့ အခကြေးငွေမယူဘဲ စာတွေကိုသင်ကြားပေးတဲ့အတွက် အဆင်ပြေပါတယ်။ ဆရာ ဆရာမကြီးတွေကို ကျေးဇူးလည်းတင်ပါတယ်။

**ဒေါ်တင်တင်ထွေး(ကျောင်းသားမိဘ- သရောင်းပြင်ကျေးရွာ)**

ကျွန်မသမီးလေးက ကျောင်းတက်တာ ကုလားကုန်းကျောင်းမှာတက်တာ၊ အထက(၂)လက်ပံတန်းကျောင်းမှာ စာမေးပွဲလာဖြေတော့ ကလေးကိုစောင့်ပြီးအားပေးနေတာ။ ကလေးကဖြေနိုင်တယ်လို့ပြောတယ်။ ကျွန်မတို့အခြေအနေနဲ့ဆိုရင် ကလေးကိုကျောင်းဆက်မထားနိုင်ဘူး။ ကျောင်းက ဆရာမတွေကခေါ်ပြီး အခမဲ့ သင်ကြားပေးတယ်။ မိဘဆရာအသင်းကလည်း စာအုပ်ဖိုးတွေ၊ ကလေးတွေရဲ့ပညာရေးလိုအပ်ချက်တွေကို ဝိုင်းပြီးပံ့ပိုးပေးတဲ့အတွက်ကြောင့် အခုလိုပညာ ဆက်သင်ခွင့် ရတာပါ။

၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် လက်ပံတန်းမြို့၌ အထက်တန်းကျောင်း ခုနစ်ကျောင်း၊ အထက်တန်းကျောင်းခွဲ လေးကျောင်း၊ အလယ်တန်းကျောင်းခြောက်ကျောင်း၊ အလယ်တန်းကျောင်း(ခွဲ) ရှစ်ကျောင်း၊ မူလတန်းကျောင်း ၁၅၇ ကျောင်း၊ မူလတန်းကျောင်း(ခွဲ) ငါးကျောင်း၊ မူလွန်ကျောင်း ၁၄ ကျောင်း စုစုပေါင်း အခြေခံပညာကျောင်း ၂၀၁ ကျောင်းရှိသည်။

အဆိုပါ အခြေခံပညာကျောင်း ၂၀၁ ကျောင်းတွင် ကျောင်းသား ကျောင်းသူ ပေါင်း ၃၃၄၄၂ ဦး အေးချမ်းစွာ ပညာဆည်းပူးနိုင်ရန် တာဝန်ရှိသူများအားလုံးက ပံ့ပိုးပေးနေကြသည်ကို တွေ့မြင်ခဲ့ရသည်။

၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုသူ ၁၄၂၄ ဦးအနက်ခြောက်ဘာသာ ဂုဏ်ထူးရရှိသူတစ်ဦး၊ ငါးဘာသာဂုဏ်ထူးရရှိသူ တစ်ဦးအပါအဝင် ဂုဏ်ထူးဖြင့်အောင်မြင်သူ ၁၀၇ အောင်မြင်သူ စုစုပေါင်း ၄၃၂ ဦး အောင်မြင်မှုရာခိုင်နှုန်း ၃၀ ဒသမ ၃၄ ရှိသည်ကို ကြည့်ခြင်းဖြင့် လက်ပံတန်းမြို့ရှိ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမ များ၊ မိဘဆရာအသင်း တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းဝင်များနှင့် ကျောင်းသားမိဘများ၏ ပညာရေးဝန်းကျင်ကောင်းတစ်ရပ် ဖန်တီးပေးနေမှုကို အထင်အရှား သက်သေပြလျက်ရှိသည်။

# ဇော်ဂျီမြစ်ကူး(ပင်တလည် )တံတား အသစ်ပြန်လည်တည်ဆောက်



**ကျောက်ဆည် မတ် ၂၂**

ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဇော်ဂျီမြစ်ကို ဖြတ်ကူးတည်ဆောက်ထားသော ဇော်ဂျီမြစ်ကူးတံတား (ပင်တလည်) ကို ယခင် သစ်သားတံတားမှ သံကူကွန်ကရစ်တံတားအဖြစ် အသစ်ပြန်လည်တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဇော်ဂျီမြစ်(ပင်တလည်) တံတားသည် ယခင်က ခုနစ်ပေအကျယ်ရှိ သစ်သားတံတားဖြစ်ပြီး ယခု အသစ်ပြန်လည်တည်ဆောက်မည့် သံကူကွန်ကရစ်တံတားသည် အလျားပေ ၁၇၀၊ အကျယ် ၁၇ ပေနှင့် အမြင့် ၂၁ ပေရှိပြီး ပြီးစီးမှု ၅၅ ရာခိုင်နှုန်းကျော်ထိ ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ အဆိုပါတံတားကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုအစိုးရရန်ပုံငွေ ကျပ်သန်း ၁၀၅ ဒသမ ၉ သန်းဖြင့် ကောင်းနေကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဇော်ဂျီမြစ်ကူး (ပင်တလည်) တံတား တည်ဆောက်ပြီးစီးသွားပါက မြစ်အရှေ့ဘက်ခြမ်းရှိ ပင်တလည်ကျေးရွာ၊ ဥယျာဉ်ကျေးရွာ၊ သပြေသာကျေးရွာ၊ ပုထိုးနီကျေးရွာ၊ တောင်ဘီလူးကျေးရွာ၊ ရှမ်းရွာကြီးကျေးရွာများသည် ရန်ကုန်-မန္တလေး ကားလမ်းသို့ အလွယ်တကူသွားလာပြီး ယခင်ကကဲ့သို့ ခရီးဝေးကွာမှုမရှိဘဲ လယ်ယာထွက်ကုန်ပစ္စည်းများ လျင်မြန်လွယ်ကူစွာ စီးဆင်းနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းညှိနှိုင်းဆွေးနွေး

**ညောင်လေးပင် မတ် ၂၂**

ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်လုပ်ငန်းညှိနှိုင်းဆွေးနွေးမှု အခမ်းအနားကို မတ် ၁၉ ရက်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် အာဇာနည်လမ်းရှိ သီရိရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဝင်းမောင်က အမှာစကားပြောကြားပြီး တက်ရောက်လာကြသော နိုင်ငံရေးပါတီများနှင့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်များမှ တာဝန်ရှိသူများက သိလိုသည်များမေးမြန်းခဲ့၍ အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။ ထို့နောက် ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်တိုင်းဒေသကြီးဥပဒေအရာရှိ ဦးဇော်လင်းမောင်နှင့် အတွင်းရေးမှူး တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်စိုးတို့က ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဥပဒေ၊ နည်းဥပဒေများအား ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**



ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် မြို့မဈေးမီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းနှင့် မီးသတ်ပညာပေးဟောပြောပွဲကို မတ် ၁၉ ရက်က တောင်ကြီးမြို့ မြို့မဈေးနှင့် စဝ်စံထွန်းဈေးတို့၌ ကျင်းပရာ လက်တွေ့သရုပ်ပြသခြင်း၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးနိုင်ရေးတို့ကို မြို့နယ် မီးသတ်စခန်း တာဝန်ရှိသူတစ်ဦးက ဦးဆောင်၍ သန္ဒေ ၃၀ ၊ အရန်မီးသတ် ၁၅ ဦးနှင့် မီးသတ်ယာဉ်သုံးစီး၊ မြို့နယ်စည်ပင်သာယာရေး ရေသယ်ယာဉ် တစ်စီးနှင့် အရပ်ဘက် ရေသယ်ယာဉ်နှစ်စီးတို့ဖြင့် မီးငြိမ်းသတပုံများကို လက်တွေ့ပြသလေ့ကျင့်ပေးစဉ်။ စိုင်းသန်းကျော်(တောင်ကြီး)

# သရက်-ကံမ-ပြည် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**ကံမ မတ် ၂၂**

နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်သူများ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရန် ရည်ရွယ်၍ နိုင်ငံတစ်ဝန်း လမ်းတံတားဖောက်လုပ် တည်ဆောက်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့သော ဧရာဝတီမြစ်အနောက်ဖက်ကမ်းရှိ မကွေးတိုင်းဒေသကြီး သရက်ခရိုင်နှင့် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်တို့ကို ဆက်သွယ်ဖောက်လုပ်သည့် သရက်-ကံမ-ပြည် မော်တော်ကားလမ်းမှာ ၄၉ မိုင် ၇ ဖာလုံရှိပြီး ဘဏ္ဍာနှစ်အလိုက် အဆင့်ဆင့်ဆောင်ရွက်ခဲ့ရာ ယနေ့အချိန်အခါတွင် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းမှာ ရာနှုန်းပြည့်ပြီးစီးအောင်မြင်ခဲ့ပြီဖြစ်ကြောင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါ ဒေသမှပြည်သူများသည် ယခင်ကာလက ဧရာဝတီမြစ်ကို အမှီပြု၍ ရေကြောင်းခရီးဖြင့်သာ သွားလာခဲ့ရသဖြင့် ကုန်စည်စီးဆင်းမှု နှေးကွေးခဲ့ရသော်လည်း ယခုအခါ လမ်းမကြီး ပြီးစီးသွားပြီဖြစ်သဖြင့် ကုန်စည်စီးဆင်းမှု လျင်မြန်ချောမွေ့စေပြီး ဒေသနေပြည်သူများမှာ လိုရာခရီးသို့ ရာသီမရွေး လွယ်ကူလျင်မြန်စွာ သွားနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ကျော်ဇေယျာဝင်း(iprd)**

ပြည်တွင်းသတင်း

# ကာလာမကန်တော်ကြီး မီးဘေးအတွက် ပြန်လည်မွမ်းမံတည်ဆောက်



**ကောလင်း မတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်အတွင်းပါဝင်သည့် ကောလင်းမြို့နယ်သည် မီးမကြာခဏလောင်သည့်အတွက် မီးသတ်ရေရရှိရန် ၁၉၉၀ပြည့်နှစ် နိုဝင်ဘာ ၁၃ ရက်က အနက်ရှစ်ပေ၊ အကျယ်ပေ ၁၀၀၊ အလျားပေ ၁၂၀၀ ရှိ ကန်ကြီးတစ်ကန်ကိုတူးဖော်ပြီးကန်အတွင်းစီးပွားရေး၊ ကျန်းမာရေးအရ ဘေးမဲ့ငါးများလွှတ်ပြီး ကာလာမဘေးလွှတ်ကန်ဟု အမည်ပေးခဲ့သည်။

ကာလာမ ကန်တော်ကြီးသည် မီးရထားလမ်း တစ်လျှောက်တွင် တူးဖော်ထားပြီး ရေများညစ်ညမ်းလာခြင်း၊ တိမ်ကောလာခြင်း၊ ကမ်းပြိုလာခြင်း၊ ကန်အတွင်း စည်းကမ်းမဲ့ အမှိုက်ပစ်ခြင်း၊ ဘေးမဲ့ငါးလွှတ်သူများ၏ ပလတ်စတစ်များ ကန်တွင်းစွန့်ပစ်ခြင်းကြောင့် ကာလာမကန်သည် မြေထိန်းနံရံမရှိသည့်အတွက် မြေပြိုတိုက်စားမှုဖြစ်ကာ ရွှံ့ညွန်များဖုံးလွှမ်းကာ ရေများမှာလည်း ညစ်နွမ်းလာခဲ့သည်။

ထိုသို့ ညစ်နွမ်းပျက်စီးနေသဖြင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့ ဦးဆောင်မှုဖြင့် မြို့မိမြို့ဖများ ပူးပေါင်းပါဝင်ပြီး ကန်တော်ကြီးကို မြေထိန်းနံရံ တည်ဆောက်ရန်အတွက် ပြည်ထောင်စုလွှတ်တော်မှ ငွေကျပ်သိန်း ၅၀၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီက ငွေကျပ် ၁၀ သိန်း၊ ဇေယျာပဒေသာမွေးမြူရေးဖောင်ဒေးရှင်းက ငွေကျပ် ၁၀ သိန်း ရှစ်သောင်းနှင့် မြို့မိမြို့ဖများ၏ အလှူငွေဖြင့် ဖေဖော်ဝါရီလမှစ၍ မြေထိန်းနံရံ တည်ဆောက်ခဲ့ရာ ယခုအခါ ကန်၏အရှေ့ဘက်ခြမ်းမှာ မြေထိန်းနံရံ ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**

---

# မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေမူကြမ်းအပေါ် အစည်းအဝေးကျင်းပ

**ရန်ကုန် မတ် ၂၂**

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကို အာရှဖွံ့ဖြိုးရေးဘဏ်(ADB)၏ အကူအညီဖြင့် အသစ်ပြင်ဆင်ရေးဆွဲဆောင်ရွက်လျက်ရှိရာ ပြင်ဆင်ရေးဆွဲပြီးသည့် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေမူကြမ်းအပေါ် လိုအပ်သည်များ ညှိနှိုင်းဆွေးနွေးနိုင်ရန်ရည်ရွယ်၍ မတ်လဒုတိယပတ်က ရန်ကုန်မြို့ ချက်ထရီယမ်ဟိုတယ်၌ ကျင်းပသည်။အဆိုပါအစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ချိုချိုဝင်း၊ Asian Development Bank (ADB), Country Director Mr.Wimfried Wicklein နှင့် ကျွမ်းကျင်သူများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူ ကိုယ်စားလှယ် ၁၀၀ ခန့်နှင့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ခံအရာရှိများ တက်ရောက်ခဲ့ပြီး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

# နေရောင်ခြည်စွမ်းအင်သုံးစနစ်ဖြင့် အခမဲ့မီးလင်း

**တပ်ကုန်း မတ် ၂၂**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ အနောက်ဘက်(၂၈) မိုင်ခန့်ကွာဝေးသော ထန်းတပင်ကျေးရွာတွင် ရွာလုံးကျွတ် ဆိုလာလျှပ်စစ်မီးလင်းရေးဖွင့်ပွဲ အခမ်းအနားကို မတ် ၂၀ ရက်က ထန်းတပင်ကျေးရွာ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်က ဆိုလာလျှပ်စစ် မီးလင်းရေးနှင့် ပတ်သက်သည့် အချက်အလက်များကို ကျေးရွာအုပ်ချုပ်ရေးမှူးအား လွှဲပြောင်းပေးအပ်ခဲ့ပြီး အုပ်စုလုံးကျွတ် မီးလင်းရန် နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန်၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေ၊ နေပြည်တော်တိုင်း လျှပ်စစ်ဒုတိယအင်ဂျင်နီယာချုပ် ဦးသန်းထွန်းအောင်တို့ တက်ရောက်စက်ခလုတ်နှိပ် မီးဖွင့်လှစ်ပေးခဲ့သည်။

ထန်းတပင်ကျေးရွာသည် ယခင်က လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး လျှပ်စစ်မီးရရှိရန် မလွယ်ကူပေ။ ယခုအခါ နေပြည်တော်ကောင်စီ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် ငွေကျပ်သန်းပေါင်း ၄၃ ဒသမ ၂၀၀ အကုန်အကျခံ၍ ကျေး ရွာအတွင်းရှိ အိမ်ပေါင်း ၂၁၆ အိမ်ကို ဆိုလာပြား၊ ဘက်ထရီအိုး၊ အင်ဗာတာ၊ မီးသီး၊ မီးကြိုး၊ မီးချောင်းများကို (မင်းရာဇာ) ကုမ္ပဏီက တာဝန်ယူဆောင်ရွက် တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

**(ဝ၂၁)**

---

သတင်းတိုများ

## ကျေးရွာစီမံကိန်း ကွင်းဆင်းစစ်ဆေး

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ်အတွင်း မြစိမ်းရောင်စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့် သံချောင်းကျေးရွာနှင့် ရွှေရွာသစ် ကျေးရွာများသို့ မတ် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ကွင်းဆင်းစစ်ဆေးခြင်းကို မြို့နယ် ကျေးလက်ဦးစီးမှူး ဦးအောင်ထွန်းက ချေးငွေပေးဆပ်မှုအကြောင်းနှင့် ငွေစာရင်းလချုပ်များ လစဉ်ဆောင်ရွက်ခြင်းအကြောင်းများကို ကျေးရွာကော်မတီဝင်များအား ရှင်းလင်းပြောကြားသည်။ ထို့နောက် စီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းလိုအပ်ချက်များအား မှာကြားခဲ့ကြောင်း သိရသည်။

**(၁၅၇)**

## ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းဖွင့်

ကျောက်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နှစ်(၇၀) ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့်ဆောင်ရွက်သည့် ဇင်ချောင်း-ကင်းမြောက်ကျေးရွာချင်း ဆက်ကွန်ကရစ်လမ်းသစ်ကို မတ် ၁၆ ရက် နံနက် ၉ နာရီခွဲက ကျောက်ဖြူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဦးစောထွန်း၊မြို့နယ်အထောက်အကူပြုကော်မတီမှ အတွင်း ရေးမှူး ဦးတင်ရွှေနှင့် ကင်းမြောက်ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါကွန်ကရစ်လမ်းမှာ တန်ဖိုးငွေကျပ် ၉၃ ဒသမ ၂၃ သန်းရှိပြီး အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများဖြစ်ကြသည့် မူရွှင်း၊ ကလန့်တဲ၊ ကင်းမြောက်၊ ကုန်ဘောင်တန်းနှင့် ပင်လယ်နားကျေးရွာတို့မှ ဒေသခံပြည်သူများတက်ရောက်ခဲ့ကြသည်။

**သက်ထက်**

## မီးသတ်ဝတ်စုံများ ထောက်ပံ့

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဇဝနဒီပရပ်ကွက် ဓမ္မာရုံ၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား မီးသတ်ဝတ်စုံများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို မတ် ၁၇ ရက်က ကျင်းပသည်။ အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဦးသန်းဌေး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ပြီး ရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးပြီး ရပ်ကွက်များအတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား မီးသတ်ဝတ်စုံများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်မွေး**



---

**လမင်းသာ**
**ကိုယ်ပိုင်အထက်တန်းကျောင်း**
**ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်း**

ကျောင်း
အမှတ်(၃၁)၊ အခန်း(၅)၊ (၅)ထပ်တိုက်၊ စံပယ်လမ်း၊ တာမွေ။

- ဘော်ဒါ၊ နေ့တက်ဘော်ဒါ
- တက္ကသိုလ်ဝင်တန်း–အထူးသီးသန့်စာသင်၊စာကျက်ဝိုင်း
- နဝမတန်း – အထူးသီးသန့်စာသင်စာကျက်ဝိုင်းများ

အပ်နှံရမည့်နေရာ
အမှတ်(၃၄)၊ ၃–လွှာ၊ မလွှကုန်းလမ်း၊ ကျောက်မြောင်း
ဖုန်း– ၀၉၅၄၁၇၃၁၂၊ ၀၉၄၃၁၃၈၅၁၂
၂၀၁၅–၂၀၁၆ ပညာသင်နှစ်အတွက်
ကြိုတင်အပ်နှံနိုင်ပါပြီ။

အလိုရှိသည်
ဘော်ဒါဆောင်အုပ်ချုပ်ရေးမှူး (အွဲ့ရ) – ကျား/မ (၂) ဦး
ရုံးဝန်ထမ်း – မ (၁) ဦး
သန့်ရှင်းရေးဝန်ထမ်း – မ (၁) ဦး

**ကလေးနာမည်ပေးနာမည်ကျော်ဆရာကြီး**
**ရာဇာဇော်ဝင်း(LL.B)နှင့်သာဆက်သွယ်ပါ**



ရှေးမှမပျက်ခေတ်မှီလှပသောနာမည်လှလှလေးများကိုဖုန်းသာဆက်လိုက်ပါကင်ပွန်းတပ်ရက်/ မင်္ဂလာမော်ကွန်း/ ဇာတာ/ ဂဏန်းဗေဒင်အဟောများ/ နက္ခတ်အဟောများ/ မိဘနာမည်တွဲသုံးပုံလမ်းညွှန်/ တစ်သက်တာဟောစာတမ်းများ/ နာမည်ပေးပါရဂူဆရာကြီးနှင့်ဆက်သွယ်လျှင်ထူးချွန်သောကလေးဖြစ်စေရန်အာမခံသည်။ ရင်သွေးငယ်၏ အနာဂတ်အလုံးစုံပါဝင်သောအကြားအမြင်ဟောစာတမ်းပါဦးမည်၊ကလေးအတွက်အစုံပါသည်အိမ်ပို့၇၀၀၀ နယ်သို့စာတိုက်မှပို့မည်။လူကြီးများလိုရာမေး ကွန်ပြူတာဖြင့်နာမည်မပေးပါ။ ကိုယ်ဝန်ဆောင်မိခင်ရက်ကောင်းရွေးစာအုပ်ချုပ်၍ပို့သည်။
အမှတ်(၃၅) မြေညီထပ်(၈၇)လမ်း၊မင်္ဂလာတောင်ညွန့်မြို့နယ်ရန်ကုန်မြို့(ပိတ်ရက်မရှိ)
☎01-394727,01-399426,09-73009994,09-5152521

**သကြၤန်ရီးလာ ပြီ**



သင်္ကြန်ကျွင်း ပိတ်ရက်ရှည်ပိတ်မှာဆိုတော့ လိုတဲ့ဒီမ်ဆာ ဆန်အတွက် ကြိုတင်မှာထားပါ။
09 4333 4111 ☎ 01-682844
09 4333 4222 ☎ 01-682944
09 730 77711 ☎ 01-682928
09 730 77722 ☎ 01-686212
ပေါ်ဆန်းမွှေး နှစ်အိတ်ဝယ်လျှင် T ရှပ် တစ်ထည်ရယူပါ။
စိတ်ကောင်းကြည်လင် ချန်ပီယံ ပေါ်ဆန်းမွှေး

ငြင်းချက်ထုတ်ရန်သမ္မာန်စာ
တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀
ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်တရားရုံး
၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၄

၁။ ဦးအောင်ကျော်(ခ)ဦးမောင်ချစ် နှင့် ဦးစံသိန်း
၂။ ဦးချိုအေး(ခ)ဦးမောင်ကျွဲ
(တရားလိုများ) (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ ရွှေအုတ်ဂူ(၆)လမ်း၊ အမှတ်(၆၄၄)နေ တရားပြိုင် ဦးစံသိန်း(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ ဦးအောင်ကျော်(ခ)ဦးမောင်ချစ်နှင့် ဦးချိုအေး(ခ)ဦးမောင်ကျွဲတို့က **"အိမ်နှင့်မြေအရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ပေးစေလိုမှု"**လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ(သို့မဟုတ်)၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ(သို့မဟုတ်)၎င်းအမှုနှင့်စပ်လျဉ်း၍ စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်း၏ရှေ့နေပါ၍ဖြစ်စေ၊ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃ ရက်၊ ၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် မွန်းမတည့်မီ (၁၀း၀၀)နာရီခန့်အချိန်တွင် အထက်အမည်ပါ ရေးသားပါရှိသူ တရားလိုများစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။(သို့တည်းမဟုတ်)သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်၊ ပို့အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်လိုလျှင် အမှုမတိုင်မီ (လေး)ရက်ကတင်သွင်းရမည်။

၂၀၁၅ ခုနှစ်၊ မတ်လ၊ ၂၀ ရက်တွင် ဤရုံးတံဆိပ်ခတ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ကျော်ကျော်ဝင်း)မြို့နယ်တရားသူကြီး၊ သာကေတမြို့နယ်တရားရုံး

**ပျောက်ဆုံးကြောင်း**
ကျွန်မ မဝင်းမိုမိုသစ် ၇/တငန(နိုင်)၁၄၃၉၆၇၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၉၇၂၄၈၄၅၆၅

**ပျောက်ဆုံးကြောင်း**
ကျွန်မ မသည်းမွန်သက်အောင် ၁၂/ကမတ(နိုင်)၀၆၅၀၅၉၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၇၉၉၂၈၉၅၃၃၊ ၀၉–၂၆၀၁၈၃၃၅၆

**မွေးသက္ကရာဇ်အမှန်**
ဦးဝင်းမြင့်(ခ)ဦးသန်းအောင်၏ သမီး မင်္ဂလာဒုံမှ မအေးအေးဝင်း ၁၂/မဂဒ(နိုင်)၁၁၀၁၀၈ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၇– ၅–၁၉၈၁ဖြစ်ပါကြောင်း။

ပြည်တွင်းသတင်း

# ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အကြို ဟောပြောပွဲကျင်းပ



**ရန်ကုန် မတ် ၂၂**

မတ် ၂၄ ရက်တွင်ကျရောက်မည့် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အကြိုလှုပ်ရှားမှုအဖြစ် မင်္ဂလာတောင်ညွန့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ တီဘီရောဂါကြိုတင်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဥယျာဉ်ရပ်ကွက် မိသားစုခမ္မာရုံ၌ ကျင်းပသည်။ အခမ်းအနားတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွေးနွေးလင်းက ကမ္ဘာနှင့်အဝန်း တီဘီရောဂါတိုက်ဖျက်ရေးကာကွယ်တားဆီးလုပ်ဆောင်နေချိန်တွင် မြန်မာနိုင်ငံကလည်း ပါဝင်ဆောင်ရွက်နေခြင်းဖြစ်၍ ပြည်သူလူထုကျန်းမာရေးအသိရှိစေရန် ဟောပြောပွဲကျင်းပရခြင်းဖြစ်ကြောင်း အမှာစကားပြောကြားပြီး ကျန်းမာရေးဦးစီးဌာနမှ သူနာပြုဆရာမ ဒေါ်အေးအေးခိုင်က ကူးစက်ရောဂါတီဘီနှင့် ဆေးယဉ်ပါးတီဘီရောဂါများအကြောင်းကို ဆောင်ရန်၊ ရှောင်ရန်၊ လိုက်နာကုသရန်တို့ကို အသိပညာပေးဟောပြောသည်။

ထို့နောက် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့နယ်မိခင်နှင့်ကလေးဥက္ကဋ္ဌ ဒေါ်ဝေညိုတို့က ဥယျာဉ်ရပ်ကွက်အတွင်းရှိ ဆေးယဉ်ပါးတီဘီဝေဒနာရှင်များအား ဆေးဝါးနှင့် အားဖြည့်ခါတ်စာများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**



သာယာဝတီခရိုင် မင်းလှမြို့နယ်တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြခြင်းကို မတ် ၁၉ ရက်က မင်းလှမြို့မဈေး၌ ကျင်းပရာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြစဉ်။

ပေါက်စ**(iprd)**

## ကွန်ပျူတာစနစ်ဖြင့် အခြေခံမဲဆန္ဒရှင်စာရင်းအချက်အလက်ထည့်သွင်းခြင်း သင်တန်းဖွင့်

**ပူတာအို မတ် ၂၂**

ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်းရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့တွင် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမဲစာရင်းများ မှန်ကန်တိကျစေရေးနှင့် ကွန်ပျူတာစနစ်ဖြင့် မဲစာရင်းပြုစုရာတွင် ကွန်ပျူတာစနစ်ကို မှန်ကန်စွာအသုံးပြုနိုင်ရေးအတွက် အခြေခံ မဲဆန္ဒရှင်စာရင်း အချက်အလက် ထည့်သွင်းခြင်း သင်တန်းဖွင့်ပွဲကို မတ် ၁၉ ရက်က ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခေတ္တ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်းကအမှာစကားပြောကြားပြီး ပူတာအိုခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် IFES အဖွဲ့မှ IT ကျွမ်းကျင်သူ ဦးဟိန်းဇော် (IFES-နည်းပြ)က တစ်နိုင်ငံလုံးအဆင့် မဲဆန္ဒရှင်စာရင်းများကို ကွန်ပျူတာစနစ်ဖြင့် ပြုစုခြင်းနှင့် မဲစာရင်းထည့်သွင်းခြင်းလုပ်ငန်းတွင် ပါဝင်ပတ်သက်သူများ၏ အခန်းကဏ္ဍကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းသို့ ပူတာအိုခရိုင်အတွင်းရှိ မြို့နယ် ငါးခုမှ သင်တန်းသား ၁၅ ဦး တက်ရောက်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

**ဖုန်ကန်(iprd)**

## ဂျာမနီနိုင်ငံမှ မျက်စိအထူးကုဆရာဝန်ကြီးများ အခမဲ့လာရောက်ကုသပေး

**ဟုမ္မလင်း မတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့၌ ကျန်းမာရေးဦးစီးဌာနနှင့် ဂျာမနီနိုင်ငံမှ မျက်စိအထူးကုဆရာဝန်ကြီးများပူးပေါင်း၍ ဟုမ္မလင်း ခုတင် (၁၀၀)ဆံ့ပြည်သူ့ဆေးရုံ၌ မတ် ၁၄ ရက်မှ ၂၈ ရက်အထိ အခမဲ့ကုသပေးနေကြောင်း သိရသည်။ အဆိုပါ မျက်စိအခမဲ့ကုသပေးခြင်းကို ဟုမ္မလင်းမြို့ မြို့လယ်ကျောင်းဆရာတော် ဦးဣန္ဒာစာရ၊ စစ်ကိုင်းတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းရွှေ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဆွေ၊ ကော်မတီသုံးရပ်နှင့်ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့ဝင်များက မျက်စိဝေဒနာရှင်များအား အဆင်ပြေအောင်မြင်စွာခွဲစိတ်ကုသနိုင်ရန် ပံ့ပိုးကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ မျက်စိဝေဒနာရှင်များကို ကုသပေးလျက်ရှိရာ မတ် ၁၄ ရက်မှ ၁၉ ရက်အထိ ၆၃၀ ဦးခန့် စမ်းသပ်ကုသပေးပြီး ၈၀၄ ဦးခန့်ကို အခမဲ့ခွဲစိတ်ကုသပေးလျက်ရှိကြောင်း သိရသည်။

**လင်းလင်း**



ပြည်တွင်းသတင်း

# ဉာဏ်တော် ၄၅ တောင်ရှိ ရွှေသာလျောင်းရုပ်ပွားတော်ကြီး အာရုံခံတန်ဆောင်းတည်ဆောက်မည်

**ကန့်ဘလူ မတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ပိုးဇာကုန်းရွာသစ် လက်ထုပ်ကုန်းကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်သည့် ဉာဏ်တော် ၄၅ တောင်ရှိ ရွှေသာလျောင်းရုပ်ပွားတော်ကြီး၏ အာရုံခံတန်ဆောင်းကို အသစ်တည်ဆောက်မည်ဖြစ်ပြီး မတ် ၁၈ ရက်က တန်ဆောင်းတည်ဆောက်ရန် ပန္နက်တင်ခဲ့ကြောင်း သိရသည်။

ရွှေသာလျောင်းဗုဒ္ဓရုပ်ပွားတော်ကြီးနှင့် အာရုံခံတန်ဆောင်းအဟောင်းကို လက်ထုပ်ကုန်းကျောင်းတိုက် ပထမဆရာတော် ဦးကဝိန္ဒက လွန်ခဲ့သည့် ၁၀၆ နှစ်၊ ၁၉၀၉ ခုနှစ်တွင် စတင်တည်ထားခဲ့ကြောင်း၊ နှစ်ကာလကြာလာသဖြင့် တန်ဆောင်းကြီးမှာ ယိုယွင်းပျက်စီးလာသဖြင့် လက်ရှိဆရာတော်များဖြစ်သော ဆရာတော်ဦးကုမာရ၊ ဒေါက်တာအရှင်ဓမ္မပီယ၊ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် မေတ္တာနန္ဒဝိဟာရကျောင်းတိုက်မှ ဆရာတော် အရှင်ယောသိတာဘိဝံသနှင့် ဆရာတော် ဦးမာနိတတို့ကဦးဆောင်၍ ကျေးရွာနေပြည်သူများနှင့် ရပ်ဝေးရပ်နီးမှ ဒါယကာများ၏ စုပေါင်းလှူဒါန်းမှုဖြင့် အလျား ၆၉ ပေ၊ အနံ ၄၈ ပေ၊ အမြင့် ၂၃ ပေရှိ အာရုံခံ တန်ဆောင်းသစ်ကြီးကို တည်ဆောက်ခြင်းဖြစ်ကြောင်း ဆရာတော်ဦးမာနိတက မိန့်ကြားသည်။

အာရုံခံတန်ဆောင်းတည်ဆောက်ရန် ပန္နက်တင်ပွဲ၌ ဆရာတော်များက ပရိတ်တရားတော်များဟောကြားပြီး ဆရာတော်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများက စုပေါင်းပန္နက်တင်ခဲ့ကြသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



# နိုင်ငံခြားခရီးသည်များကြောင့် ဆိုင်ကယ်ကယ်ရီများအဆင်ပြေ

**ရေး မတ် ၂၂**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်း အထင်ကရနေရာများနှင့် အပန်းဖြေပင်လယ်ကမ်းခြေများသို့ နိုင်ငံခြားခရီးသွားများ လည်ပတ်မှုမြင့်တက်လာသည်နှင့်အမျှ ဆိုင်ကယ်ကယ်ရီပြေးဆွဲကြသူ အများအပြားမှာအဆင်ပြေနေကြကြောင်း သိရသည်။

နိုင်ငံခြားသားခရီးသွားများအနေဖြင့် ရေးမြို့နယ်အတွင်း လည်ပတ်ရန်အတွက် ဆိုင်ကယ်ကယ်ရီသမားများကို ၎င်းတို့နေထိုင်တည်းခိုသည့် တည်းခိုရိပ်သာများက ချိတ်ဆက်ပေးကြောင်း၊ ထိုသို့ချိတ်ဆက်ပေးရာတွင် ဘာသာစကားအနည်းငယ်ပြောတတ်ဆိုတတ်ပြီး ယုံကြည်စိတ်ချရသည့် ဆိုင်ကယ်သမားများကိုသာ ချိတ်ဆက်ပေးကြောင်း၊ ဆိုင်ကယ်သမားများအနေဖြင့်လည်း ခရီးစဉ်များအပေါ်မူတည်ပြီး ဆိုင်ကယ်ကယ်ရီခများရရှိသည့်အတွက် အဆင်ပြေကြောင်း သိရသည်။

ရေးမြို့နယ်တွင် ဆိုင်ကယ်ကယ်ရီပြေးဆွဲသူများအနေဖြင့် နေ့စဉ်ပျမ်းမျှဝင်ငွေ ကျပ် ငါးထောင်မှ တစ်သောင်းခန့်ရှိကြောင်း၊ နိုင်ငံခြားသားဧည့်သည်များကို ပို့ဆောင်ပေးရပါက ဝင်ငွေပိုရကြောင်း ဆိုင်ကယ်ကယ်ရီဆွဲသူတစ်ဦးက ပြောသည်။

ရေးမြို့နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးများ ကောင်းမွန်လာသဖြင့် နိုင်ငံခြားသား ခရီးသွားများ လာရောက်လည်ပတ်မှု တိုးမြင့်လာရာ အချို့မှာ ဆိုင်ကယ်ကယ်ရီများဖြင့် လည်ပတ်ကြပြီး စက်ဘီးများ ငှားရမ်းစီးနင်း၍ လည်ပတ်ကြသူများလည်းရှိကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

## သတင်းတို

### ပညာဂုဏ်ရည်စာကြည့်တိုက်ဖွင့်

ပျော်ဘွယ်မြို့နယ် ဗောဓိကုန်း ကျေးရွာအုပ်စု ရခိုင်တပ်ကျေးရွာ၌ ပညာဂုဏ်ရည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို မတ် ၁၈ ရက်က ကျင်းပရာ စာကြည့်တိုက်အလှူရှင် တောင်ငူမြို့ ဆားကျင်းကျေးရွာ သာသနာ့ ဂုဏ်ရည်ကျောင်းတိုက် ဆရာတော် ဦးဝီရိယက ဩဝါဒမြွက်ကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးမြင့်စိုးနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဦးနှင့် မြို့နယ်ပြန်/ဆက်ဦးစီးမှူးဦးဖုန်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ငွေကျပ် ၂၅ သိန်းတန်ဖိုးရှိ မြေကွက်ပေါ်တွင် ငွေကျပ် ၁၃ သိန်းတန်ဖိုးရှိ စာကြည့်တိုက်ကိုဆရာတော်က ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ **မင်းမင်းထွေး(ပျော်ဘွယ်)**

# ဒေသတွင်းအရေးပါသော နှောင်ကန်ကွန်ကရစ်တံတား တည်ဆောက်ပြီးစီး

**မိုးညှင်း မတ် ၂၂**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ ချောင်းဝကျေးရွာအုပ်စုနှင့် ပန်းလားကျေးရွာအုပ်စုတို့ကို ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက်လမ်းမပေါ်ရှိ နှောင်ကန်ကွန်ကရစ်တံတား တည်ဆောက်မှုလုပ်ငန်းများ မတ် ၁၈ ရက်တွင် ပြီးစီးပြီဖြစ်ရာ ဒေသခံများမကြာမီအသုံးပြုနိုင်တော့မည်ဖြစ်သည်။



"အရင်က တံတားမရှိတဲ့အတွက် ဒီနေရာမှာ သစ်သားဝါးတံတားကို အားထားပြီး ဆက်သွယ်သွားလာနေရတာပါ။ မိုးတွင်းဆိုရင် လှည်းတွေ သွားလာရတာ ခက်ခဲတယ်။ ပွင့်လင်းရာသီမှာတော့ လယ်ကွင်းတွေကို လမ်းဖောက်ပြီး သွားလာနေကြရတာပါ။ အခု ဒီတံတားပြီးသွားတော့ ဆက်သွယ်သွားလာရေး အဆင်ပြေသွားပြီ။ ကျွန်တော်တို့ဒေသမှာ အများစုက တောင်သူတွေပါ။ ဒီအင်းတော်ကြီးဒေသဟာ ကချင်ပြည်နယ်ရဲ့ စတုတ္ထစပါးအထွက်ဆုံးနေရာပါ။ တောင်သူတစ်ဦးကို လယ်ဧက ၅၀ ကနေ ၂၀၀ အထိ ရှိကြပါတယ်။ ဒါကြောင့် ဒီတံတားဟာ ကျွန်တော်တို့ တောင်သူတွေအတွက် မရှိမဖြစ်လိုအပ်တဲ့ တံတားတစ်စင်းပါ" ဟု လွဲပေါ်ကျေးရွာနေ တောင်သူတစ်ဦးက ပြောသည်။

အဆိုပါတံတားသည် ချောင်းဝကျေးရွာအုပ်စု လွဲပေါ်ကျေးရွာနှင့် ပန်းလားကျေးရွာအုပ်စု လောဆွန့်-မှန်ကင်း၊ အိုင်လေးတူ-ပန်းလား ကျေးရွာတို့ကို ဆက်သွယ်ပေးထားပြီး ကျေးရွာများမှ ဒေသခံပြည်သူများအတွက် အရေးပါသော တံတားဖြစ်ကြောင်း၊ အရှည်ပေ ၁၄၀၊ အကျယ် ၁၅ ပေရှိ အာရ်စီ ကွန်ကရစ်တံတားဖြစ်ပြီး အင်းတော်ကြီး-နန့်တိန်းဒေသအုပ်စုများအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအစဉ် ရန်ပုံငွေဖြင့် မိုးညှင်းခရိုင် စည်ပင်သာယာရေးက တာဝန်ယူတည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ **နီတိုး(မော်လူး)**

MCC.i
MCC Training Institute
ပြည်တွင်း၊ ပြည်ပလုပ်ငန်းအပွဲ့အစည်းကြီးများတွင် လုပ်သက်လဖာ ကောင်းကောင်းဖြင့် အလုပ်ဝင်ရောက်နိုင်မည့် ကွန်ပျူတာ ပညာရှင်တစ်ယောက်ဖြစ်လိုပါသလား?



B.Sc (Hons:) Business IT
University of Greenwich, UK
Academic + Skills + OJT + English
Hot Line: 01-246634, 01-2304156
www.facebook.com/mcc.institute
MCC.i (Yangon Campus) : Ph - 01-249152, 01-245762, 01-395512
MCC.i (Mandalay Campus) : Ph - 09-402671562, 09-91034062, 011-202113
MCC.i (Yatanarpon Campus) : Ph - 02-5178112, 02-5178113, 02-5178132
MCC.i (Naypyitaw Campus) : Ph - 09-31354842, 09-254148940
25% Discount for March Intake Save K 750,000

အင်ဂျင်နီယာ နှင့် ကွန်ပျူတာဒီပလိုမာ သင်တန်းများ
- Civil
- Electrical & Electronic
- Plumbing
- Air-Con & Refrigeration
- Software Developer(IT)
- IT System Support (IT)
- Electrical Installation
- Fabrication & Welding
- Maintenance
- Mechanical Manufacturing
City & Guilds
မတ်လ(၂၄) ရက်စမည်။
မတ်(၂၄)ရက်မတိုင်မီအပ်နှံပါက ၂၀% Discount
Myanmar TECH Institute (ယခင် TECH Training Centre)
Campus 1
Campus 2

Since 1989
O.B.F Language School
SAYA-TONY
အင်္ဂလိပ်စကားပြန်ဟောင်း၊ ဘာသာပြန်ဆရာ(SHELL) ဦးစီးသော
* IELTS / TOEFL
* Elementary Spoken English (ESE) – အခြေခံစကားပြော
* Intermediate General English (IGE) – အလယ်အလတ်စကားပြော
* Advanced General English (AGE) – အဆင့်မြင့်စကားပြော
* Basic Grammar & Essay (BGE) – အခြေခံသဒ္ဒါနှင့်အရေး
* Basic Translation Course (BTC) – ရေး၊ဖတ်၊သတင်းဘာသာပြန်
☎ : 249178, 09-5061343, 09-5138867, 09-448000410

FAME
Nature A®
Carotenoid complex
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 009439 (1014)

FAME
Phototec®
Natural antioxidant for eye
မျက်စိဆေး
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 008234 (1115)

ပြည်တွင်းသတင်း

## သက်ကြီးနှင့် မသန်စွမ်းစစ်မှုထမ်းဟောင်းများအား ထောက်ပံ့

**မိတ္ထီလာ မတ် ၂၂**

နှစ်(၇၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အသက် ၈၀ နှင့်အထက် မိတ္ထီလာမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် နိုင်ငံတော်အတွက် ကိုယ်လက်အင်္ဂါစွန့်လွှတ်ခဲ့သော မသန်စွမ်းအဖွဲ့ဝင်များအား ထောက်ပံ့ငွေများကို မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမ၌ မတ် ၂၀ ရက်က ပေးအပ်ခဲ့သည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဂုဏ်ထူးဆောင်နာယကကြီး ဗိုလ်မှူးချုပ်မောင်မောင်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် အဖွဲ့ဝင်များ၏ လူနေမှုဘဝသက်သာချောင်ချိရေး ဆောင်ရွက်ပေးနေမှုများကို အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးတင်မောင်ဌေး(ငြိမ်း)က ရှင်းလင်းပြောကြားသည်။ ထို့နောက် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံးနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အသက် ၈၀ ပြည့်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၆၅ ဦးအတွက် ထောက်ပံ့ငွေကျပ် ၁၃ သိန်း၊ မသန်စွမ်း(နှစ်မျိုးစွန့်) ၁၂ ဦးအတွက် ထောက်ပံ့ငွေ ၂၄၀၀၀၀ ကျပ်၊ မသန်စွမ်း(တစ်မျိုးစွန့်) ၉၂ ဦးအတွက် ၁၃၈၀၀၀၀ ကျပ်ကို တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့သည်။ **ချမ်းသာ(မိတ္ထီလာ)**

## ကျေးရွာချင်းဆက်မြေသားလမ်းခင်းရန် ငွေလှူဒါန်း

**ခင်ဦး မတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်ရှိ ကျွန်းလည်-ကျွန်းဆွယ် ကျေးရွာချင်းဆက်လမ်းကို အရှည် ၂၈၇၅၊ အကျယ်ပေ ၂၀၊ အမြင့် ၅ ပေရှိ မြေသားလမ်းဖောက်လုပ်ရန်နှင့် ရေဆိုးထုတ်ပြွန်များတပ်ဆင်ရန်အတွက် သပိတ်ကျင်းမြို့နယ် လက်ပံပြန့်ကျေးရွာနေ ဦးကျော်လှိုင်မိသားစုက ငွေကျပ် ၂၅ သိန်းကို မတ် ၁၆ ရက်က လှူဒါန်းခဲ့ကြောင်း၊ လမ်းကိုစတင် ခင်းကျင်းနေပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ ကျေးရွာချင်းဆက်လမ်းမှာ မိုးရာသီတွင် မူးတိမ်ချောင်းမှ ရေဆိုးများ လမ်းပေါ်ကျော်ပြီး နှစ်စဉ်ပျက်စီးမှုဖြစ်သဖြင့် ယခုနှစ်တွင် အလှူရှင်၏လှူဒါန်းမှုဖြင့် မြေသားလမ်းကို မြှင့်တင်ခြင်းဖြစ်ကြောင်း၊ ကျွန်းလည်-ကျွန်းဆွယ်လမ်းပြီးစီး၍ ညောင်ပင်ကြီးစုကျေးရွာချင်းဆက်လမ်းပေါ်သို့ ဆက်သွယ်နိုင်ပါက ညောင်ပင်ကြီးစုရှိ တိုက်နယ်ဆေးရုံနှင့် အထကကျောင်းသို့လည်းကောင်း၊ ရွှေဘို-ရေဦးကားလမ်းသို့လည်းကောင်း လွယ်ကူစွာသွားလာဆက်သွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **ခင်ဦးစိုးဝေ**

# တိုက်နယ်ပြည်သူ့ဆေးရုံ၌ ဆရာဝန်နေရာလစ်လပ်နေသဖြင့် အမြန်ဖြည့်ဆည်းပေးရန် ဒေသခံများလိုလားနေ

**မိုးညှင်း မတ် ၂၂**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ ချောင်းဝကျေးရွာအုပ်စုရှိ ချောင်းဝကျေးရွာ တိုက်နယ်ပြည်သူ့ဆေးရုံတွင် ကျန်းမာရေးဝန်ထမ်းများ ပြည့်စုံသော်လည်း ဆရာဝန်နေရာမှာ လစ်လပ်နေသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက အမြန်ဖြည့်ဆည်းနေရာချထားပေးရန် ဒေသခံပြည်သူများက လိုလားနေကြောင်း သိရသည်။

“အရင်က တစ်နေ့ကို အနည်းဆုံး လူနာ ငါးဦးလောက်ရှိပါတယ်။ အခုအချိန်မှာတော့ လူနာတွေများနေပါတယ်။ ဘာကြောင့်လဲဆိုတော့ အင်းတော်ကြီးဒေသ ရွှေမဥ္ဇူဘုရားပွဲကြီးပြီးလို့ ပွဲပန်းပြီးနေမကောင်းဖြစ်ကြတဲ့ လူနာတွေ၊ ရာသီဥတုအပြောင်းအလဲကြောင့် ဝမ်းလျှောဝမ်းပျက်ဖြစ်ကြတဲ့




လူနာတွေ၊ ထိခိုက်ရှနာဖြစ်တဲ့ လူနာတွေနဲ့ဆိုတော့ ဆေးရုံတက်ကုသနေကြရတဲ့ လူနာတွေများနေပါတယ်။ ဒီနေ့မှာ အရေးပေါ်လူနာတွေက အလွန်များနေလို့ လက်မလည်အောင် ကုသမှုတွေဆောင်ရွက်ပေးနေရပါတယ်။ အရင်နှစ်ကဆိုရင် လှည်းကြိတ်လို့ ဆေးရုံလာပြတဲ့လူနာ၊ အသည်းအသန်ဖြစ်နေတဲ့ ကလေးငယ်တွေကို ကုသပေးရာမှာ ဒီလိုလူနာမျိုးတွေကို သေချာစမ်းသပ်ပြီး ဒီဆေးရုံမှာ ကုသမယ်။ ဒါမှမဟုတ် ဒီဆေးရုံမှာကုသလို့ မဖြစ်နိုင်လောက်ဘူးလို့ထင်ရင် မြို့နယ်ဆေးရုံကို ပို့ရမယ်ဆိုတဲ့ ဆုံးဖြတ်ချက်တွေကို တိုက်နယ်ဆရာဝန်ကသာ ဆုံးဖြတ်ရမှာကို ကျွန်မတို့ ကျန်းမာရေးဝန်ထမ်းတွေက စမ်းသပ်ဆုံးဖြတ်ပေးနေရတာမို့ အမှားအယွင်းတွေ ဖြစ်သွားမှာကို စိုးရိမ်ပါတယ်။ ဒီလိုအခြေအနေတွေမှာ ကျန်းမာရေးဝန်ထမ်းတွေ လုံလောက်ပြည့်စုံနေပေမယ့် အဓိကအရေးပါတဲ့ တိုက်နယ်ဆရာဝန်တစ်ဦးက ရှိကိုရှိနေရမှာပါ။ ဒေသခံအများစုကလည်း ဒီဆေးရုံကို ဆရာဝန်တစ်ဦး အမြန်ဆုံးခန့်ထားပေးဖို့ လိုလားနေကြပါတယ်”ဟု ချောင်းဝတိုက်နယ်ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းတစ်ဦးက ပြောသည်။

ချောင်းဝကျေးရွာ တိုက်နယ်ဆေးရုံတွင် သူနာပြုဆရာမ တစ်ဦး၊ ကွန်ပေါင်ဒါ တစ်ဦး၊ ကျန်းမာရေးအထောက်အကူ တစ်ဦး၊ အထွေထွေလုပ်သားတစ်ဦး၊ ညစောင့်တစ်ဦးတို့ရှိနေသော်လည်း တိုက်နယ်ဆေးရုံဆရာဝန်နေရာ လစ်လပ်နေကြောင်း၊ အရေးပေါ်ကုသရမည့် လူနာများ၊ မြို့နယ်ဆေးရုံများသို့ လွှဲပြောင်းပေးပို့ရမည့် လူနာများ၊ အသည်းအသန်ဖြစ်နေသည့် လူနာများအား ပြုစုစောင့်ရှောက်ခြင်းနှင့် လွှဲပြောင်းကုသမှုများ ပြုလုပ်ရာတွင် ဆုံးဖြတ်ပေးမည့် ဆရာဝန်မရှိသောကြောင့် ဝန်ထမ်းများနှင့် လူနာရှင်များ အခက်ကြုံနေရကြောင်း သိရသည်။ **နီတိုး(မော်လူး)**

## လာပို့-မင်းကင်းလမ်းပိုင်း ကွန်ကရစ်ခင်းပြီး၍ ဒေသခံများ အဆင်ပြေ

**မင်းကင်း မတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ရန်ပုံငွေကျပ်သန်း ၁၆၀ ဖြင့် ဆောင်ရွက်လျက်ရှိသော လာပို့-မင်းကင်းလမ်းပိုင်းအရှည် တစ်မိုင်၌ အကျယ် ၁၂ ပေ၊ ထု ၉ လက်မရှိ ကွန်ကရစ်ခင်းခြင်းကို ၂၀၁၄ ခုနှစ် အောက်တိုဘာလအတွင်းက စတင်ဆောင်ရွက်ခဲ့ရာ ယခုနှစ် ဖေဖော်ဝါရီလကုန်တွင် ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သဖြင့် မင်းကင်းမြို့နယ်အတွင်းမှ ပွင့်လျက်၊ စသာ၊ ပသေး၊ အင်းဒေါင်း၊ ကူလဲ၊ ထုံးမန်း၊ ညောင်ကိုင်း၊ တင်ဘက်ကျေးရွာများရှိ ကျေးလက်နေပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပြီဖြစ်ကြောင်း သိရသည်။ **ချင်းတွင်းသား(iprd)**



ပြည်တွင်းသတင်း

# ရဝမ်ရိုးရာ ဖက်ရှင် မော်ဒယ်ပြိုင်ပွဲနှင့် ဂီတ ဖျော်ဖြေပွဲကျင်းပမည်

**ပူတာအို မတ် ၂၂**

ကချင်ပြည်နယ် ပူတာအိုမြို့တွင် ရဝမ်စာပေနှင့် ယဉ်ကျေးမှုကော်မတီ၊ လူငယ်နှင့်အနုပညာဆပ်ကော်မတီ ရန်ပုံငွေတစ်ရပ်အနေဖြင့် ရဝမ်ရိုးရာဖက်ရှင် မော်ဒယ်ပြိုင်ပွဲနှင့် ဂီတဖျော်ဖြေပွဲကို မတ် ၃၁ ရက်နှင့် ဧပြီ ၁ ရက်တွင် ညစဉ် ၇ နာရီမှစတင်၍ ပူတာအိုမြို့ ဒုတ္တန်ရပ်ကွက်ရှိ ရဝမ်စာပေနှင့် ယဉ်ကျေးမှုကော်မတီရုံးဝင်း ခရန်ခူးခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဂီတဖျော်ဖြေပွဲတွင် MOLA music Band နှင့် တွဲဖက်၍ ရဝမ်တိုင်းရင်းသား အဆိုရှင်များက ဖျော်ဖြေတင်ဆက်မည်ဖြစ်ပြီး ရဝမ်ရိုးရာဖက်ရှင် မော်ဒယ်ပြိုင်ပွဲတွင် ဆုရရှိသူများကို ဧပြီ ၁ ရက် ည ဖျော်ဖြေပွဲအစီအစဉ်တွင် ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရဝမ်ရိုးရာ ဖက်ရှင်မော်ဒယ်ပြိုင်ပွဲတွင် ပထမဆုအနေဖြင့် ကျပ်သုံးသိန်း၊ ဒုတိယဆု ကျပ်နှစ်သိန်းငါးသောင်း၊ တတိယဆု နှစ်သိန်း၊ Title ဆုကို ကျပ်တစ်သိန်း စသည်ဖြင့် ထိုက်ထိုက်တန်တန်ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ပြီး ရဝမ်ရိုးရာဖက်ရှင် မော်ဒယ်ပြိုင်ပွဲနှင့် ဂီတဖျော်ဖြေပွဲကို ကြည့်ရှုနိုင်ရန်အတွက် တစ်ဦးလျှင် ဝင်ကြေး ကျပ် နှစ်ထောင်၊ အထူးတန်း ငါးထောင်ကျပ်ဖြင့် လက်မှတ်များကို ကြိုတင်ရောင်းချနေပြီဖြစ်ရာ သက်ဆိုင်ရာ တာဝန်ရှိသူများထံမှ လက်မှတ်များ ဝယ်ယူကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**ဖုန်ကန်**(iprd)




# မဟာစရိယနှင့် ပထမပြန်စာမေးပွဲအောင် သံဃာတော်များအား ဂုဏ်ပြုပူဇော်

**ကျောက်ပန်းတောင်း မတ် ၂၂**

၂၀၁၄ ခုနှစ် ပရိယတ္တိပညာသင်နှစ်တွင် နိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာနက စစ်ဆေးကျင်းပသည့် ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲတွင် ကျောက်ပန်းတောင်းမြို့နယ်မှ ဝင်ရောက်ဖြေဆိုအောင်မြင်သော သံဃာတော်များအား ထပ်ဆင့်ဂုဏ်ပြု မဟာဘွဲ့နှင်းသဘင်နှင့် စူဠဘွဲ့နှင်းသဘင်ကို ကျောက်ပန်းတောင်းမြို့နယ်လုံးဆိုင်ရာ သာသနာ့ဗိမာန်တော်ကြီး၌ မတ် ၁၉ ရက်က ကျင်းပသည်။

အခမ်းအနားတွင် စကားဝါမြေဖောင်ဒေးရှင်းမှ မြို့နယ်ဥပတ္ထမ္ဘကအဖွဲ့သို့ လှူဒါန်းငွေကျပ်သိန်း ၂၀ နှင့် စာအောင်သံဃာများအတွက် ဂုဏ်ပြုလှူဒါန်းငွေကျပ် ၁၁၈၄၀၀၀ ကို ဖောင်ဒေးရှင်းဒုတိယဥက္ကဋ္ဌ ဦးတင်မောင်ညွန့်နှင့် အဖွဲ့ဝင် ဦးသောင်းညွန့်တို့က ပေးအပ်လှူဒါန်းကြသည်။ ထို့နောက် ဓမ္မာစရိယအောင်သံဃာတော်များအား ကျောက်ပန်းတောင်းတပ်နယ်မှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက အောင်လက်မှတ်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

၂၀၁၄ ခုနှစ် ပရိယတ္တိပညာသင်နှစ် ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲတွင် ကျောက်ပန်းတောင်းမြို့နယ်မှ သာသနဓဇ ဓမ္မာစရိယဘွဲ့တံဆိပ်တော်ရ သံဃာတော် အပါး၂၀၊ စာသင်တိုက်အသီးသီးမှ ပထမကြီးတန်းအောင် ၁၈ ပါး၊ ပထမလတ်တန်းအောင် ၄၆ ပါး၊ ပထမငယ်တန်းအောင် ၃၈ ပါး အောင်မြင်ခဲ့ကြောင်း သိရသည်။

**နေအောင်**(iprd)

# လေယာဉ်ကွင်းတည်ဆောက်ရာတွင် ပါဝင်သည့်မြေများအတွက် လျော်ကြေးငွေ ပေးအပ်

**ကျောက်ထု မတ် ၂၂**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ လေယာဉ်ကွင်းတည်ဆောက်ရာတွင် ပါဝင်သွားသည့်မြေများအတွက် မြေပိုင်ရှင်တောင်သူများသို့ မြေလျော်ကြေးငွေများကို ကျောက်ထုမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၁၆ ရက်က ပေးအပ်သည်။




မြေလျော်ကြေးပေးအပ်ပွဲတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းဖေက အမှာစကားပြောကြားသည်။ ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ကျောက်ထုလေယာဉ်ကွင်း တည်ဆောက်ရာတွင်ပါသွားသည့် တောင်သူ ၁၉၈ ဦး၏ လယ်မြေ ၂၆၂ ဒသမ ၁၄ ဧကနှင့် ယာမြေ ၆၆ ဒသမ ၀၇ ဧက တို့အတွက် လျော်ကြေးငွေ ကျပ် ၈၅၂ ဒသမ ၄၉ သန်းကို ဂန့်ဂေါခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဇင်က လယ်ယာမြေပိုင်ရှင် တောင်သူများအား ပေးအပ်သည်။

ကျောက်ထုလေယာဉ်ကွင်းကို ပြေးလမ်းအရှည် ပေ ၁၀၀၀၀ ရှိ လေယာဉ်ကွင်းအဖြစ် ၂၀၀၂ ခုနှစ်မှစတင်၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ လေယာဉ်ကွင်းတည်ဆောက်ရာတွင်ပါသွားသည့် လယ်ယာမြေများအတွက် နစ်နာကြေးငွေကို ကာလပေါက်ဈေးဖြင့် သတ်မှတ်ပေးအပ်ခြင်းဖြစ်ကြောင်း၊ လယ်မြေတစ်ဧကလျှင် ငွေကျပ်သိန်း ၃၀ နှုန်းဖြင့်လည်းကောင်း၊ ယာမြေတစ်ဧကလျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့်လည်းကောင်း လျော်ကြေးငွေများ ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(၁၀၁)**












# စောင့်ကြည့်ရမယ့် ဂျာမနီ၊ ဒိန်းမတ် ခြေစွမ်း

မိုးမြင့်လင်းလက်

ဒီတစ်ပတ်ရဲ့ကြားရက်ဖြစ်တဲ့မတ် ၂၅ ရက်မှာတော့ ပရိသတ်တွေအတွက် နိုင်ငံတကာခြေစမ်းပွဲတွေက စောင့်ကြိုနေပြန်ပါတယ်။ ဒီပွဲစဉ်တွေမှာ ပရိသတ်တွေ အာရုံအလှည့် အပြောင်းဖြစ်စေမယ့်ပွဲတွေကတော့ ဒိန်းမတ်နဲ့ အမေရိကန်၊ ဂျာမနီနဲ့ ဩစတြေးလျ၊ စကော့တလန်နဲ့ မြောက်အိုင်ယာလန်တို့ရဲ့ ပွဲစဉ်တွေပဲဖြစ်ပါတယ်။ နိုင်ငံတကာခြေစမ်းပွဲတွေမှာ အင်တိုက်အားတိုက် ကစားလေ့ရှိကြတဲ့ ဂျာမနီနဲ့ ဒိန်းမတ်အသင်းတွေရဲ့ ယှဉ်ပြိုင်မှုစွမ်းအားကို အကဲခတ်ခွင့်ရရှိဦးမှာ ဖြစ်ပါတယ်။

**ဂျာမနီနှင့် ဩစတြေးလျ**

လက်ရှိကမ္ဘာ့ဖလား ချန်ပီယံ ဂျာမနီအသင်းဟာ လာမယ့်ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ချန်ပီယံဖလားကို ကာကွယ်ဖို့အတွက် လူငယ်ကစားသမားတွေကို အဓိက ရွေးချယ်သွားမယ်လို့ ဆိုထားပါတယ်။ ခြေစွမ်းထက်မြက် လူငယ်ခြေတက်တွေ များပြားတဲ့ ဂျာမနီအသင်းဟာ လောလောဆယ် ပြိုင်ပွဲစုံ ရှစ်ပွဲကစားခဲ့တဲ့နေရာမှာ ငါးပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးမှတ်တမ်း ရေးထိုးထားတာမို့ ပြိုင်ဘက်တိုင်းကို အလေးထားပြီး ကစားနေသလို လူငယ်တွေရဲ့ ခြေစွမ်းအတက်အကျ၊ နေရာလိုက်ကစားနိုင်မှုနဲ့ ကစားအားတွေကို ဆန်းစစ်နေပြီဖြစ်လို့ကစားသမားတွေရဲ့ ကြိုးစားအားထုတ်မှုက အမြင့်ဆုံး အနေအထားဖြစ်နေပါတယ်။ ဩစတြေးလျတို့ကတော့ ၂၀၁၅ အာရှဖလား ချန်ပီယံဖြစ်ပြီး အသင်းလိုက် ကစားအား ကောင်းမွန်တဲ့ စံနှုန်းရရှိထားပါတယ်။ အာရှဖလားချန်ပီယံဟာ ကမ္ဘာ့ဖလားချန်ပီယံကို ခြေရည်တူကစားဖို့ သရေကျဖို့တောင် ခက်ခဲမယ့် အနေအထားပါပဲ။ ဂျာမနီနဲ့ ဩစတြေးလျတို့ ၂၀၁၀ ကမ္ဘာ့ဖလားပွဲမှာ ဆုံခဲ့စဉ်က ဂျာမနီက လေးဂိုးပြတ် နိုင်ပွဲရခဲ့သလို ၂၀၁၅ ခုနှစ် ကွန်ဖက်ဒရေးရှင်းဖလား ဘောလုံးပြိုင်ပွဲမှာလည်း ဂျာမနီတို့က လေးဂိုး-သုံးဂိုးနဲ့ နိုင်ပွဲရရှိခဲ့တာဖြစ်ပါတယ်။ အခုပွဲမှာတော့ ဂျာမနီတို့ အနိမ့်ဆုံး နှစ်ဂိုးပြတ်သွင်းပြီး ဩစတြေးလျတို့ကတော့ ဂျာမနီထံမှ အတွေ့အကြုံနဲ့ သင်ခန်းစာတွေ ရယူဖို့ပဲရှိပါတယ်။

**ဒိန်းမတ်နှင့် အမေရိကန်**

ခြေစမ်းပွဲတွေမှာတော့ စွမ်းဆောင်မှုပိုင်း ကွာဟမှုမရှိတဲ့ အသင်းတွေဖြစ်ပါတယ်။ ဒိန်းမတ်ရဲ့ လက်ရှိ ခြေစွမ်းအနေအထားကို ကြည့်ရင် နောက်ဆုံးကစားခဲ့တဲ့ရှစ်ပွဲမှာ သုံးပွဲနိုင်၊ နှစ်ပွဲသရေနဲ့ သုံးပွဲရှုံးထားပါတယ်။ အမေရိကန်တို့ကတော့ နောက်ဆုံးကစားခဲ့တဲ့ ရှစ်ပွဲမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေနဲ့ ကျန်လေးပွဲ ရှုံးနိမ့်ထားပါတယ်။ ဒီနှစ်သင်းရဲ့နောက်ဆုံးနှစ်ပွဲတွေ့ဆုံခဲ့တဲ့ ခြေစွမ်းပွဲရလဒ်တွေကို ကြည့်ရင်လည်း ဒိန်းမတ်က သုံးဂိုး-တစ်ဂိုးနဲ့ တစ်ပွဲအနိုင်ရထားသလို အမေရိကန်တို့ကလည်း သုံးဂိုး-တစ်ဂိုးနဲ့ တစ်ပွဲနိုင်ခဲ့ပါတယ်။ အခုပွဲမှာ ဒိန်းမတ်တို့က ပွဲတိုင်းအားထည့်မှုပိုများလေ့ရှိတဲ့ စိတ်ဓာတ်ကြောင့် ရလဒ်မပြတ်သားတဲ့ နိုင်ပွဲရသွားနိုင်ပါတယ်။

**စကော့တလန်နှင့်**
**မြောက်အိုင်ယာလန်**

ဗြိတိန်အသင်းတွေမို့ကြည့်ကောင်းမယ့်ပွဲပါပဲ။ စကော့တလန် အသင်းမှာ ဖလက်ချာ၊ မာလိုနေးနဲ့ နေးစမစ်တို့ ပါဝင်လာနိုင်သလို မြောက်အိုင်ယာလန်မှာလည်း ကာရိုးလ်၊ အီဗန်နဲ့ ဘရန့်တို့ ထည့်သွင်းကစားဖို့ရှိနေပါတယ်။ ဒီနှစ်သင်းရဲ့ တွေ့ဆုံခဲ့မှုမှတ်တမ်းကိုကြည့်ရင် စကော့တလန်က ၆၂ ပွဲနိုင်ပြီး ၁၇ ပွဲ သရေကျကာ မြောက်အိုင်ယာလန်တို့ ၁၅ ပွဲ နိုင်ထားပါတယ်။ လက်ရှိ ခြေစွမ်းပိုင်းမှာ စကော့တလန်တို့ ရလဒ်တွေကောင်းနေတာမို့ ဒီပွဲမှာ မြောက်အိုင်ယာလန်တို့အနေနဲ့ သရေရလဒ်ကို မျှော်မှန်းရုံကလွဲပြီး ကျန်တာမမျှော်လင့်နိုင်တာမို့ စကော့တလန်တို့ နိုင်ပွဲရသွားနိုင်ပါတယ်။ ။



## ချန်ပီယံလိဂ်ကွာတားမှာ စပိန်ပြိုင်ဘက်ချင်း ဆုံပြန်ပြီ

ချန်ပီယံလိဂ်ကွာတားဖိုင်နယ်မှာ လက်ရှိချန်ပီယံဖြစ်ဆဲ ရီးရဲမက်ဒရစ်နဲ့ အက်သလက်တီကို အသင်းတို့ ဆုံကြပြီဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်က ဗိုလ်လုပွဲမှာ ဆုံခဲ့တဲ့အပေါ် စိတ်မကျေပွဲဆုံတွေ့မှုလို့ ဆိုနိုင်ပါတယ်။

ချယ်လ်ဆီးအသင်းကို ၁၆ သင်းပြိုင်ပွဲမှာအနိုင်ယူခဲ့တဲ့ ပီအက်စ်ဂျီအသင်းကတော့ မန်စီးတီးကိုအနိုင်ယူခဲ့တဲ့ ဘာစီလိုနာအသင်းနဲ့တွေ့မှာ ဖြစ်ပါတယ်။ အာဆင်နယ်ကို အဝေးဂိုးနဲ့အနိုင်ယူခဲ့တဲ့ မိုနာကိုကတော့ ဂျူဗင်တပ်စ်နဲ့ ကစားရမှာဖြစ်ပါတယ်။ ဒီအတောအတွင်း ဘွန်ဒက်စ်လီဂါချန်ပီယံ ဘိုင်ယန်မြူးနစ်ကတော့ ပေါ်တိုအသင်းနဲ့ ကစားရမှာဖြစ်ပါတယ်။ ဒီကွာတားဖိုင်နယ် ပထမအကျော့ကို ဧပြီ ၁၄ ရက်နဲ့ ၁၅ ရက်တို့မှာ ကစားမှာဖြစ်ပြီး ဒုတိယအကျော့ကို ဧပြီ ၂၁ ရက် နဲ့ ၂၂ ရက်တို့မှာ ကစားမှာဖြစ်ပါတယ်။

ဥရောပချန်ပီယံဆုဖလားကို ၁၀ ကြိမ်တိုင်တိုင် ဆွတ်ခူးထားတဲ့ ရီးရဲမက်ဒရစ်အသင်းက ပြီးခဲ့တဲ့နှစ် လစ္စဘွန်းမြို့မှာကျင်းပတဲ့ ဗိုလ်လုပွဲမှာ လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ယူခဲ့တဲ့ စပိန်လာလီဂါ ချန်ပီယံကို အနိုင်ကစားသွားဖွယ်ရှိပါတယ်။ ဘင်နီတက်ဇ်ရဲ့ နာပိုလီက ဂျာမန်ကလပ် ဝုဘက်အသင်းနဲ့ ယူရိုပါလိဂ်ကွာတား ကစားရမှာဖြစ်ပါတယ်။

အဲဗာတန်ကိုနိုင်ခဲ့တဲ့ ယူကရိန်းအသင်းကလပ် ဒိုင်နမိုကီယက်ဗ်က ဖီအိုရင်တီးနားနဲ့ ကစားရမှာဖြစ်ပါတယ်။ ၁၀ နှစ်အတွင်းမှာ ဒုတိယအကြိမ် ဖလားရယူဖို့ ကြိုးစားနေတဲ့ လက်ရှိချန်ပီယံ ဆီဗီလာကတော့ ရုရှားကလပ် ဇီးနစ်အသင်းနဲ့တွေ့မှာ ဖြစ်ပါတယ်။ ယူကရိန်းကလပ် ဒီနီပရိုအသင်းကတော့ ဘယ်လ်ဂျီယံကလပ် ဘရက်အသင်းနဲ့တွေ့မှာ ဖြစ်ပါတယ်။ ဒီပြိုင်ပွဲတွေကိုတော့ ဧပြီ ၁၆ ရက်နဲ့ ၂၃ ရက်တွေမှာ ကစားမယ်လို့ဆိုပါတယ်။

ကောင်းမြတ်သူ



# ကြော်ငြာ

**ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့**
**(စည်ပင်သာယာရေးဝန်ကြီးဌာန)**
**ဒေးဒရဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့**
**အဝေးပြေးကားဝင်းတည်ဆောက်ခြင်းလုပ်ငန်းအကျိုးတူဆောင်ရွက်ရန်**

## အဆိုပြုလွှာခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့၊ ဖျာပုံ-ဒေးဒရဲကားလမ်းမကြီးဘေး ကွင်းအမှတ် ၂၅၂(မြို့မကွင်း) ဦးပိုင်အမှတ် ၃/၂၁၊ ဧရိယာဧက ၁၁သမ ၃၂ ရှိ မြေပေါ်တွင် ဆောက်လုပ်ထားသော အဝေးပြေးကားဝင်းအား ထပ်မံဆောက်လုပ်မည့်လုပ်ငန်းအား အကျိုးတူပူးပေါင်းဆောင်ရွက်ရန် စိတ်ပါဝင်စားသော မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အဆိုပြုလွှာခေါ်ယူအပ်ပါသည်။

၂။ အဆိုပြုလွှာတင်သွင်းရာတွင် အောက်ပါအချက်များပါဝင်ရမည်-

(က) ကုမ္ပဏီဆိုင်ရာစာရွက်စာတမ်းအထောက်အထားများ
(ခ) အကျိုးပြုဆောင်ရွက်မည့်အဆိုပြုလွှာ(ဆောက်လုပ်မည့်ဒီဇိုင်းပုံစံအား ဒေးဒရဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့တွင် ရယူရန်)
(ဂ) ရင်းနှီးမြှုပ်နှံမည့်ပမာဏ

၃။ အဝေးပြေးကားဝင်းထပ်မံဆောက်လုပ်ရန် အဆိုပြုလွှာအား ဒေးဒရဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ၃၁-၃-၂၀၁၅ရက် နောက်ဆုံးပေးပို့ရန်နှင့် အသေးစိတ်အချက်အလက်များသိလိုပါက ဒေးဒရဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၊ ဖုန်း-၀၄၅-၅၆၀၇၄သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။ **ဒေးဒရဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

---

**အလုပ်ကြော်ငြာ**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)**
**လူထုဗဟိုပြုစီမံကိန်း**
**National Community Driven Development Project (NCDDP)**

ကမ္ဘာ့ဘဏ်၏ထောက်ပံ့ငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း(နေပြည်တော်)တွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါရာထူးများအတွက် ပြည်တွင်းအကြံပေးပုဂ္ဂိုလ်/ဝန်ထမ်းများငှားရမ်းလိုပါသည်-

| | | | |
|---|---|---|---|
| (၁) | Translator/Interpreter | (၂၄)လ | ကျား/မ (၁)ဦး |
| (၂) | Office Secretary | (၂၄)လ | ကျား/မ (၁)ဦး |
| (၃) | Procurement Assistant | (၂၄)လ | ကျား/မ (၂)ဦး |

ဖော်ပြပါရာထူးအားလုံးအတွက် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်များ၌ အနည်းဆုံးအတွေ့အကြုံ (၅)နှစ်ရှိရမည်။ နံပါတ်စဉ် (၃)အတွက် ဝန်ထမ်းများရွေးချယ်ခန့်ထားခြင်း၊ စာချုပ်များညှိနှိုင်းချုပ်ဆိုခြင်းနှင့် ကြီးကြပ်ခြင်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။ NGO/INGO နှင့် စီမံကိန်းလုပ်ငန်းအတွေ့အကြုံရှိသူများကို ဦးစားပေးမည်။

လျှောက်ထားလိုသူများအနေဖြင့် ကိုယ်ရေးအချက်အလက်တွင် လုပ်ငန်းအတွေ့အကြုံများကို အသေးစိတ်ဖော်ပြ၍ အောက်ဖော်ပြပါလိပ်စာသို့ ၂၄-၄-၂၀၁၅ရက် နောက်ဆုံးထား၍ အီးမေးလ်ဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေပေးပို့ လျှောက်ထားနိုင်ပါသည်။ ရွေးချယ်ခံရသူများသည် ၂၀၁၅ခုနှစ် မေလတတိယအပတ်မှစ၍ လုပ်ငန်းတာဝန်များကို စတင်ထမ်းဆောင်ရမည်ဖြစ်သည်။

လုပ်ငန်းတာဝန်အကြောင်းအသေးစိတ်အချက်အလက်များ (Term of Reference -TOR) ကို အောက်ဖော်ပြပါ အီးမေးလ်သို့ ဆက်သွယ်၍လည်းကောင်း၊ စီမံကိန်း၏ဝက်ဆိုဒ် (http://www.cdd.drdmyanmar.org) တွင် ဝင်ရောက်၍လည်းကောင်းရယူနိုင်ပြီး၊ ဦးမောင်မောင်စိုး (ဦးစီးအရာရှိ)သို့လည်း ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**လိပ်မူရန်-**
**ဦးခန့်ဇော်(ဒုတိယအင်ဂျင်နီယာချုပ်)**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊**
**ရုံးအမှတ် (၁၄)၊ နေပြည်တော် (ဖုန်း/ဖက်(စ်))၊ ဖုန်း-၀၆၇-၄၀၉၀၇၁**
**Email:drdmyanmar@gmail.com**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**အမှတ်(၃)ဓာတ်မြေသြဇာစက်ရုံ**
**အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းအတွက်**
**စိတ်ပါဝင်စားသူများအားဖိတ်ခေါ်ခြင်း**
**(Letter of Expression of Interest)**

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အမှတ်(၃) ဓာတ်မြေသြဇာစက်ရုံ(ကျော်စွာ)အား ယူရီးယားဓာတ်မြေသြဇာထုတ်လုပ်၊ သိုလှောင်၊ ဖြန့်ဖြူးရောင်းချခြင်းဆိုင်ရာ အတွေ့အကြုံရှိ ပြည်တွင်း/ပြည်ပကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းပြုလုပ်သွားမည်ဖြစ်ရာ စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ (Letter of Expression of Interest-LOEI) တင်သွင်းရန်အတွက် ဖိတ်ခေါ်အပ်ပါသည်။

၂။ LOEI တွင် တင်ပြရန် လိုအပ်သည့်အချက်အလက်များနှင့် စက်ရုံဆိုင်ရာ အချက်အလက်များကို စွမ်းအင်ဝန်ကြီးဌာန၏ Website http://www.energy.gov.mm/index.php/en/information/announcement နှင့် www.facebook.com/ministry Of Energy. Myanmar တွင် ရရှိနိုင်ပြီး အောက်ဖော်ပြပါလိပ်စာတွင်လည်း ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ရယူနိုင်ပါသည်။

| | |
|---|---|
| **ညွှန်ကြားရေးမှူး** | **Fax-067-411124** |
| **စီမံရေးဌာန** | **Email-MPEHO@mptmail.net.mm** |
| **မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း** | **Email-mpeict@gmail.com** |
| **ရုံးအမှတ် ၄၄၊ နေပြည်တော်** | |

၃။ စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ (LOEI)ကို Website တွင် ဖော်ပြထားချက်များနှင့်အညီ အောက်ဖော်ပြပါလိပ်စာတွင် ၄-၅-၂၀၁၅ ရက် မွန်းတည့် ၁၂:၀၀နာရီ နောက်ဆုံးထား၍ လူကိုယ်တိုင် လာရောက်ပေးပို့ရမည်ဖြစ်ပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူး**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**ရုံးအမှတ် ၄၄၊ နေပြည်တော်**

၄။ Email/Fax/အမြန်ချောပို့ဖြင့် ပေးပို့တင်ပြခြင်းကို လုံးဝလက်ခံစဉ်းစားမည်မဟုတ်ပါ။

၅။ တင်သွင်းလာသည့် LOEI အဆိုပြုလွှာများအနက်မှ အလားအလာရှိသော လုပ်ငန်းလုပ်ကိုင်လိုသူများကို ပဏာမစိစစ်ရွေးချယ်၍ တင်ဒါလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်နိုင်ရေး ဖိတ်ခေါ်သွားမည်ဖြစ်ပါသည်။

---

**မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ရုံးအဆောက်အအုံ၊ ဝန်ထမ်းအိမ်ရာနှင့် ထပ်မြင့်အိမ်ရာစီမံကိန်းအား အကျိုးတူဆောင်ရွက်ပေးနိုင်မည့်သူအား အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့မှ သတ်မှတ်ထားသော လျှောက်လွှာများဖြင့် လျှောက်ထားရမည်ဖြစ်ပါသည်။သတ်မှတ်ရက်၊ သတ်မှတ်ချိန်ကျော်လွန်သော လျှောက်လွှာများကို လက်ခံခြင်းပြုမည်မဟုတ်သည့်အပြင် တင်ဒါတင်သွင်းခွင့် ပြုမည်မဟုတ်ပါ။

၃။ တင်ဒါတင်သွင်းလိုသူများသည် လျှောက်လွှာတွင်ပြည့်စုံစွာဖြည့်သွင်းပြီး လျှောက်လွှာနှင့်အတူ အမည်ပျက်စာရင်းကြော်ငြာထားခြင်းမရှိသော ထောက်ခံချက်ပါရှိရပါမည်။

၄။ လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်းတင်ပြနိုင်ခြင်းမရှိသူများအား တင်ဒါတင်သွင်းခွင့်ပြုမည်မဟုတ်ပါ။အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံများကို မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့တွင် ၂၅-၃-၂၀၁၅ ရက်မှစ၍ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

၅။ အိတ်ဖွင့်တင်ဒါဖွင့်ဖောက်မည့်ရက်မှာ ၂၃-၄-၂၀၁၅ ရက် (ကြာသပတေးနေ့) နံနက် ၁၀:၀၀ နာရီတွင် ကျင်းပမည်ဖြစ်ပြီး နောက်ကျရောက်ရှိသူများအား တင်ဒါတင်သွင်းခွင့်ပြုမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားရေးမှူး(ကိုယ်စား)**
**(မင်းအောင်မြင့်စိုး၊ ဒုတိယအင်ဂျင်နီယာမှူးကြီး)**
**ဖုန်း-၀၂-၅၁၅၄၆၂၀**

---

**ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန**
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

## လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။

| | | | |
|---|---|---|---|
| (က) | | **Hand Held Metal Detector and Digital Scale** | **2-Items** |
| | (၁) | Hand Held Metal Detector | 11-Nos |
| | (၂) | Digital Scale (60kg/0,01 kg) | 47-Nos |
| (ခ) | | **4L egs Self-Supporting Tower** | **2 -Items** |
| | (၁) | 32m 4Legs Self-Supporting Tower | 1 -No |
| | (၂) | 42m 4Legs Self-Supporting Tower | 2 -Nos |
| (ဂ) | | **10KVA Engin Generator** | **2 -Items** |
| | (၁) | 10 KVA Engine Generator 3Ø, 440 V | 6 -Nos |
| | (၂) | 10 KVA Engine Generator | 10- Nos |
| (ဃ) | | GbE IP Microwave Radio Equipment) | 3 -Hops |
| (င) | | (48 V, 30A 44) Rectifier | 5 -Nos |
| (စ) | | **Battery** | **2-Items** |
| | (၁) | (12 V, 100AH) (Maintenance Free) Battery (1 Bank= 4-Nos) | 10 -Banks |
| | (၂) | 2 Volt, 12 50AH (Maintenance Free) Battery With Connector Accessories | 48-Nos |
| (ဆ) | | **Fax Machine, Digital Multifunction Copier and Multimedia Projector** | **3-Items** |
| | (၁) | Laser Fax Machine 3 in 1 (Fax, Copy, Printer) A4 Paper | 3-Nos |
| | (၂) | Digital Multifunction Copier (A4, Legal, 128 MB, 20 cpm/ppm, 600x1200 dpi, Network Print, Network Colour Scan and Fax Option) | 1-No |
| | (၃) | Multimedia Projector | 1 -No |
| (ဇ) | | Automatic Voltage Regulator | 2-Nos |
| (ဈ) | | Aluminium Ladder (2) Meter | 3 -Nos |
| (ည) | | **စက်ပစ္စည်း** | **3-Items** |
| | (၁) | C-band VSAT Terminal Complete Set | 10 -S ets |
| | (၂) | Statellite Modem | 20 -Nos |
| | (၃) | Spectrum Analyzer | 1 -No |

၂။ တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀ိ/-နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၃-၄-၂၀၁၅ ရက် ၁၃:၀၀ နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။ သတ်မှတ်ထားသည့်အချိန်ထက်ကျော်လွန်ပေးသွင်းသော တင်ဒါများအား လက်ခံမည်မဟုတ်ပါ။

၃။ တင်ဒါပုံစံနှင့် တင်ဒါခေါ်ယူသည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန www.mict.gov.mm Website နှင့် အောက်ပါလိပ်စာတို့တွင် စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန**
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (ပစ္စည်းဌာန)**
**အမှတ် (၄၃)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၃၈၀၂၃၁၊ ၀၁-၃၈၄၇၂၂**

---

ပါိုက်ခြောလစ်/လေဖိအား
Fully Auto ဆူတ်ချိတ်စက်
ခေတ်မီမြေအုတ်ရိုက်စက် ရပြီ
(၆၇)၊ သံသုမာလမ်း၊ သုဝဏ္ဏသွားဆေးတက္ကသိုလ်အနီး
09 420035 882, 09 73199 410
09 420035 884, 09 73199 257

---

**ရောင်းမည်**
**ပေ ၄၀× ၆၀ မြေကွက် (၃)ကွက်တွဲ**
**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**
**နှစ်(၆၀)ဂရန်ကျပြီး၊ မီတာ၊**
**အဝီစိတွင်းပါပြီး။**
**Ph:09-8632615, 09-30245049**

---

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၈)၊ မြေကွက်အမှတ် (၁၃၀)၊ မြေကွက်တည်နေရာအမှတ်(၁၃၀)၊ ၅၈ ရပ်ကွက်၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် ဒေါ်နန်းမြအေး ၁/မကတ(နိုင်)၀၁၃၂၃၃ အမည်ပေါက် နှစ် ၆၀ဂရန် မြေအား အမည်ပေါက် ဒေါ်နန်းမြအေးမှ ဂရန်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်၊ ဌာနဝန်ခံချက်၊ ကတိသစ္စာပြုကျမ်းကျိန်လွှာတို့တင်ပြ၍ နှစ် ၆၀ မြေငှားဂရန်စာချုပ် ဂရန်မိတ္တူလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ် (၆၃၆)၊ မြေကွက်တည်နေရာအမှတ် ၆၃၆၊ အင်ကြင်းလမ်း၊ (၄) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဦးသစ်စိန်) PAN-၁၀၆၃၉၉အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးသစ်စိန်က ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်များတင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ် (၅၅၂)၊ မြေကွက်တည်နေရာအမှတ်(၅၅၂)၊ သုမိတ္တာ ၁၅ လမ်း၊ ဦးဖိုးဆယ် အောဂီ-၀၁၂၂၀၁ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဖခင် ဦးဖိုးဆယ်၊ မိခင် ဒေါ်အေးကြည် ကွယ်လွန်သဖြင့် ဦးအောင်ဆန်း ၁၂/ဥကမ(နိုင်)၀၂၅၇၂၃၊ ဒေါ်ထွေးသိန်း ၁၂/ဥကမ(နိုင်)၀၂၅၇၄၂ က သားသမီးများတော်စပ်ကြောင်း ကတိသစ္စာပြုလွှာနှင့် သေစာရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၉)စက်မှု၊ မြေကွက်အမှတ် (၈၅)၊ မြေကွက်တည်နေရာအမှတ် (၈၅)၊ ဦးဖိုးလှိုင်လမ်း၊ စက်မှုဇုန်(၂)၊ ရွှေပြည်သာမြို့နယ် ဦးဆူနီးကူမာရ်၊ ဦးဒီပါကူမားရ်(ခ)ဦးထွန်းအောင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးဆူနီကူမားရ် ခင်ပွန်းကွယ်လွန်သဖြင့် ဇနီး ဒေါ် Kumari Rekha ၁၂/ပဘတ(ပြု)၀၀၀၆၁၅ မှ သေစာရင်း၊ တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြပြီး ကျန်ပူးတွဲအမည်ပေါက် ဦးဒီပါကူမားရ်(ခ)ဦးထွန်းအောင် ၁၂/ပဘတ(နိုင်)၀၀၉၈၀၅ နှင့် ပူးတွဲတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရွှေပင်လုံ (ROSE PARK-4) အိမ်ရာရှိ နှစ်ထပ်လုံးချင်းတိုက်အမှတ် (၃၄ F)အား မူလပိုင်ရှင် ဒေါ်သန္တာဝင်း ၇/လပတ(နိုင်)၀၈၆၇၆၅ ထံမှ ဦးဇော်ဝင်းထွန်း ၁၂/တမန(နိုင်)၁၀၀၇၈၉ သည် တရားဝင်စာချုပ်စာတမ်းအပြည့်အစုံဖြင့် အပြီးအပိုင်ဝယ်ယူပြီးဖြစ်ပါ၍ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ အမည်ပေါက်ပြောင်းလဲ၍ မြေငှားဂရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ယနေ့မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းများတင်ပြ၍ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**စီမံကိန်းဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**
**နေပြည်တော်**

---

## ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃/ဝေဘာဂီ)၊ မြေကွက်အမှတ် ၂၈၉၊ မြေကွက်တည်နေရာအမှတ် ၂၈၉၊ ရတနာလမ်း ဒေါ်တင်လှ (အေအေ-၀၄၂၅၅၉)အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဇနီးဒေါ်တင်လှ ကွယ်လွန်သဖြင့် ဦးသန့်ဇင် ၅/ရဘန(နိုင်)၀၃၇၂၁၃ က တစ်ဦးတည်းသောခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊သေစာရင်းတင်ပြ၍ ၄င်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၉၀၂/၁၅)ဖြင့်ရရှိသူ ဒေါ်ဝါဝါစံ ၁၀/မဒန(နိုင်)၁၁၆၆၆၆ က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတို့ဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကြော်ငြာ

# သီတဂူရေအလှူတော် ဗိုလ်စိန်မှန်ဓမ္မသဘင်

| အရှင်ဉာဏ္ဍာစရိယ | ရွှေပြည်ဟိန်းဆရာတော် | အရှင်ကိတ္တိဗလ | သီတဂူဆရာတော် | အရှင်တိက္ခသာရ |
|---|---|---|---|---|
| (အင်္ဂါနေ့) | (ဗုဒ္ဓဟူးနေ့) | (ကြာသပတေးနေ့) | (သောကြာနေ့) | (စနေနေ့) |
| ၂၄-၃-၂၀၁၅ | ၂၅-၃-၂၀၁၅ | ၂၆-၃-၂၀၁၅ | ၂၇-၃-၂၀၁၅ | ၂၈-၃-၂၀၁၅ |

ညစဉ် (၇း၃၀)နာရီ၊ ဗိုလ်စိန်မှန်အားကစားကွင်း ဓမ္မရင်ပြင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
လမင်း...အလင်းရောင်၊ ဉာဏ်တန်ဆောင်ဖြင့်၊ မိုက်မှောင်ပယ်ခွင်း၊ နိဗ္ဗာန်ချဉ်းရန်၊ ဆောင်ပို့ရည်သန်၊ ဗိုလ်စိန်မှန်

## ကွန်ပျူတာဒီပလိုမာ တပ်ကြပ်ကြီး/စာရေးသင်တန်းအမှတ်စဉ်(၁) ကျောင်းဆင်းနှစ်ပတ်လည်အထိမ်းအမှတ် ဖိတ်ကြားခြင်း

ကွန်ပျူတာဒီပလိုမာ တပ်ကြပ်ကြီး/စာရေးသင်တန်းအမှတ်စဉ်(၁)၏ (၁၁)ကြိမ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်အထိမ်းအမှတ် အလှူတော်မင်္ဂလာအား ၅-၄-၂၀၁၅ရက် (တနင်္ဂနွေနေ့)တွင် နေပြည်တော်၊ တောင်နီလေးလူငယ်ဖွံ့ဖြိုးရေးပရဟိတဘုန်းကြီးကျောင်းတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းဆင်းသူငယ်ချင်းများနှင့် မိသားစုဝင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တရားတော်နာ ရေစက်ချအခမ်းအနားသို့ တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**နှစ်ပတ်လည်ဖြစ်မြောက်ရေးကော်မတီ**
**တပ်ကြပ်ကြီး/စာရေး ဝင်းမောင် ဖုန်း-၀၉-၃၀၂၃၀၃၆၇**
**တပ်ကြပ်ကြီး/စာရေး လှမျိုးဦး ဖုန်း-၀၉-၃၃၅၃၆၈၀၃**
**တပ်ကြပ်ကြီး/စာရေး စောနိုင်အောင် ဖုန်း-၀၉-၄၀၀၄၆၇၇၄၀**

## ဆဋ္ဌမအကြိမ် နွေရာသီ ၄၅ ရက် ရွှေဓမ္မာစရိယသင်တန်းကြီးဖွင့်လှစ်မည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ မင်္ဂလာသိရိပရိယတ္တိစာသင်တိုက်ကြီး၌ နှစ်စဉ်ဖွင့်လှစ်သင်ကြားမြဲဖြစ်သော နွေရာသီ-ရွှေဓမ္မာစရိယသင်တန်းကြီးကို ၁၃၇၇ ခုနှစ် ကဆုန်လဆန်း ၇ ရက် (၂၄-၄-၂၀၁၅ ရက်)မှ ၁၃၇၇ ခုနှစ် နယုန်လပြည့်ကျော် ၆ ရက်၊ (၇-၆-၂၀၁၅ ရက်)အထိ (၄၅)ရက်တိုင်တိုင် ကျမ်းရင်း ၃ကျမ်းလုံး ဖွင့်လှစ်သင်ကြားမည်ဖြစ်၍ သင်တန်းတက်ရောက်လိုသော သံဃာတော်အရှင်သူမြတ်များ၊ သီလရှင်ဆရာကြီး ဆရာလေးများနှင့် စိတ်ပါဝင်စားသူ မည်သူမဆို အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ကြိုတင်စာရင်းသွင်း တက်ရောက်သင်ကြားနိုင်ပါသည်။

**အထူးလျှောက်ထားခြင်း**

သင်တန်းကြီးနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါကလည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။
ဖုန်း-၀၉-၂၅၀၈၅၅၈၅၇၊ ၀၉-၅၀၆၈၈၆၂၊ ၀၉-၅၁၁၉၄၅၃၊ ၀၉-၄၅၀၀၁၅၉၉၃၊ ၀၁-၆၄၅၆၅၅
အချိန်မီ ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ပါသည်။

## အမည်ပြောင်း

ဦးပိုက် (ခ) ဦးကျော်သောင်း၏သမီး မုံရွာမြို့၊ ပညာမိုးကိုယ်ပိုင်အထက်တန်းကျောင်း၊ နဝမတန်းမှ မဇင်မာဖြိုးအား ယနေ့မှစ၍ မယမင်းဖြိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မယမင်းဖြိုး**

## တစ်ဦးတည်းဖြစ်ကြောင်း

ဦးသိန်းထွန်း၏သမီး ကျောင်းအမည်တွင် (မချိုရီထွန်း၊ မွေး ၂-၉-၁၉၉၁) နိုင်ငံသားစိစစ်ရေးကတ်တွင် (မချိုရည်ထွန်း၊ မွေး ၁၉-၁-၁၉၉၂) နှစ်မျိုးဖြစ်နေသော်လည်း ၎င်းနှစ်မျိုးစလုံးမှာ တစ်ဦးတည်းဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မချိုရည်ထွန်း(ခ)မချိုရီထွန်း**

## စွမ်းအင် အာစရိယပူဇော်ပွဲ

ပြင်ဦးလွင်မြို့၊ စွမ်းအင်ဘော်ဒါ (ကိုယ်ပိုင်အထက်တန်းကျောင်း)၏ ပထမအကြိမ် ဆရာကန်တော့ပွဲနှင့် ကျောင်းသားဟောင်းများတွေ့ဆုံပွဲကို ၃-၄-၂၀၁၅ရက်တွင် ကျင်းပမည်ဖြစ်ပါ၍ အောက်ပါကျောင်းသားဟောင်းများနှင့်ဆက်သွယ်ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ရန်ကုန် | - | ကိုကျော်သူရဝင်း | ဖုန်း-၀၉-၅၀၂၂၂၆၉ |
| ပြင်ဦးလွင် | - | မနန်းခိုင်ဇာလင်း | ဖုန်း-၀၉-၃၃၃၂၇၆၂၂ |
| | | မဇာ | ဖုန်း-၀၉-၃၃၀၀၅၁၇၃ |
| မန္တလေး | - | ကိုအောင်ဇော်ထွန်း | ဖုန်း-၀၉-၂၀၀၃၆၄၈ |
| | | ကိုအောင်ဝင်း | ဖုန်း-၀၉-၂၀၀၇၄၁၆ |
| လားရှိုး | - | မမေပုလဲ | ဖုန်း-၀၉-၅၂၆၂၉၇၉ |
| ဖျာပုံ | - | ကိုအောင်ကျော်စိုး | ဖုန်း-၀၉-၂၅၀၅၈၁၁၆ |

## သောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားလွှာ

သောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးနှင့် နိုင်ငံဂုဏ်ဆောင် ထူးချွန်ဆုပေးခြင်း၊ (၇၅)နှစ်နှင့် အထက်အသက်ကြီးသူများအား ပူဇော်ကန်တော့ခြင်းတို့ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပသွားမည်ဖြစ်ပါ၍ အသင်းဝင်ပြီးသည်ဖြစ်စေ၊ မဝင်ရသေးသည်ဖြစ်စေ ဖိတ်ကြားလွှာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ [အသက် (၇၅)နှစ်နှင့်အထက် အသက်ကြီးသူများ ဆက်သွယ်ပါရန်]

**အစီအစဉ်**
**နေ့ရက်** - ၂၉-၃-၂၀၁၅ရက် (တနင်္ဂနွေနေ့) (နံနက်စာထမင်းဖြင့်ဧည့်ခံပါမည်။)
**အချိန်** - နံနက် ၉ နာရီ
**နေရာ** - မင်္ဂလာဈေးဓမ္မာရုံ၊ ကြားတောရလမ်း၊ ကြေးသွန်းဘုရားရှေ့၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊ ဗဟန်း

**ဆက်သွယ်ရန်**

| | |
|---|---|
| သူရဦးအောင်ကြည် | ဖုန်း-၀၉-၇၃၀၀၉၁၄၂၄၊ |
| ဦးမောင်မောင် | ဖုန်း-၀၉-၇၃၀၀၆၂၉၀ |
| ဦးအေးဝင်း | ဖုန်း-၀၁-၃၉၄၅၁၂ |
| ဦးရဲညွန့် | ဖုန်း-၀၉-၃၁၅၄၈၂၁၆ |
| ဦးဇော်ဝင်း | ဖုန်း-၀၉-၇၃၂၃၇၇၉၂ |
| ဦးမောင်မောင်သက် | ဖုန်း-၀၉-၇၃၀၀၅၀၃၇ |

## အဘိဓဇမဟာရဋ္ဌဂုရုပူဇော်ပွဲ ဖိတ်ကြားလွှာ

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ ဦးစီးပဓာနမဟာနာယကချုပ်ဆရာတော် ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ) အား (အဘိဓဇမဟာရဋ္ဌဂုရု)ဘွဲ့တံဆိပ်တော်ကို နိုင်ငံတော်အစိုးရမှ ၁/၂၀၁၅ ဖြင့် ဇန်နဝါရီ ၄ ရက်(လွတ်လပ်ရေးနေ့)တွင် ကြော်ငြာ၍ ဘွဲ့တံဆိပ်တော်ကို ၁၃၇၆ခုနှစ် တပေါင်းလပြည့်နေ့(၄-၃-၂၀၁၅)ရက်တွင် နေပြည်တော်ဝယ် ခမ်းနားသိုက်မြိုက်စွာ ပူဇော်ဆက်ကပ်ခဲ့ပါသည်။ ယခုအခါ တပည့်သံဃာ ဒါယကာ ဒါယိကာမများကလည်း ဆရာတော်၏ သီလ သမာဓိ ပညာ ဂုဏ်သိက္ခာ အဖြာဖြာတို့ကို ကြည်ညိုသမှု မျှော်ထောက်ရှု၍ မြတ်နိုးသဒ္ဓါရှိသေစွာဖြင့် စစ်ကိုင်းမြို့နယ်၊ ဆားတောင်-ဂန္ဓာမြိုင်စံပြပရဟိတကျောင်းတိုက်အတွင်းဝယ် စည်ကားသိုက်မြိုက်စွာဖြင့် ထပ်ဆင့်ကာ လှူဒါန်းကော်ရော် ပူဇော်ကြမည်ဖြစ်ပါသောကြောင့် ကျွန်ုပ်တို့နှင့်အတူတကွ ပါဝင်ကုသိုလ်ပြုပူဇော်နိုင်ရန်နှင့် အောက်ပါအတိုင်း ပူဇော်ကြမည်ဖြစ်ပါကြောင်း ရိုသေလေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

**အကြိုဓမ္မသဘင်**

၁။ ၁၃၇၆ခုနှစ် တန်ခူးလဆန်း ၁၃ရက်၊ ၁-၄-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) ည ၇း၀၀နာရီ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ကြီးများ၏ အဓိပတိဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ။
၂။ ၁၃၇၆ခုနှစ် တန်ခူးလဆန်း ၁၄ရက်၊ ၂-၄-၂၀၁၅ရက် (ကြာသပတေးနေ့) ည ၇း၀၀နာရီ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓတက္ကသိုလ်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ(သ·စ·အ) ဓမ္မာစရိယ။
၃။ ၁၃၇၆ခုနှစ် တန်ခူးလဆန်း ၁၄ ရက် ညနေ ၄ နာရီတွင် ဆရာတော်ကြီးအား တပည့်သံဃာ၊ ဒါယကာ ဒါယိကာမများက စစ်ကိုင်းမြို့နယ်၊ ဆားတောင်တိုက်နယ်၊ ကျားမင်းကြီးကျေးရွာအဝင်မှ ကြိုဆိုကြပါမည်။
၃။ ၁၃၇၆ခုနှစ် တန်ခူးလပြည့်နေ့(၃-၄-၂၀၁၅)ရက် မွန်းတည့် ၁၂နာရီတွင်
အဘိဓဇမဟာရဋ္ဌဂုရုပူဇော်ပွဲ အခမ်းအနားအစီအစဉ်ကို ဂန္ဓာမြိုင်ကျောင်းတိုက်၊ သာသနာ့ရက္ခိတဓမ္မဗိမာန်တော်တွင် စတင်မည်ဖြစ်ပြီး၊ ပင့်သံဃာ (၂၇၀)ကျော်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါသည်။ တေးထပ်၊ ရတု၊ ရေးသားပူဇော်လိုသော တပည့်များအနေဖြင့် တန်ခူးလဆန်း ၈ရက် နောက်ဆုံးထား၍ ဆားတောင်၊ ဂန္ဓာမြိုင်သို့ ပို့ပေးပါရန် လျှောက်ထားပါသည်ဘုရား။

**ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ၊ ဂန္ဓာမြိုင်စံပြကျောင်း၊ ဆားတောင်**
**ဖုန်း- ၀၉-၉၇၅၆၈၉၂၀၂၊ ၀၉-၄၀၂၅၉၅၄၁၇**

## စတုဘုမ္မိက သင်္ကြန်တွင်း ခုနစ်ရက်တရားစခန်း

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဇ/မြောက်ရပ်ကွက်၊ ပြည်သာယာလမ်း၊ စတုဘုမ္မိကမဂ္ဂင်ရိပ်သာ၌ မြတ်ဗုဒ္ဓအလိုကျ ရွှေမင်းဝံငှက်တွင်းဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဓာနနာယက ဘဒ္ဒန္တကုမာရ (သာသနဓဇဓမ္မာစရိယ၊ ဝိနယဝိဒူ၊ ကမ္မဋ္ဌာနာစရိယ)မှ တရားစခန်းကို ဧပြီ ၁၃ ရက်မှစ၍ ဧပြီ ၂၀ ရက် နံနက်အထိ ကျင်းပမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသော ယောဂီများ မှတ်ပုံတင်နှင့်တကွ ဧပြီ ၁၂ ရက် ညနေ ၄း၀၀ နာရီအရောက် ကြွရောက်ကြပါရန်နှင့် ဆက်သွယ်လိုပါက ဖုန်း-၀၁-၅၇၁၉၂၉၊ ၀၉-၄၂၁၀၃၉၇၄၆၊ ၀၉-၄၂၁၀၂၃၉၈၀ တို့သို့ ဆက်သွယ်နိုင်ပါကြောင်း-

**စတုဘုမ္မိကသာသနာပြန့်ပွားရေးအကျိုးဆောင်အဖွဲ့၊ ရန်ကုန်မြို့**

## ငွေချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-(၂၃/၂၀၁၅)**

| | | |
|---|---|---|
| ဒေါ်စိုးမမယဉ် | **နှင့်** | ဦးစိန်ဝင်း |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ် (ဒဒ-၁၆)၊ (ဆ)ရပ်ကွက်တွင် နေထိုင်သူ ဦးစိန်ဝင်း သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်စိုးမမယဉ်က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ် (ဆ)ရပ်ကွက်၊ အကွက်(ဒဒ-၁၆)၊ ဦးပိုင်အမှတ်(၅၁)မြေကွက်အား တရားလို ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်း မဟုတ်၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်သက်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၅ ခုနှစ် မတ် ၃၀ရက် (၁၃၇၆ ခုနှစ် တန်ခူးလဆန်း ၁၁ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် မတ် ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ပြည့်ဖြိုးဆွေ)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်းအောက်တိုက်နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၂)၊ မြေကွက်အမှတ် ၂/အ-၂၉၊ ဧရိယာ ၀ဒသမ ၀၇၃ ဧက၊ ယခုအခေါ် အမှတ် (၃၄၉၁)၊ သာယာအေးလမ်းသွယ် (၃)လမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန(မြေ/ယာ)တွင် ကျွန်တော်ဦးသန်းငွေအောင် (ဘ)ဦးဘဖေ ပီကေယူ-၁၄၀၁၁၉ [၁၂/ဗတထ(နိုင်)၀၁၂၀၄၆] အမည်ဖြင့် မှားယွင်းစွာ မှတ်သားတည်ရှိနေပါသည်။ အထက်ဖော်ပြပါ မှားယွင်းအမည်ပေါက်နေသောမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ကျွန်တော်နှင့်တစ်နည်းနည်းဖြင့် လုံး၀(လုံး၀)သက်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးသန်းငွေအောင်**
**ပီကေယူ-၁၄၀၁၁၉**
**[၁၂/ဗတထ(နိုင်)၀၁၂၀၄၆]**

## ကြော်ငြာစာ

**(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**
**၂၀၁၅ ခုနှစ် တရားမအထွေထွေမှုအမှတ်-၆**

ဦးထွန်းလှကျော် **လျှောက်ထားသူ**
ဓမ္မဂဝေသီကျောင်း၊ ဖွဲ့စုံသာသနာ့ရာမကျောင်းဝင်း
(၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ကွယ်လွန်သူ ဖာတမာဘီဘီ၏ ကျန်ရှိရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

အမှတ် (၃၄၉/၃၅၁)၊ မြေတိုင်းရပ်ကွက်အမှတ် 16^C3^၊ မြေကွက်အမှတ် (s½ of 112)၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်တွင်နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်ဖာတမာဘီဘီ (WAOF)စာချုပ်အရ ကျန်ရှိရစ်သောပစ္စည်းပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးထွန်းလှကျော်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၅ ခုနှစ် ဧပြီ ၂ ရက်တွင် ဆိုင်ဆိုကြားရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဖာတမာဘီဘီ၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခု သက်ဝင်သည်အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟုအထင်ရှိလျှင်) ဆိုခဲ့သော ၂၀၁၅ ခုနှစ် ဧပြီ ၂ ရက် (၁၃၇၆ခုနှစ် တန်ခူးလဆန်း ၁၄ ရက်) နံနက် ၁၀နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျ အမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမည်၊ မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းဥပဒေပုဒ်မ-၂၈၃ နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဦးထွန်းလှကျော်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၅ ခုနှစ် မတ် ၂၀ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။ **အမိန့်အရ**

**(နေလင်း)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## ငွေချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကင်းမြို့နယ်တရားမရုံးတော်၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၈**

| | | | |
|---|---|---|---|
| ဒေါ်ရီအေး | **နှင့်** | ၁။ ဒေါ်မမယ်ပန်း | ၂။ ဒေါ်မရုံ |
| | | ၃။ ဒေါ်မသိန်း | ၄။ ဦးပန်းစိန် |
| | | ၅။ ဦးစိုးအောင် | ၆။ ဒေါ်ညွန့်ညွန့် |
| | | ၇။ ဦးမြင့်ကျော် | |
| **တရားလို** | | **တရားပြိုင်များ** | |

၁။ အမှတ် (၄၅၄)၊ အောင်ချမ်းသာလမ်း၊ (၁၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ်။ ရပ်နေ ဒေါ်မမယ်ပန်း၊ ဒေါ်မရုံ၊ ဒေါ်မသိန်း (ယခုနေရပ်လိပ်စာမသိသူ)
၂။ အမှတ် (၁၆)၊ ဓမ္မာရုံလမ်း၊ (၁၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ်။ ရပ်နေ ဦးပန်းစိန် (ယခုနေရပ်လိပ်စာမသိသူ)
၃။ အမှတ် (၂၃၅)၊ ဓမ္မာရုံလမ်း၊ (၁၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ်။ ရပ်နေ ဦးစိုးအောင် (ယခုနေရပ်လိပ်စာမသိသူ)
၄။ အမှတ် (၂၃၁)၊ ရွှေယင်းမာလမ်း၊ (၁၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ်။ ရပ်နေ ဒေါ်ညွန့်ညွန့် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်ရီအေးက ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်အလက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် မတ် ၃၁ရက် (၁၃၇၆ ခုနှစ် တန်ခူးလဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် မတ် ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။ **(စည်သူဝင်း)**

**တွဲဖက်မြို့နယ်တရားသူကြီး၊ ရန်ကင်းမြို့နယ်တရားရုံး**

ကြော်ငြာ

## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သကမ-၁၆)၊ မြေကွက်အမှတ် (၆၄၅/ခ) မြေကွက်တည်နေရာအမှတ် ၆၄၅၊ ပေါ်ဦးလမ်း၊ ၁၈ရပ်ကွက်၊ လှိုင်သာယာမြို့နယ် (ဦးအောင်ဝင်း) အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက် ဦးအောင်ဝင်းထံမှ အရပ်ကတိ အရောင်းစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးဇော်မြင့်ထွန်း ၈/မကန(နိုင်)၁၅၂၂၃၆+ဦးလင်းလင်းသူ ၁၄/ဘကလ(နိုင်) ၁၆၁၁၄၃မှ မြေချပါမစ်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ဝန်ခံကတိတို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀မြေငှား စာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ဓမ္မာရုံ၊**
**ရေတွင်း၊ ရေကန်၊ ပိဋကတ်သုံးပုံ ဒါယိကာမကြီး**

### ဒေါ်လှခင်
**အသက် (၉၃)နှစ်**

ဦးမျိုးဇော်အောင် (Diamond Auto Co.,Ltd, United Diamond Auto Co.,Ltd-Nissan)-ဒေါ်မြမြစိုး(ခ)ဒေါ်မီးမီး(ကုံကော်ရွှေပြည်)တို့၏ မိခင် ဒေါ်လှခင်သည် ၁၉-၃-၂၀၁၅ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂း၁၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဒေါက်တာသန်းထွန်း-ဒေါ်မြသွေး**
**(ကုံကော်ရွှေပြည်မိသားစု)**
**ဥက္ကဋ္ဌ၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်**

## ဝမ်းနည်းကြေကွဲခြင်း

**နော်ကြင်လှ(ကျန်းမာရေးဆရာမ)**
**(ရွာမတလုတွော်တိုက်နယ်)**
**အသက် (၅၈)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ ရွာသစ်တောင်းကျေးရွာ၊ မင်္ဂလာကံဦးကျောင်းတိုက်၊ ဓီဝသုခအခမဲ့ဆေးခန်းဖွင့်လှစ်သည့် (၁၀-၇-၂၀၁၁) တနင်္ဂနွေနေ့မှစ၍ ကိုယ်အား၊ ငွေအား၊ ဆေးဝါးများဖြင့် အခမဲ့ကျန်းမာရေးစောင့်ရှောက်ပေးခဲ့သောနော်ကြင်လှ (ကျန်းမာရေးဆရာမ) အသက် (၅၈) နှစ်သည် ၁၇-၃-၂၀၁၅ (အင်္ဂါ)နေ့တွင် ကွယ်လွန်အနိစ္စရောက်ရှိသွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်အတူထပ်တူ ဝမ်းနည်းပါကြောင်း၊ ဓီဝသုခအခမဲ့ဆေးခန်းမှ ပြုသမျှသော ကောင်းမှုကုသိုလ်များကို နော်ကြင်လှအား အမျှပေးဝေပါ၏။ သာဓုခေါ်၍ နိဗ္ဗာန်မျက်မှောက်ပြုနိုင်ပါစေ။ **ဓီဝသုခအခမဲ့ဆေးခန်းမိသားစု**
**မင်္ဂလာကံဦးကျောင်း၊ ရွာသစ်၊ ဟင်္သာတ**

## ဝမ်းနည်းကြေကွဲခြင်း

**Capt: ရှိန်ဟုန်ထွန်း**
**ဒုတိယညွှန်ကြားရေးမှူး**
**(ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန)**
**အသက် (၅၅)နှစ်**

Capt. ရှိန်ဟုန်ထွန်း (ဒုတိယညွှန်ကြားရေးမှူး-ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန)သည် ၁၉-၃-၂၀၁၅ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Capt: သီဟနှင့် Jokomo International Co.,Ltd. မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးရှိန်ဟုန်ထွန်း**
**Master Mariner (F.G)**
**ဒု-ညွှန်ကြားရေးမှူး၊ ရေကြောင်းဌာနခွဲ**
**အသက် (၅၅)နှစ်**

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒု-ညွှန်ကြားရေးမှူး ဦးရှိန်ဟုန်ထွန်းသည် ၁၉-၃-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၉း၀၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Kabar Maritime Training Centre**
**ဆရာများနှင့် ဝန်ထမ်းများ**

## ဘုရား၊ ရဟန်း၊ သိမ် ဒါယကာကြီး

**ဦးကျော်အေး (ကျောက်မြောင်း)**
**ဦးစီးအရာရှိ (ငြိမ်း)၊ (စိုက်/မွေး)**
**အသက် (၈၁)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးစံပြရပ်ကွက်၊ အောင်ဘာလေလမ်း၊ အမှတ် ၁၃နေ (ဦးအပ်-ဒေါ်ချစ်)တို့၏သား၊ (ဦးကြည်-ဒေါ်ခင်သောင်း)တို့၏သားသမက်၊ ဒေါ်မြမြသွင်၏ခင်ပွန်း၊ (အလုပ်သင်ဗိုလ်မောင်မောင်အေး) (တေဇ-၉)၊ ဒေါ်နွယ်နီအေး (စက်မှုသီးနှံ)၊ ဗိုလ်ကြီးကျော်မိုးအေး (ငြိမ်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-ဒေါ်ဥမ္မာလွင်၊ ဦးတင်မျိုးအေး-ဒေါ်နှင်းသီသီလွင်၊ ဦးဇော်မိုးအေးတို့၏ ဖခင်ကြီး၊ ကိုကျော်တေဇအေး-မခိုင်ခင်ထွန်း၊ ကိုဝေဖြိုးသီဟအေး၊ မောင်မျိုးမင်းပိုင်တို့၏အဘိုးသည် ၂၁-၃-၂၀၁၅ရက် (စနေနေ့) နံနက် ၈း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၃-၂၀၁၅ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၇-၃-၂၀၁၅ရက် (သောကြာနေ့) နံနက်၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဦးသောင်းညွန့် (ထားဝယ်)

**လက်ထောက်ဌာနမှူး(ငြိမ်း)၊ အင်ဂျင်နီယာဌာန(လမ်း/တံတား)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၈)ရပ်ကွက်၊ သီရိမင်္ဂလာ ၂၈ လမ်း၊ အမှတ် ၁၁နေ (ဦးတင်ညွန့်)-ဒေါ်ငြိမ်းပိုတို့၏သားကြီး၊ (ဦးမောင်ချစ်-ဒေါ်ကြင်မြိုင်)တို့၏သားသမက်၊ ဒေါ်မြင့်မြင့်ဝင်း၏ခင်ပွန်း၊ ဦးကျော်ခိုင်ဦး(NAT STEEL ASIA PTE, LTD, SINGAPORE)-ဒေါ်ဖြူမာသန့်တို့၏ဖခင်၊ ဦးထိန်မြင့်- ဒေါ်သောင်းရီ၊ ဦးသောင်းရှိန်-ဒေါ်မိုးမိုးမြင့်၊ ဦးမောင်မောင်လေး၊ ဦးထွန်းထွန်းလတ်-ဒေါ်ရီရီအေးတို့၏အစ်ကိုကြီး၊ မဖူးမြတ်သဇင်၊ မခြူးဟေသဇင်တို့၏ အဘိုးသည် ၂၁-၃-၂၀၁၅ရက် နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၃-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၉ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

(နေအိမ်မှကားများ နံနက် ၇း၃၀နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးစိုးဝင်း(ဘ-ဦးအောင်ကြည်) ၁/မကန(နိုင်)၀၀၂၆၂၈၏ PP No (မမှတ်မိ)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၁၅၂၄၉၉**

## ဝမ်းနည်းကြေကွဲခြင်း

ဦးဝင်းဟန် (ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်)၊ ဒေါ်ကေသီ (ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်)၏ညီမ ဒေါ်ခင်စန်းမြင့် (အမရပူရမြို့) အသက် (၅၁)နှစ်သည် ၈-၃-၂၀၁၅ရက် (တနင်္ဂနွေနေ့) ညနေ ၆း၄၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကချင်ပြည်နယ်ဘဏ်ခွဲနှင့်မြို့နယ်ဘဏ်ခွဲ**
**ဝန်ထမ်းများ**
**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ကချင်ပြည်နယ်**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး**
**ဒေါ်စိန်လှိုင်(ခ)အိန်စွဲလျန်(မြောင်းမြမြို့)**
**အသက်(၉၅)နှစ်**

ဦးထွန်းလင်း-ဒေါ်ရင်ရင်စိုး၊ ဦးသိန်းဝင်း-ဒေါ်ယဉ်ယဉ်ဝင်းတို့၏ မိခင်ကြီး ဒေါ်စိန်လှိုင် ကွယ်လွန်ကြောင်း သိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်း ကြေကွဲရပါသည်။

**Peace Co.,Ltd**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးအောင်စန်း(ငြိမ်း)**
**အသက် (၇၇)နှစ်**

တေဇ(၁)၏ ကန်တော့ခံဆရာ၊ ဗိုလ်သင်တန်းကျောင်း အင်ဂျင်နီယာနည်းပြ ဗိုလ်မှူးအောင်စန်း(ငြိမ်း)သည် ၁၇-၃-၂၀၁၅ရက်တွင် ပင်လုံဆေးရုံ သဃ်န်းကျွန်း၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**တေဇ(၁)ကျောင်းဆင်းတပည့်များ**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ဟယ်လင်မူတီး**
**ကျောင်းအုပ်ဆရာမကြီး (ILBC ၊ မြစ်ကြီးနား)**
**အသက် (၇၄)နှစ်**

ILBC (မြစ်ကြီးနား)၏ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဟယ်လင်မူတီးသည် ၁၆-၃-၂၀၁၅ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးတင်မောင်ဝင်း-ဒေါ်ရူပါမြင့် မိသားစု**
**ILBC/ YIS**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ဟယ်လင်မူတီး**
**ကျောင်းအုပ်ဆရာမကြီး (ILBC ၊ မြစ်ကြီးနား)**
**အသက် (၇၄)နှစ်**

ILBC (မြစ်ကြီးနား)၏ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဟယ်လင်မူတီးသည် ၁၆-၃-၂၀၁၅ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ILBC (မြစ်ကြီးနား)**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ဟယ်လင်မူတီး**
**ကျောင်းအုပ်ဆရာမကြီး (ILBC ၊ မြစ်ကြီးနား)**
**အသက် (၇၄)နှစ်**

ILBC (မြစ်ကြီးနား)၏ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဟယ်လင်မူတီးသည် ၁၆-၃-၂၀၁၅ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ILBC (ရန်ကုန်)** **ILBC (လားရှိုး)** **ILBC (မြိတ်)**
**ILBC (နေပြည်တော်)** **ILBC (တောင်ကြီး)**
**ILBC (မန္တလေး)** **ILBC (တောင်ငူ)**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ဟယ်လင်မူတီး**
**ကျောင်းအုပ်ဆရာမကြီး (ILBC ၊ မြစ်ကြီးနား)**
**အသက် (၇၄)နှစ်**

ILBC (မြစ်ကြီးနား)၏ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဟယ်လင်မူတီးသည် ၁၆-၃-၂၀၁၅ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အလင်းရောင်ကိုယ်ပိုင်အထက်တန်းကျောင်း (ရန်ကုန်)**
**အလင်းရောင်ကိုယ်ပိုင်အထက်တန်းကျောင်း (နေပြည်တော်)**

## ဝမ်းနည်းကြေကွဲခြင်း

ပြည်ထောင်စုတရားသူကြီးချုပ်ရုံး၊ ရုံးအဖွဲ့မှူး ဒေါက်တာကိုကိုနိုင်နှင့် ဒေါ်ဇင်လေးချို တို့၏ဖခင် ဦးအေးချို အသက်(၈၁)နှစ်သည် ၁၅-၃-၂၀၁၅ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးတင်ဦး-ဒေါက်တာခင်မာရီ**

## ဝမ်းနည်းကြေကွဲခြင်း

**Capt: ရှိန်ဟုန်ထွန်း**
**အသက် (၅၅)နှစ်**
**ဒု-ညွှန်ကြားရေးမှူး(ရေကြောင်းဦးစီး)**
**(ကုန်သွယ်ရေကြောင်းအရာရှိလောင်း အပတ်စဉ် -၁၃)**

**သူငယ်ချင်း Capt: ရှိန်ဟုန်ထွန်း-**

၁၉-၃-၂၀၁၅ ရက် နံနက် ၀၉း၀၀ နာရီတွင် ကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်းမြင့်မြတ်သော ဘုံဘဝသို့ ရောက်ရှိနိုင်ပါစေ။

**ကုန်သွယ်ရေကြောင်းအရာရှိလောင်းအပတ်စဉ် (၁၃)မှ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**Capt: ရှိန်ဟုန်ထွန်း**
**အသက် (၅၅)နှစ်**
**ဒု-ညွှန်ကြားရေးမှူး (ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန)**

Capt: ရှိန်ဟုန်ထွန်း(ဒု-ညွှန်ကြားရေးမှူး)သည် ၁၉-၃-၂၀၁၅ရက် နံနက် ၀၉း၀၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ**
**ရေကြောင်းဌာနခွဲ၊**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

**Capt: ရှိန်ဟုန်ထွန်း**
**အသက် (၅၅)နှစ်**
**ဒု-ညွှန်ကြားရေးမှူး (ရေကြောင်းဦးစီး)**
**(ကုန်သွယ်ရေကြောင်းအရာရှိလောင်း အပတ်စဉ်-၁၃)**

Capt: ရှိန်ဟုန်ထွန်း(ဒု-ညွှန်ကြားရေးမှူး)သည် ၁၉-၃-၂၀၁၅ရက် နံနက် ၀၉း၀၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ကုန်သွယ်ရေကြောင်းအရာရှိလောင်းအပတ်စဉ် (၁၁)မှ လုပ်ဖော်ကိုင်ဖက်များ**

## ဝမ်းနည်းကြေကွဲခြင်း

**Capt: ရှိန်ဟုန်ထွန်း**
**အသက် (၅၅)နှစ်**
**ဒု-ညွှန်ကြားရေးမှူး (ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန)**

Capt: ရှိန်ဟုန်ထွန်း(ဒု-ညွှန်ကြားရေးမှူး)သည် ၁၉-၃-၂၀၁၅ရက် နံနက် ၀၉း၀၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ**
**ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့်**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

**Capt: ရှိန်ဟုန်ထွန်း**
**အသက် (၅၅)နှစ်**
**ဒု-ညွှန်ကြားရေးမှူး (ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန)**

Capt: ရှိန်ဟုန်ထွန်း(ဒု-ညွှန်ကြားရေးမှူး)သည် ၁၉-၃-၂၀၁၅ ရက် နံနက် ၀၉း၀၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ**
**ရေကြောင်းအင်ဂျင်နီယာဌာနခွဲ**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

**Capt: ရှိန်ဟုန်ထွန်း**
**အသက် (၅၅)နှစ်**
**ဒု-ညွှန်ကြားရေးမှူး (ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန)**

Capt: ရှိန်ဟုန်ထွန်း (ဒု-ညွှန်ကြားရေးမှူး)သည် ၁၉-၃-၂၀၁၅ရက် နံနက် ၀၉း၀၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ**
**ရခိုင်ပြည်နယ်**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# ၂၀၁၅ ခုနှစ် မတ်လ တတိယ (၁၀)ရက်ပတ်အတွက် မိုးလေဝသခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

**မိုးရွာရက်အခြေအနေ**

တနင်္သာရီတိုင်းဒေသကြီး ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နှစ်ရက်မှ သုံးရက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တစ်ရက်ခန့်၊ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်သည်။

**နေ့အပူချိန်အခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့ထက် အနည်းငယ်ပိုနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် လေးရက်မှ ငါးရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် သုံးရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်ပါသည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် တစ်ပေမှ တစ်ပေခွဲခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့နှင့် မကွေးမြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်ပြီး အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များ၏ အောက် ကျဆင်းနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များ၏အောက် ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်အရ သိရသည်။

**(မြန်မာ့အလင်း)**

## အပူဒဏ်ကြောင့် ငါးသေဆုံးမှု နှိုးဆော်ချက်

နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများထောင်လျက်ကူးခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ကန်အတွင်းသို့ ရေသွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ လေမှုတ်ပေးခြင်း စသည့်နည်းလမ်းများကို ရေတွင်ပျော်ဝင် အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးရန်၊

ရေငွေ့ပျံခြင်းကြောင့် ကန်ထဲတွင်ရေလျော့နည်းကျဆင်းလာခြင်း၊ ကန်ထဲရှိ ငါးများ၏ စွန့်ပစ်အညစ်အကြေးများနှင့် စားကြွင်းစားကျန်များကြောင့် အမိုးနီးယားပါဝင်မှုနှုန်း မြင့်တက်လာစေနိုင်သဖြင့် ရေလျော့နည်းခြင်းကို ဂရုစိုက်ရမည်ဖြစ်ပြီး ရေလျော့နည်းခြင်းကြောင့် ကန်ထဲရှိငါးများတွင် ရောဂါကျရောက်တတ်ပါသဖြင့် ဩဇာခတ်ထည့်သွင်းခြင်းနှင့် ငါးထည့်သွင်းမွေးမြူနှုန်းကိုလည်း လျှော့ချထားရန်၊

ငါးမွေးမြူရေးကန်များ အပူချိန်ကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များဖြည့်သွင်းပေးရန်၊

ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်၊

အပူချိန်ပြင်းပြသည့် အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများ ကန်ပြောင်းရွှေ့ခြင်း မပြုလုပ်ရန်၊

ကန်ရေအရောင်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန်၊ (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိမည် ဖြစ်ပါသည်။)

ကန်ရေမြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေမည့် ကဇော်ဖတ်၊ ဝါစေ့ဖတ်များ ကျွေးခြင်းကိုရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ကျွေးမွေးရန်၊

အစာကျွေးပြီးပါက အစာကျန်များရှိ /မရှိ ပုံမှန်စစ်ဆေးရန်၊

မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်ရန်အတွက် ရေသိုလှောင်သည့် အရံကန်များ ထားရှိရန်၊

ရေလုံလောက်မှုမရှိပါက ငါးကန်များကို ငါးများပေါင်းထည့်ပြီးရေများဖြည့်တင်းပေးရန်နှင့် အခြားကန်များကို အခြောက်ခံခြင်းများ ပြုလုပ်သွားရန်၊

ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှု အခြေအနေများကို နေ့စဉ်နံနက်ပိုင်း (၆ နာရီ) တွင် ပုံမှန်စစ်ဆေးရန်၊

ငါးမွေးကန်၌ အပူဒဏ်ကြောင့် ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိပါက အနီးဆုံး ငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်၊

**ငါးလုပ်ငန်းဦးစီးဌာန**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

### ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်အေးကျင် (မန္တလေးမြို့)

**အသက်(၉၈)နှစ်**

ဦးသိန်းမြင့် (ဒု-ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး၊ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း)-ဒေါ်မိုးစန္ဒာထွန်းတို့၏မိခင်ကြီး ဒေါ်အေးကျင်သည် ၂၁-၃-၂၀၁၅ရက် (စနေနေ့) နံနက် ၂း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့်အသင်းဝင်များမှ ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း**

### ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်အေးကျင် (မန္တလေးမြို့)

**အသက်(၉၈)နှစ်**

ဦးသိန်းမြင့် (ဒု-ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး၊ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း)-ဒေါ်မိုးစန္ဒာထွန်းတို့၏မိခင်ကြီး ဒေါ်အေးကျင်သည် ၂၁-၃-၂၀၁၅ရက်(စနေနေ့)နံနက် ၂း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးတင်စိန်-ဒေါ်နီနီ**
**ထိပ်တန်းပုံနှိပ်စက်ရုံ**
**မန္တလေးမြို့**

### ဝမ်းနည်းကြေကွဲခြင်း

## ဦးခိုင်ဦး (လ/ထမြို့နယ်ပညာရေးမှူး၊ လက်ပံတန်းမြို့)

ညီရင်းအစ်ကို မောင်ရင်းနှမပမာ လေးနှစ်တာမျှ ခင်မင်ရင်းနှီးစွာဖြင့် အမိပညာရေးတက္ကသိုလ်ကြီးတွင် အတူတကွ ပညာသင်ကြားခဲ့သော ကိုခိုင်ဦး (လ/ထမြို့နယ် ပညာရေးမှူး၊ လက်ပံတန်း)သည် ၁၉-၃-၂၀၁၅ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**B.Ed (1st Batch)**
**(2001-2005)**
**သူငယ်ချင်းများ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်သန်းစိန် (ပြွန်တန်ဆာ)

**အလယ်တန်းပြ(ငြိမ်း)**

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၇/၄/၆၁၃)၊ ဗညားဒလလမ်းနေ (ဦးစိန်မြ-ဒေါ်ပု)တို့၏သမီးထွေး၊ (ဗိုလ်"သူရ" သန်းဇော်-တေဇ ၁၃)၊ ဒေါက်တာဇော်လင်းအောင်(တိမ္မေးကု)-ဒေါ်လင်းလင်းမြတ်၊ ဒုဗိုလ်မှူးကြီးကျော်သက်နိုင်-ဒေါ်ကြည်ဖြူဝင်းတို့၏မိခင်၊ မောင်ဟိန်းထက်နိုင်၊ မဆုပြည့်စုံ၊ မကြည်လင်းစံ၊ မောင်အောင်ပြည့်စုံတို့၏ဘွားဘွားကြီး၊ ဗိုလ်ကြီးမြတ်အောင်(ငြိမ်း)၏ ချစ်လှစွာသောဇနီးသည် ၂၂-၃-၂၀၁၅ရက် မွန်းလွဲ ၁၂း၅၀နာရီတွင် မြောက်ဥက္ကလာပမြို့နယ် မေဓာဝီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၅ရက် ညနေ ၄နာရီတွင် ရေဝေးအေးအေး တိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၈-၃-၂၀၁၅ရက် နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင်မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

## သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်း မပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူး မျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသော နေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

## ဒေါ်သန်းနှစ် (ကဒပွန)

**အသက်(၈၇)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ တိုက် ၃၂၉၊ အခန်း ၇နေ (ဦးဘသောင်-ဒေါ်စောညွန့်)တို့၏ သမီးကြီး၊ (ဦးဖေထွန်းမောင် - ဒေါ်သန်း)တို့၏ သမီးချွေးမ၊ (ဦးတင်ရီ)၏ဇနီး၊ ဒေါ်နွဲ့နွဲ့ရီ(ကြီးကြပ်ရေးမှူး၊CHDBဘဏ်၊ ဗဟိုဘဏ်၊ အငြိမ်းစား)၏ ချစ်လှစွာသောမိခင်သည် ၂၁-၃-၂၀၁၅ရက် ည ၇း၃၀နာရီတွင် သျှင်ပါကူဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၁၅ ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးမြတ်ဆွေ

**အင်ဂျင်နီယာမှူးကြီး(ငြိမ်း)**
**အမှတ်(၂)သတ္တုတွင်းဝန်ကြီးဌာန**
**(E.E)FUTURE ENGINEERING GROUP**

**အသက်(၆၈)နှစ်**

ကသာမြို့နေ (ဦးထွန်းမောင်-ဒေါ်တင်အေး)တို့၏သား၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ ဦးနီ-ဒေါ်အုန်းရီတို့၏သားသမက်၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ သုခလမ်း၊ ၅၁လမ်းသွယ်၊ အမှတ် ၄၃-B2 နေ ဒေါ်တင်လှိုင်၏ခင်ပွန်း၊ ကိုသီဟဆွေ၊ ကိုကျော်လင်း - မဖြူဖြူသက်တို့၏ဖခင်၊ မောင်ခန့်ကျော်ရှိန်း၊ မောင်ငြိမ်းချမ်းသွေးတို့၏အဘိုးသည် ၂၂-၃-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၄း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၅ရက်(အင်္ဂါနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးကြည်မြင့်

**အသက်(၆၄)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အမှတ် ၆၊ ငါးလွှာ(ဘီ)၊ ပုညဝမ္မလမ်းနေ(ဦးထွန်းစိန်-ဒေါ်ညွန့်ရီ)တို့၏သား၊ ဒေါ်စန်းအေး၏ခင်ပွန်း၊ ဒေါ်ဝင်းကြည်၏အစ်ကို၊ မောင်သက်မြင့်ဦး-မမူမူသင်း၊ ကိုဝင်းမြင့်ကို-မအေးအေးခိုင်၊ မဂျူးဂျူးစံတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂၁-၃-၂၀၁၅ရက် (စနေနေ့)ည ၈း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၃-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၇-၃-၂၀၁၅ရက်(သောကြာနေ့)နံနက်၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးသိန်းထွန်းဇော်(ခ) ဦးနုတ်ခမ်းမွေး

**(Hotel Shwe Gone Daing)**
**M&E Manager**

**အသက်(၄၅)နှစ်**

မုဒုံမြို့နေ (ဦးမောင်မောင်သိန်း)-ဒေါ်မြကျင်တို့၏သား၊ (ဦးစံမြင့်)၊ ကိုအောင်-မဝါတို့၏ညီ/မောင်၊ကိုဝင်းနိုင်-မခင်သီတာအေး၊ ကိုဝင်းလှိုင်-မခင်မိုးအေးတို့၏အစ်ကို၊ မအေးအေးသိမ့်(ခ)မမီးမီး၊ မောင်မင်းဇော်၊ မောင်ပိုင်စိုး၊ မောင်ကျော်မင်းထွန်း၊ မောင်ဟိန်းမင်းမြတ်တို့၏ဦးလေး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ၅/တောင်ရပ်ကွက်၊ စခန်းလမ်း၊ အမှတ် ၂၀၉နေ ဦးလှိုင်ဝင်း-ဒေါ်ခင်စန်းမြင့်တို့၏သားသမက်၊ မကလျာ၊ ကိုမျိုးမြင့်အောင်-မလဲ့ဝါကျော်၊ မရွှေယမင်းထက်တို့၏အစ်ကို၊ ဒေါ်မီမီကျော်၏ ခင်ပွန်းသည် ၂၁-၃-၂၀၁၅ရက် (စနေနေ့)နံနက် ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၃-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၇-၃-၂၀၁၅ရက် (သောကြာနေ့) နံနက် ၆နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ကျော်ငြာ

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးကိုကိုဝင်း

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ ပြည်တွင်းအခွန်များဦးစီးဌာန**
**မြို့မကျောင်းသားဟောင်း (Y.M.B.A)အသင်းဝင်**

**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မေခလာလမ်း၊ အမှတ်(၈၆၇/ခ)နေ (ဦးညဏ်-ဒေါ်စောခင်)တို့၏သား၊ (ဒေါ်ရီရီ)၏ခင်ပွန်း၊ (ဒေါ်တင်တင်ဝင်း)၊ ဒေါ်တင်ဝင်းရီ (အထပြ၊ ငြိမ်း၊ အထက-၅၊ တောင်ဥက္ကလာပမြို့နယ်)၊ ဦးကိုကိုကြီး-ဒေါ်နုနု(ပုလဲဝင်းကားပစ္စည်းဆိုင်၊ မန္တလေးမြို့)၊ [ဦးဇောတိက(ခ)ဦးကိုကိုလတ်]၊ (ဦးကိုကိုထွေး)-ဒေါ်သစ်သစ်ခင်၊ ဒေါ်အေးအေးသန့်(လဝကမှူး၊ ရန်ကုန်တိုင်းရုံး)တို့၏ဖခင်၊ မြေးငါးယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၂၂-၃-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၅ရက်(အင်္ဂါနေ့)နံနက် ၁၁နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၈-၃-၂၀၁၅ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးဝင်းချို

**(အေဝမ်း တာယာနှင့်ဘက်ထရီရောင်းဝယ်ရေး)**

**အသက်(၅၃)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ပယင်းလမ်း၊ အမှတ် ၂၊ လေးလွှာနေ (ဦးမောင်ညွန့်)-ဒေါ်စန်းမေ (အေဝမ်းတာယာ)တို့၏ သားကြီး၊ (ဦးတင်ဦး-ဒေါ်တင်အေး)တို့၏သားသမက်၊ ဦးအေးသိန်း-ဒေါ်သန်းသန်းလွင်တို့၏မောင်၊(ဦးမြင့်စိန်)-ဒေါ်လှလှဝင်း၊ ဦးရဲထွန်း-ဒေါ်ခိုင်ခိုင်ဝင်း၊ ဦးရဲကိုကို-ဒေါ်ချိုချိုမြင့်ဇော်တို့၏အစ်ကို၊ ဒေါ်ညွန့်ညွန့်ဝင်း၏ခင်ပွန်း၊ မအိဖြိုးဝေ (အာရှတော်ဝင်ဆေးရုံ)၊ မစုလှိုင်ချို၊ မစုစန္ဒီချိုတို့၏ဖခင်သည် ၂၂-၃-၂၀၁၅ရက် နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၃-၂၀၁၅ရက် ညနေ ၃နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (ငမောက်လမ်းနှင့်ပယင်းလမ်းထောင့်၊ ကျိုက္ကဆံရပ်ကွက်နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးမြအောင် (71th Batch)

**စီးပွားရေးတက္ကသိုလ်**
**ကျောင်းသားဟောင်း**

**အသက်(၇၈)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မြို့မရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ် ၃၁၈/၃၁၉နေ (ဦးသြ-ဒေါ်ငွေ)တို့၏သား၊ (ဒေါ်ရှုလွမ်)၏ခင်ပွန်း၊ မောင်အောင်မျိုးမင်း-မမြတ်အိမ့်မွန်တို့၏ ချစ်လှစွာသောဖခင်၊ မအေးချမ်းမွန်၏အဘိုးသည် ၂၂-၃-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက် ၁၁း၄၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၄-၃-၂၀၁၅ရက်(အင်္ဂါနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးစန်းဦး

**R/O (Radio Officer)**

**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ အမှတ် ၁၈၀(B)၊ တကောင်း ၄လမ်းရှည်နေ (ဦးခင်မောင်) - ဒေါ်စိန်မြတို့၏ သားကြီး၊ (ဦးလှသောင်း) - ဒေါ်သန်းကြည်တို့၏ သားသမက်၊ ဒေါ်တင်တင်ဝင်း(စာရင်းကိုင်၊ ငြိမ်း၊ စိုက်/မွေး)၏ ချစ်လှစွာသောခင်ပွန်း၊ မပပဆုအောင်(ခ)ပီပီ (Am,Alpha Group Ltd)၊ မဇင်မေဆန်းဦးတို့၏ဖခင်သည် ၂၂-၃-၂၀၁၅ရက်(တနင်္ဂနွေနေ့)ညနေ၃း၁၀နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၅ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(အထက်ပါနေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၈-၃-၂၀၁၅ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးနေလဝင်း

**စစ်တက္ကသိုလ်အမှတ်စဉ်(၄၆)**

**အသက်(၃၁)နှစ်**

သံဖြူဇရပ်မြို့နေ ဦးဂျင်မီဝင်း-(ဒေါ်တင်ရွှေ)တို့၏မြေး၊ ဦးအာသာဝင်း-ဒေါ်သန်းသန်းဝေတို့၏ သားကြီး၊ (ဦးကျော်ကျော်စိုး) - ဒေါက်တာ ဒေါ်ဟယ်လင်၊ ဦးဝင်းဖေ-ဒေါ်သွယ်သွယ်မြင့်၊ ဒေါ်နန်စီဝင်း၊ ဦးဝါတာဝင်း-ဒေါ်ယဉ်နု၊ဦးဒွေးဝင်း-ဒေါ်ဥမ္မာဝင်း၊ ဦးဝေမျိုးဟန် - ဒေါ်ကေသီဝင်းတို့၏ တူ၊ မယဉ်မာဝင်း၏မောင်၊ မောင်ပိုင်ထက်ဝေ၊ မောင်ညာဏ်ထက်အောင်တို့၏ အစ်ကို၊ ဒေါ်မြိုင်၏ခင်ပွန်းသည် ၂၀-၃-၂၀၁၅ရက်တွင် လောက်ကိုင်ဒေသ၌ တိုင်းပြည်တာဝန် ထမ်းဆောင်ရင်း ကျဆုံးသွားပါသဖြင့် ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးငွေစိုး(ခ)ကိုစိုး

**(မုဒွန်းကျေးရွာ၊ ဘီလူးကျွန်း)**

**အသက်(၆၁)နှစ်**

ချောင်းဆုံမြို့နယ်၊ မုဒွန်းကျေးရွာနေ ဦးစံခိုင်-(ဒေါ်နှင်းစိန်)တို့၏သားကြီး၊ (ဦးပုလိပ် - ဒေါ်ဖွားသင်)တို့၏ သားသမက်၊ (ဒေါ်ချောစိန်)၏ ခင်ပွန်း၊ ဦးသန်းမြင့်-ဒေါ်ရင်၊ (ဦးဘလွင်)-ဒေါ်အုန်းကြည်၊ ဦးသန်းမြင့်-ဒေါ်ခင်ရွှေ၊ ဦးခင်အောင်-ဒေါ်သန်းမြင့်၊ ဦးယဉ်ထွေး-ဒေါ်ဝါဝါနု၊ (ဦးကြည်လွင်)-ဒေါ်ရီတို့၏အစ်ကို၊ ဦးထွန်းထွန်းဝင်း-ဒေါ်ချောမြတ်စိုး၊ ဦးဇေယျာစိုး-ဒေါ်စန္ဒာဝင်းတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၂-၃-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၇း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၅ ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်မြင့်မြင့်သိန်း(ခ) ဒေါ်ထွေးနု (ဒိုက်ဦး)

**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၃)ရပ်ကွက်၊ သုခမြိုင်လမ်း၊ အမှတ် ၈၉၇နေ (ဦးထွန်းခင်-ဒေါ်စောမြ)၊(ဦးဆောင်းတင်-ဒေါ်မြသန်း)တို့၏ သမီးချွေးမ၊ ဦးခင်စိုး (WANHAI, Shipping Company)၏ဇနီး၊ မောင်ရဲမြတ်ကျော်(SUNRISE Shipping Management Company)-မနွယ်နီ၊ မောင်ဇော်ထက်အောင် - မမေသဲဦး (သားဖွားဆရာမ)၊ မောင်ထိုက်အောင် (Indeco art+interior)တို့၏ မိခင်၊ မြေး သုံးယောက်တို့၏ အဘွားသည် ၂၂-၃-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၈း၄၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ညိုတင် (မလှိုင်မြို့)

**အသက်(၅၂)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်၊ လယ်ကြီးအုပ်စု၊ ရွာတန်းရွာနေ (ဦးစိန့်) - ဒေါ်ကြီးတို့၏ သမီးကြီး၊ ဒေါ်ငယ်၏တူမ၊ ရန်ကုန်မြို့နေ ဦးဝင်းမြင့်-ဒေါ်ဝင်းမြင့်တို့၏အစ်မ၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ အနုပညာအထက်တန်းကျောင်းဝင်း၊အမှတ် ၁၃၁ နေ ဦးအောင်မင်း၏ဇနီး၊ မောင်သိုက်အောင်၏မိခင်သည် ၂၁-၃-၂၀၁၅ရက် (စနေနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃-၃-၂၀၁၅ရက် ညနေ ၅နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံဖြင့် သက်စွန့်ကြိုးပမ်းထမ်းရွက်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား တွေ့ဆုံအားပေး



**နေပြည်တော်  မတ်  ၂၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးထွဋ်တို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်တပ်နယ် တပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသည့် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံဖြင့် သက်စွန့်ကြိုးပမ်းထမ်းရွက်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား ရင်းနှီးနွေးထွေးစွာတွေ့ဆုံ၍ ဂုဏ်ပြုအားပေးစကားပြောကြားသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက်ကုသမှုခံယူနေသော အရာရှိ၊ စစ်သည်များအား တစ်ဦးချင်း ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ထိခိုက်ဒဏ်ရာရရှိမှုနှင့် ဆေးကုသမှုအခြေအနေ အသေးစိတ်ကိုမေးမြန်းကာ ဆေးကုသမှုဆိုင်ရာလိုအပ်ချက်များ၊ စစ်သည်တစ်ဦးချင်း၏တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ထောက်ပံ့ငွေ၊ ပစ္စည်းနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

ထို့နောက် ဆေးရုံတွင်ရောက်ရှိနေသော ထိခိုက်ဒဏ်ရာရ အရာရှိ၊ စစ်သည်များ၏ မိသားစုများကိုပါတွေ့ဆုံ၍ နှစ်သိမ့်အားပေးစကားပြောကြားပြီး လိုအပ်သော အုပ်ချုပ်မှုကိစ္စရပ်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အထူးကြပ်မတ်ကုသဆောင်၌ ဆေးကုသမှုခံယူနေသော မတ် ၁၂ ရက်နှင့် ၁၃ ရက်တွင် အောင်မြင်စွာဖြင့် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုခံယူခဲ့သည့် လူနာနှစ်ဦးအား တွေ့ဆုံ၍ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(ဝဲပုံ) (မြဝတီ)**

## တပ်မတော်နေ့အကြို ဂုဏ်ပြုဆောင်းပါး နှင့်ကဗျာ

**တိုင်းပြည်နှင့် လူမျိုးအကျိုး ထာဝစဉ် သယ်ပိုး ဆောင်ရွက်နေသော ပြည်ထောင်စု တပ်မတော်**

ဆောင်းပါး ➤ စာမျက်နှာ-၆

**တပ်မတော်သည် ပြည်သူ့အတွက်**

ကဗျာ ➤ စာမျက်နှာ-၇

## နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် Solar Impulse-2 ကမ္ဘာပတ်ခရီးစဉ် ဆက်လက်ပျံသန်းရန်ပြင်ဆင်နေ

**မန္တလေး  မတ်  ၂၂**

နေရောင်ခြည် စွမ်းအင်သုံး လေယာဉ် Solar Impulse- 2 သည် ကမ္ဘာတစ်ပတ်ခရီးစဉ်အား မတ် ၂၇ ရက်တွင် ဆက်လက်ပျံသန်းရန်စီစဉ်ဆောင်ရွက်နေကြောင်း Solar Impulse Team အဖွဲ့ဝင်တစ်ဦးထံမှ သိရသည်။

နေရောင်ခြည် စွမ်းအင်သုံး လေယာဉ် Solar Impulse- 2 သည် ကမ္ဘာတစ်ပတ် ခရီးစဉ်ပျံသန်းခဲ့ရာ မတ် ၁၉ ရက် ညပိုင်းတွင် မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ အောင်မြင်စွာ ဆင်းသက်ရပ်နားခဲ့သည်။

မတ် ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ကျောင်းသားကျောင်းသူများနှင့် အများပြည်သူအား လေ့လာကြည့်ရှုခွင့်ပြု၍ နေရောင်ခြည်စွမ်းအင်အသုံးပြုမှုဆိုင်ရာ သတင်းအချက်အလက်များ ဟောပြောခဲ့ပြီး မတ် ၂၇ ရက်တွင် ကမ္ဘာတစ်ပတ်ခရီးစဉ်အဖြစ် တရုတ်နိုင်ငံသို့ ဆက်လက်ပျံသန်းရန် ပြင်ဆင်နေကြကြောင်း သိရသည်။

ကမ္ဘာပတ်ခရီးစဉ်အဖြစ် မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာစဉ် မန္တလေးတောင်နှင့် စစ်ကိုင်းတောင်တို့အပေါ်မှ သရုပ်ပြ ပျံသန်းမှုပြုလုပ်မည်ဖြစ်ကြောင်းလည်း သိရသည်။ **မောင်ဇော်(ကလေး)**






မြန်မာယူ-၂၂ အသင်းနှင့် မလေးရှား ယူ-၂၂ အသင်းတို့ယှဉ်ပြိုင်နေစဉ်။

## မြန်မာနှင့်မလေးရှားတို့ တစ်ဂိုးစီသရေကျ

သတင်း-ညီမြတ်သော်တာ ➤ ဓာတ်ပုံ-ဖိုးသော်ဇင်

**နေပြည်တော်  မတ်  ၂၂**

အာရှယူ-၂၃ ခြေစစ်ပွဲဝင်မည့် မြန်မာယူ-၂၂ အသင်းနှင့် မလေးရှားယူ-၂၂ အသင်းတို့၏ ခြေစမ်းပွဲကို ယနေ့ ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကျင်းပရာ တစ်ဂိုးစီ သရေကျသွားသည်။

| | | | |
|---|---|---|---|
| မြန်မာ ယူ-၂၂ | - | တစ်ဂိုး | (နေလင်းထွန်း) |
| မလေးရှားယူ-၂၂ | - | တစ်ဂိုး | (ရှာဟာရူဒီလ်) |

စာမျက်နှာ ၁၄ ကော်လံ ၄

## ထူးခြားသည့် နေ့အပူချိန်များ ၂၂-၃-၂၀၁၅

| | | |
|---|---|---|
| ညောင်ဦးမြို့ | ၄၂ | ဒီဂရီစင်တီဂရိတ် |
| အောင်လံမြို့ | ၄၂ | ဒီဂရီစင်တီဂရိတ် |
| ဘော်လခဲမြို့ | ၄၂ | ဒီဂရီစင်တီဂရိတ် |
| မင်းဘူးမြို့ | ၄၁ | ဒီဂရီစင်တီဂရိတ် |
| ကြို့ပင်ကောက်မြို့ | ၄၁ | ဒီဂရီစင်တီဂရိတ် |

**CLAIMS DAY NOTICE**
**M.V POSITIVE PASSION VOY:NO(64)**

Consignees of cargo carried by M.V POSITIVE PASSION VOY: NO. (64) are here by notified that the vessel will arrive on about 24-3-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊

ကိုယ်စားလှယ်လုပ်ငန်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

နေပြည်တော်-စာတည်းမှူး ဝ၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ဝ၆၇-၃၆၁၄၅၊ ဖက်စ် ဝ၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

မြန်မာ့အလင်း

R/488 ဖြင့် မြန်မာ့အလင်းသတင်းစာတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသည်။

